# မွေးဖွားခြင်း၏ နာကျဉ်မှုများ

## ရမဒါအင်း အတွင်းရှိ ဖုန်းနက်စ်၊ အရီဇိုးနား၊

## ၆၅ - ၀၁၂၄

1 ၁။ ကျွန်တော်တို့ခေါင်းငုံ့ပြီး ဆုတောင်းကြပါစို့။ အိုကောင်းကင်ဘုံရှင်အဖ၊ ကျွန်တော်တို့ ဒီနေ့အတွက်အထူး ကျေးဇူးတော်ချီးမွမ်းပါတယ်။ ကိုယ်တော်ရှင် ဝိညာဉ် တော် သွန်းလောင်းတော်မူပြီးကိုယ်တော်ရှင် ကျွန်တော်တို့အလယ်မှာ ရှိနေတဲ့အတွက် ဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဒါကိုမျှော်လင့်လျှက်ရှိပါတယ်။ ဒီနေ့လည်မှာ ကျွန်တော် တို့ ဘဝကြီးမားပြည့်လျှံလျှက် သွန်းလောင်းဘို့အတွက်ဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအံ့သြဘွယ် သီချင်းအတွက် ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ဒီသီချင်းကို ကိုယ်တော် ရှင် ဆိုသွားတဲ့ ခရစ်ယာန်အမျိုးသမီးအတွက်လည်း ကျေးဇူးတော်ကိုချီးမွမ်းပါတယ်။ ကိုယ်တော်ရှင်ရဲ့ဝိညာဉ်တော် အနက်ဖွင့်ဆိုပါတယ်။ ကိုယ်တော်ရှင် ကျွန်တော်တို့ဆု တောင်းပါတယ်။ ဘုရားသခင် ကျွန်တော်တို့ ဆုတောင်းပါတယ်။ ကျွန်တော်တို့ တစ်ယောက်စီကိုကိုယ်တော်ရှင် ကောင်းချီးပေးတော်မူပါ။ ကျွန်တော်တို့ရဲ့စိတ်နှလုံးတွေ ဝမ်းမြောက်ခြင်းတွေနဲ့ပြည့်လျှံပြီးတော့ ရှိနိုင်ဘို့ ဒီနေရာကို ရောက်ရှိလာတဲ့အခါမှာ ဖြစ်ပေါ်စေနိုင်ဘို့ဆုတောင်းပါတယ်။

ဘုရားသခင် ကျွန်တော်တို့ ဒီနေ့ နေ့လည်မှာဆုတောင်းမဲ့အရာကတော့ ကိုယ် တော်ရှင်ကို တွေ့ဆုံဘို့ရန်အတွက် အဆင်သင့်မဖြစ်သေးတဲ့လူတွေဒီအချိန်မှာ နောက် ဆုံး ဆုံးဖြတ်ချက်ချပြီးတော့ ကိုယ်တော်ရှင်ထံကို ရောက်လာဘို့အတွက်ဘဲဖြစ်ပါတယ်။ ဒုတိယတစ်ဖန် မွေးဖွားခြင်း အသစ်တစ်ဖန် မွေးဖွားခြင်းအားဖြင့်ဘဲ ဖြစ်ပါတယ်။ချပေး သနားတော်မူပါ။

ကျွန်တော်တို့အားလုံးကို ကောင်းချီးပေးတော်မူပါကိုယ်တော်၊ကျွန်တော်တို့ဟာ လမ်းမပေါ်မှာ အချိန်ကြာမြင့်စွာ ရှိနေပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ဆုတောင်းတဲ့အရာ ကတော့ ကိုယ်တော်ရှင် ကျွန်တော်တို့ကို ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်နဲ့ပတ်သက် တဲ့ အသစ်သောအရာတွေနဲ့ သွန်သင်ပေးဘို့ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ဝိညာဉ် တော်အားဖြင့်ကျွန်တော်တို့ကို ပိုမိုနားလည်နိုင်ဘို့ မစတော်မူပါ။ သူ ကိုယ်တော်ရှင် ကြွလာတော်မူပြီးနှုတ်ကပတ်တော်ကို အနက်ဖွင့်ဆိုတော်မူပါ။ အနက်ဖွင့်ဆိုတဲ့တစ်ဦး တည်းသော ကိုယ်တော်ကတော့သန့်ရှင်းသောဝိညာဉ်တော်ဘဲ ဖြစ်ပါတယ်။ ယနေ့ ကျွန်ုပ်တို့ကို ချပေးပါမည့်အကြောင်း ကိုယ်တော်ရှင်ကိုကျွန်တော်တို့ ဆုတောင်းပါတယ်။ ယေရှုနာမ၌ ကျွန်တော်တို့ ဆုတောင်းပါတယ်။ အာမင်။ ညီမတစ်ဦးကပရောဖက်ပြုရန် စတင်ပါတယ်။ အယ်ဒီတာမှတ်ချက်။

2 ၂။ ညီကိုတစ်ဦးကလည်းအခြားတစ်ဦးကို စကားပြောလိုက်ပါတယ်။ အင်မတန် ကောင်းမြတ်တဲ့အချိန် ဖြစ်ပါတယ်။ ကောင်းကင်ကလွဲရင်တစ်ခြားဒီထက် ကောင်းတဲ့နေ ရာ ကျွန်တော်တို့ မတွေ့တော့ပါဘူး။ ကျွန်တော်တို့ ဘိသိတ်ပေးခြင်းခံရတာကို ခံစားနေရပါတယ်။ ယေရှုခရစ်၌ ကျွန်တော်တို့အားလုံး ကောင်းကင်ဆိုင်ရာနေရာတွေမှာထိုင်နေ ကြရပါတယ်။ သူ့ရဲ့ ကောင်းကင်ဆိုင်ရာနေရာတွေမှာ စုဝေးခွင့် ရပါတယ်။

စစ္စတာဖလောရင့်စ်ကို ဘုရားသခင် ကောင်းချီးပေးပါစေ။သူမက ဝမ်းနည်း ဘွယ်ရာ သေမင်းအရိပ်လွှမ်းမိုးတဲ့ချိုင့်ထဲကို သွားရပါတယ်။ သူမဖခင်လည်းခေါ်တော် မူခြင်း ခံရပါတယ်။ ကျွန်တော် ဆုတောင်းပေးတဲ့အရာကတော့ သူမကို ဘုရားသခင် ကောင်းချီးပေးဘို့အတွက်ဘဲဖြစ်ပါတယ်။

ဘရာသာဒီးမော့စ်ကတော့ အင်မတန် အလုပ်များနေပါတယ်။အင်မတန်ဖုံ တွေနဲ့ ပြည့်နေပါတယ်။ အသင်းချုပ်တွေ စသည်ဖြင့် တာဝန်တွေ များနေပါတယ်။ ကျွန်တော်တို့ဆုတောင်းပေးဘို့ လိုပါတယ်။ ဘုရားသခင် ဘရာသာရှကာရီးယန်းကို လည်း ကောင်းချီးပေးပါစေ။

ကားလ်ဝေလျှံမ် ကျွန်တော် တစ်ကယ်ဘဲ ခင်ဗျားကိုဒီစည်းဝေးပွဲမှာတွေ့ရလို့ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ ဒီညီကိုတွေ အားလုံးအလယ်မှာတွေ့ရလို့ ဝမ်းသာပါ တယ်။ ကျွန်တော် ဆုံတွေ့ဘို့အတွက် ကျွန်တော် အခွင့်အရေးရပါတယ်။ အခုအခါမှာတော့ ဝတ်ပြုစည်းဝေးအဆုံးသတ်ရတော့မဲ့အပိုင်း ဖြစ်ပါတယ်။ ကျွန်တော် သိရသ လောက်ဆိုရင်ဒီမှာရှိတဲ့လူ အတော်များများနဲ့ လက်ဆွဲနုတ်ဆက်နိုင်အခွင့်ရလို့ ကျွန် တော် ဝမ်းသာပါတယ်။သူတို့ကိုလည်း ဆုံတွေ့ခွင့်ရလို့ ဝမ်းသာပါတယ်။ ထာဝရနေရာကို ကျွန်တော်တို့ ဆုံတွေ့ဘို့အတွက်မျှော်လင့်ပါတယ်။ ပိုပြီးကောင်းမွန်တဲ့ နေရာမှာဘဲ ဖြစ်ပါတယ်။

3 ၃။ ကျွန်တော့်ကိုနားလည်မှုမလွဲဘို့ ကျွန်တော် မျှော်လင့်ပါတယ်။ နောက်ပြီးတော့ ကျွန်တော် မစဉ်းစားမိပါဘူး။မနေ့ကဆိုရင် ကျွန်တော့်ကို မိတ်ဆွေတစ်ယောက်က လက်ဆောင်ပေးပါတယ်။ ဘရာသာ ဟင်နရီက လက်ဆောင်ပေးပါတယ်။တစ်နေ့သော အခါမှာ ခရစ်ယာန်လုပ်ငန်းရှင်တွေစည်းဝေးပွဲ ကယ်လီဖိုးနီးယားမှာ ပြုလုပ်ပါတယ်။ကျွန်တော် စည်းဝေးပွဲမှာ ပြုလုပ်ပါတယ်။ အဲဒီမှာရှိတဲ့အခြေအနေကို ကျွန်တော်က အပြင်းအထန်ဘဲပြောဆိုခဲ့မိပါတယ်။

ကျွန်တော် မျှော်လင့်တဲ့အရာကတော့ လူတိုင်းအဲဒါကိုနားလည်မယ်လို့ဘဲ မျှော်လင့်ပါတယ်။ ကျွန်တော့် စိတ်ထဲမှာ မကောင်းတာ မရှိပါဘူး။အဲဒီလို မလုပ်ပါဘူး။ ခင်ဗျားတို့ တစ်ကယ်ဘဲ နားလည်မှာပါ။ ဒါပေမဲ့လည်း ကျွန်တော့်အထဲမှာဖြစ်ပေါ်လာ တဲ့အရာကိုဘဲ ကျွန်တော်ပြောဘို့ဘj၂ဖစ်ပါတယ်။

အဲဒါပြီးတာနဲ့ ဒီနှစ်ခြင်းက ညီကိုတစ်ယောက်ဘဲဖြစ်ပါတယ်။ သူက ရုပ်ရှင် သရုပ်ဆောင် တစ်ယောက်နဲ့ အမျိုးတော်ပါတယ်။ သူဆင်းလာပါတယ်။ သူ့ရဲ့လက်နဲ့ကျွန်တော့်ရဲ့ပခုံးကို ဖက်လိုက်ပါတယ်။ ဘုရားသခင် ကောင်းချီးပေးပါစေ ဘရာသာဗရမ် ဟမ်၊ကျွန်တော် ဆုတောင်းပေးချင်ပါတယ်။ သူပြင်သစ်စကားနဲ့ ပြောပါတယ်။ တစ်ကယ့် တစ်ကယ်တော့ သူပြင်သစ်စကားနဲ့ဖြစ်ပါတယ်။

တစ်စုံတစ်ယောက်သောသူက ထလိုက်ပါတယ်။ ပထမ ကိုယ်ခန္ဓာကြီးမားတဲ့အမျိုးသမီးကြီးဘဲ ဖြစ်ပါတယ်။ သူက လူဝီစီယားနားမှ ဖြစ်ပါတယ်။ သူမက ဘာပြောလဲ ဆိုတော့အဲဒါ ပြင်သစ်စကားဘဲ ဖြစ်ပါတယ်။ အဲဒီမှာ လူတစ်ယောက် ရှိနေပါတယ်။ သူကတော့ ပြင်သစ်ဘဲဖြစ်ပါတယ်။

အဲဒါဘာလဲဆိုတာ သူတို့ ရေးထုတ်လိုက်ပါတယ်။ကျွန်တော့်မှာ မူရင်းမိတ္တူရှိပါ တယ်။ လူငယ်တစ်ယောက် အနောက်ကနေ လျှောက်ထွက်လာပါတယ်။နောက်ပြီးရှေ့ကို တက်လာပါတယ်။ သူတို့ရဲ့ မှတ်စုတွေကို သူတို့ကြည့်ချင်ပါတယ်။ သူကတော့ကုလသမဂ္ဂကနေလာတဲ့ ပြင်သစ်စကားပြန်ဘဲ ဖြစ်ပါတယ်။ တစ်ကယ် အတိအကျဘဲ ဖြစ်ပါ တယ်။ ပြင်သစ်စကားဖြစ်ပါတယ်။

4 ၄။ ကျွန်တော်ညီအစ်မတစ်စုကို ပြောချင်ပါတယ်။ အဲဒါကတော့ အမြဲမှတ်စုဘဲ ဖြစ်ပါတယ်။ ဒါကတော့ တစ်ခုကတော့သူတို့ဆီကဘဲ လာခြင်း ဖြစ်ပါတယ်။ ဘာသာပြန် ပြီးသား ဖြစ်ပါတယ်။ သူ့ရဲ့နံမယ်ကို ကျွန်တော်မပြောလိုပါဘူး။ သူ့ရဲ့နံမယ်က ခက်ပါ တယ်။ ဗစ်တာလီဒေါ့ ဖြစ်ပါတယ်။ သူဟာ ပြင်သစ်လူမျိုးစစ်စစ်ဘဲဖြစ်ပါတယ်။ အခု သူရေးထားတဲ့ သတင်းစကားကို သိရမှာ ဖြစ်ပါတယ်။ သင်ပြေးမဲ့လမ်းကို သင်ရွေးနိုင်တယ်။ ခက်ခဲတဲ့လမ်းကို သင်ရွေးချယ်တဲ့လမ်းကို သင်လျှောက်ရမှာ ဖြစ်ပါတယ်။ မှန်ကန် ပြီးတော့ပြတ်သားတဲ့ ဆုံးဖြတ်ချက်ကို ချခဲ့ပါတယ်။ အဲဒါ ကျွန်တော့်ရဲ့လမ်းဘဲ ဖြစ်ပါ တယ်။ ဒီဆုံးဖြတ်ချက်ကြောင့်အင်မတန်ကြီးမားတဲ့ ကောင်းကင်ကနေ ကဏ္ဍက ကျွန် တော့်ကို တစ်စိတ်တစ်ပိုင်း စောင့်နေပါတယ်။အင်မတန် ဘုန်းထင်ရှားစေတဲ့ ဆုံးဖြတ် ချက်ဘဲ ဖြစ်ပါတယ်။ ဒီထဲမှာ ဖေါ်ပြတဲ့အရာတွေက ဖြစ်တဲ့အရာတွေဘဲဖြစ်ပါတယ်။

ကိုယ်တော်ရှင်ကို ချစ်ခြင်းမေတ္တာနဲ့ အင်မတန်ကြီးမားတဲ့အောင်မြင်သောအရာဘဲ ဖြစ်ပါတယ်။

အခြားသောဘာသာစကား ပြောတာကို ကျွန်တော် ကြားတဲ့အခါမှာကျွန်တော် ဘာကိုမှ မဝေဖန်ပါဘူး။ ဒါပေမဲ့လည်း အဲဒါ အမှန်ဘဲဆိုတာ ကျွန်တော် သိပါတယ်။ကျွန်တော် အမြဲဘဲ အံ့ဘွယ်ရာကို တွေ့ရပါတယ်။ အဲဒါတွေ ဖြစ်လာတဲ့အခါမှာ အမှုတော်မြတ်ကိုသိလျှက်သူ့နောက်ကွယ်မှာ ဘာရှိသလဲဆိုတာကို ကျွန်တော် သိပါတယ်။

5 ၅။ ညီအစ်ကိုတစ်ဦးဒီမှာ ထိုင်နေပါတယ်။ သူက နံမယ်ကြီး ရှေ့နေတစ်ဦး ပါတယ်။ ဒယ်နီထံမှ ကျွန်တော့်ကို လက်ဆောင်ပေးပါတယ်။ အဲဒီလူက သန့်ရှင်းသောနေ ရာ၊ ဟိုးလီးလန်းန်ကို သွားပါတယ်။ နောက်ပြီးတော့ အဲဒီမှာ သခင်ခရစ်တော်လဲလျောင်း ခဲ့တဲ့နေရာမှာ အဲဒီ သချိုင်းဂူထဲမှာ လဲလျောင်းပါတယ်။သူအဲလိုလုပ်တဲ့အခါမှာ ကျွန် တော့်ကို စဉ်းစားနေပါတယ်။ ဘုရားသခင်ရဲ့ ဝိညာဉ်တော်က သူ့အပေါ်ကိုသက်ရောက် ပါတယ်။ သူက ကရာနီတောင်ပေါ်ကို တက်သွားပါတယ်။ အဲဒီမှာ လက်ဝါးကပ်တိုင်ရှိခဲ့တဲ့နေရာဖြစ်ပြီးတော့ ကျောက်ကို ထုတ်ယူလိုက်ပါတယ်။ သူပြန်လာပြီးတော့ အနက် ကြယ်သီးတစ်စုံကိုကျွန်တော့်ကို ပေးပါတယ်။ ကျွန်တော် တစ်ကယ်ဘဲ ဝမ်းမြောက်ဝမ်း သာ ဖြစ်မိပါတယ်။ ကျွန်တော်အရမ်းနှစ်သက်ပါတယ်။

အခုအခါမှာ ဒဲနီကတော့ အဲဒီ အကြောင်းကို သိတော့မှာမဟုတ်တော့ပါဘူး။ ဒီနေ့မနက် ကျွန်တော်တို့ ဆုတောင်း တဲ့အခါမှာ ကျွန်တော် အဲဒီ ကြယ်သီးလေးကိုရှာမိပါတယ်။ အဲဒီကြယ်သီးလေးတွေမှာ သွေးစွန်းနေပါတယ်။ နောက်ပြီးတော့ အဲဒီ ကြယ်သီးလေးမှာလည်းတစ်ခုစီမှာလည်း လမ်းကြောင်းလေး ရှိပါတယ်။ ဒီသတင်းစကားထဲမှာ ဘုရားသခင်ထံက လာတဲ့သတင်းရှိပါတယ်။ အင်မတန် ဖြောင့်ပြီးတော့ ကျဉ်းမြောင်းတဲ့လမ်းဘဲ ဖြစ်ပါတယ်။ အဲဒီအထဲမှာ ဘယ်လိုဝင်နေပါသလဲ၊ ဒါကြောင့် မဟုတ်ပါဘူး။ ကျွန်တော် စဉ်းစားမိတဲ့အရာကတော့ဒါအခြေအနေအရာဘဲ ဖြစ်ပါတယ်။ ကျွန်တော် ဒဲနီကို ကျေးဇူးတင်ပါတယ်။ သူ့ကို ပြောပြလိုက်ပါညီကိုကျွန်တော် အရမ်းသဘောကျပါတယ်။ နောက်ထူးဆန်းတဲ့အရာက တော့ ကျွန်တော့်ဇနီးသည်ကို အဲဒီမနက်မှာဘဲကျွန်တော် ရှမ်းအင်္ကျီဝတ်ပြီးတော့ လက်က ကြယ်သီးလေးကို ကျွန်တော် မေးတဲ့အခါမှာ ကျမရှင့်ကြယ်သီးလေးတွေကိုယူလာဘို့ မေ့သွားတယ်လို့ ပြောပါတယ်။ ဘုရားသခင်က ကျွန်တော့်ကို ပံ့ပိုးပေးခြင်းဘဲ ဖြစ်ပါတယ်။

6 ၆။ အဲဒါအင်မတန် ဘုန်းထင်ရှားစေတဲ့အသက်တာ ဖြစ်ပါတယ်။ မဟုတ်ပေဘူး လားညီကို၊ ပရိတ်သတ်ကလည်း အာမင်လို့ဆိုပါတယ်။ ဧဝံဂေလိတရားရဲ့ ရိုးသားမှုအ တိုင်း သူလျှောက်ရပါတယ်။ တစ်ကယ့်ကို ရိုးရိုးသားသားဘဲ ဖြစ်ပါတယ်။အဲဒါကတော့ ကျွန်တော်သိတဲ့ အကြီးမားဆုံးအရာဘဲ ဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ကျွန်တော်ဘာမှ မသိရပါဘူး။ အဲလိုဖြစ်တဲ့အတွက်ကြောင့်မို့ အဲဒါကို လုပ်ဘို့ရန်အတွက် ရိုးရိုးဘဲလုပ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်က အဲဒီအထဲကို ရောက်လာဘို့အတွက် အခွင့်အရေးရှိ ပါတယ်။ ဘုရားကျေးဇူးတော်အားဖြင့်ဘဲ ဖြစ်ပါတယ်။

7 ၇။ ဒီနေ့နေ့လည်မှာ ကျွန်တော် အချိန်သိပ်မယူချင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားတို့ ဒီည ဘုရားကျောင်းတွေကိုသွားရမှာဘဲ ဖြစ်ပါတယ်။ ကျွန်တော် စဉ်းစားမိ တဲ့အရာကတော့ ခင်ဗျားတို့ လာပြီးတော့ အားလုံးကြည့်သူတို့အားလုံးကလည်း ဝတ်ပြုစည်းဝေး ဒီနေ့ည လာတက်ဘို့ လာတက်တဲ့အတွက် သူတို့အားလုံး ဝမ်းသာမှာဖြစ်ပါတယ်။ ခင်ဗျားတို့အတွက် အကောင်းပြုလုပ်ပေးမှာ ဖြစ်ပါတယ်။ ဒီမနက် စန်းဒေးစ ကူးလ်သွားတဲ့အခါမှာ မြို့ထဲမှာ ခင်ဗျားတို့ သွားမယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒီညီလာခံတွေကိုကျွန်တော်တို့ လုပ်တဲ့အခါမှာ ဧဝံဂေလိ ဖိုးလ်ဂေါ်စပယ်လ် ဧဝံဂေလိ လုပ်ငန်းရှင်တွေ အဖွဲ့လည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပံ့ပိုးမှုတွေအားလုံးကို ကျွန်တော် တို့ အသင်းတော်တွေကိုပံ့ပိုးနိုင်ပါတယ်။ ကျွန်တော်တို့ လုပ်ငန်းရှင်တွေ သွားတဲ့နေရာမှာ ရောက်တဲ့နေရာတိုင်းမှာပံ့ပိုးပေးနိုင်ပါတယ်။ ဒါ ဘုရားသခင် အိမ်တော် ဖြစ်ပါတယ်။ ဒီနေ့ည ခင်ဗျားတို့ တစ်ခြားဘုရားကျောင်းတွေကိုလည်းသွားမယ်လို့ ကျွန်တော်ထင်ပါ တယ်။ ၂၀။ မနက်ဖန်ညတော့ စည်းဝေးကြီး အဆုံးသတ်မဲ့ညဘဲ ဖြစ်ပါတယ်။ကျွန်တော် ယုံကြည်တဲ့အရာကတော့ သူတို့က တရားဟောမဲ့ပုံကို ကြေငြာပြီးသား ဖြစ်ပါတယ်။ ကျွန်တော်အဲဒီကို သွားရမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် အလိုတော်နဲ့ညီရင် ကျွန်တော် သူ့သတင်းစကားကိုကြားရမှာ ဖြစ်ပါတယ်။ ဘုရားသခင် ကောင်းချီးပေးပါစေ။ ခင်ဗျား တို့အားလုံးကို ကောင်းချီးပေးပါစေ။

8 ၈။ ယခုအခါမှာ ကျွန်တော့်ကိုယ်ကျွန်တော် တရားဟောဆရာလို့မပြောပါဘူး။ ကျွန်တော့်ကိုယ်ကျွန်တော် တရားဟောဆရာလို့

ပြောရလောက်အောင်လည်း ပညာမ တတ်ပါဘူး။တရားဟောဆရာဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ဟာ ကောလိပ်ကျောင်းကနေ ဒီဂရီ(၂)ခုရထားမယ်လို့ ထင်ပါတယ်။အဲဒါတွေ ကျွန်တော် ဘာမှ မရှိပါဘူး။ ကျွန်တော့် မှာ ဒီလေးဂွလေးဘဲ ရှိပါတယ်။ ကျွန်တော်ဟာကျွန်တော်ရဲ့ဖခင်ရဲ့ မြက်ခင်းကနေပြီး တော့ လာတာဘဲဖြစ်ပါတယ်။ ကျွန်တော်ဟာ ဖျားနာနေတဲ့သူလူဆိုးတွေကို ကျွန်တော်ဟာ ဘုရားသခင်ရဲ့မြက်ခင်းထဲကို ပြန်လည် ခေါ်ဆောင်လာတာဘဲ ဖြစ်ပါတယ်။

ကျွန်တော် အမှားလုပ်မိမယ်ဆိုရင် ကျွန်တော့်ကိုခွင့်လွတ်ပါ။ ကျွန်တော်က သီအိုလော်ဂျီ ပညာရှင်လည်း မဟုတ်ပါဘူး။ ကျွန်တော် သီအိုလော်ဂျီပညာရှင်ကိုလည်း မဝေဖန်ပါဘူး။ သီအိုလော်ဂျီက ကောင်းပါတယ်။ ကျွန်တော်တို့ လိုအပ်တဲ့ အရာကိုလည်းပေးပါတယ်။ ဒါပေမဲ့လည်း တစ်ခါတရံမှာ အခြေအနေကို ကျွန်တော် ဝေဖန်တာဘဲ ဖြစ်ပါတယ်။ ကျွန်တော်အဲလို ဝေဖန်ရတာကလည်း အကြောင်းရှိပါတယ်။ ဘယ်သူဘယ်ဝါကို ကျွန်တော် ဆိုလိုခြင်း မဟုတ်ပါဘူး။ဒါပေမဲ့ သူဟောပြောတဲ့ သတင်း စကား တရားဟောချက်နဲ့ ပတ်သက်လို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တရားဟောရမှာ မဟုတ်ပါဘူး။ ကျွန်တော် တရားဟောရမှာ အရမ်းကြောက်ပါတယ်။ ခင်ဗျားတို့ သားသမီးတွေအတွက် ခင်ဗျားတို့ ဘယ်လိုနေကြသလဲဆိုတာ ခင်ဗျားတို့ သိမှာပါ။ ခင်ဗျား တို့မှာတစ်ဦးတစ်ယောက်ကိုယူပြီးတော့ ရိုက်နှက် ဒါမှမဟုတ် တစ်ခုခု လုပ်မယ်ဆိုရင် ခင်ဗျားတို့လုပ်ချင်ကြတယ် မဟုတ်လား ¿ ကျွန်တော်ကလည်း မိဘတစ်ဦးဖြစ်တဲ့အတွက် အဲဒါဘာအဓိပ္ပါယ်လဲဆိုတာ ကျွန်တော် သိပါတယ်။ ခင်ဗျားတို့ ကျွန်တော့်ကို ခွင့်လွှတ် မယ်လို့ကျွန်တော် ယုံကြည်ပါတယ်။

9 ၉။ ကျွန်တော်ခင်ဗျားတို့ကို ဒီလိုလုပ်စေချင်ပါတယ်။ ခင်ဗျားတို့ ထိုင်နေတဲ့အခါ မှာ ဒီနေ့ နေ့လည်ခင်းပိုပြီးတိုလိုက်ပြီးတော့ နုတ်တိုတိုလေးတွေမှာ ရေးထားဘို့ဘဲ ဖြစ်ပါတယ်။ ခင်ဗျားကို ကျွန်တော်ပြောခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော် အဲလိုလူအတို လေးတွေ ထုတ်ရမှာ ဖြစ်ပါတယ်။ ကျမ်းချက်လေးတွေရေးထုတ်ထားရမှာ ဖြစ်ပါတယ်။ ကျွန်တော် ကျမ်းစာကို အလွတ်မရပါဘူး။ ကျမ်းစာကို အလွတ်ရွတ်မပြနိုင်ပါဘူး။အင်မတန်ခက်ခဲတဲ့ တိုက်ပွဲတွေအများကြီးကို ကျွန်တော် တိုက်ခဲ့ရပါတယ်။ အဲဒါနဲ့ပတ် သက်လို့ကျွန်တော် အရမ်းကို အသက်ကြီးသွားပါတယ်။ ဒါပေမဲ့လည်း ကျွန်တော် ယုံကြည်တဲ့အရာကတော့ ခင်ဗျားတို့ကျွန်တော့်ကို ခဏလေးဘဲ နားထောင်ဘို့ ဖြစ်ပါ တယ်။ ဒီနေ့ နေ့လည်ခင်းဘဲ ဖြစ်ပါတယ်။ တစ်ကယ်ဘဲခင်ဗျားတို့ရဲ့ စိတ်နှလုံးကို ဖွင့်ပြီးတော့ ကျွန်တော် ဘာကိုတူးဆွနေမလဲဆိုတာကို နားလည်ဘို့ဘဲဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော် စဉ်းစားမိတဲ့အရာကတော့ အဲဒါ ပိုကောင်းမယ်။ အထူးသဖြင့် မြို့ကလာတဲ့ သင်းအုပ်ဆရာအတွက်ဘဲဖြစ်ပါတယ်။ နေရာအနှံ့ကလာတဲ့ သင်း အုပ်ဆရာဘဲ ဖြစ်ပါတယ်။ခင်ဗျားတို့ သေသေချာချာ နားထောင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

အခုအခါမှာ ခင်ဗျားတို့ အဲဒါကို လုပ်လိုက်ပါတယ်။အဲဒီနည်းအတိုင်းဘဲ ကျွန်တော်လုပ်လိုက်တဲ့ နည်းအတိုင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော် အင်မတန်နှစ်သက်တဲ့ ချယ်ရီသီးပိုင်းကို ကျွန်တော် စားတဲ့အခါမှာ လုပ်သကဲ့သို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော်အင်မတန် နှစ်သက်တဲ့ အရာကတော့ ကြက်သားဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ချယ်ရီသီးပိုင်းကိုကျွန်တော် အားတဲ့အခါမှာ ကျွန်တော် အစေ့ကို ဝါးမိပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်က ချယ်ရီသီးကိုအစားမပျက်ပါဘူး။ အဲဒီ အစေ့ကိုဘဲ ကျွန် တော် ထွေးထုတ်လိုက်ပါတယ်။ ဆက်ပြီးတော့ဘဲ အဲဒီချယ်ရီသီးပိုင်းကို ကျွန်တော် ဆက်စားနေပါတယ်။ ကျွန်တော် ကြက်ရိုးကိုလည်း ကိုက်မိပါတယ်။ဒါပေမဲ့လည်း ကြက်သား မလွှင့်ပစ်ပါဘူး။ အရိုးကိုဘဲ လွှင့်ပစ်လိုက်တာ ဖြစ်ပါတယ်။

ခင်ဗျားတို့ လက်မခံနိုင်တဲ့အရာကို ကျွန်တော်ပြောမိရင်လည်းအဲလိုအတိုင်း ဘဲ ဖြစ်မှာဖြစ်ပါတယ်။ ဘယ်အချိန်ဘဲဖြစ်ဖြစ် ခင်ဗျားတို့ လက်မခံနိုင်တဲ့အပိုင်းကိုခုတ်ပစ်လိုက်ပါ။ လက်မခံပါနဲ့။ တစ်ကယ်ကောင်းတဲ့အပိုင်းကိုဘဲ လက်ခံပါ။ အဲဒါက တော့ အရိုးဖြစ်တယ်လို့ဘဲသဘောထားလိုက်ပါ။ ပရိတ်သတ်က ရီပါတယ်။ အယ်ဒီတာ မှတ်ချက်။ နောက်ပြီးတော့ ကျွန်တော် ပြောချင်တဲ့အရာကော့အဲဒါဟာ အစေ့ဖြစ်တယ် ဆိုရင် အသက်တာအသစ်ကို ပေါ်ထွက်လာစေမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်းခက်ခဲတယ်ဆိုရင် ဘုရားသခင် ခင်ဗျားတို့ကို ကောင်းချီးပေးမှာ ဖြစ်ပါတယ်။

10 ၁၀။ ဘရာသာကားလ်ဝီလီယမ်မ်က ဟိုးတစ်နေ့ညက တစ်ခုပြောလိုက်ပါတယ်။သူဘာပြောလဲဆိုတော့ ဖျားနာတဲ့သူတွေအတွက် ဆုတောင်းပေးတဲ့အခါမှာ တဖြည်း ဖြည်းနဲ့ အားလျော့သွားတဲ့အကြောင်းဘဲဖြစ်ပါတယ်။ ကောင်းမဲ့အရာဘဲ ဖြစ်ပါတယ်။ အဲဒါကောင်းတယ်ဆိုတာ ကျွန်တော် သိပါတယ်။ ကျွန်တော်တို့ဒီနေရာမှာ ဒီအတိုင်း အတည်ဖြစ်ရမယ်လို့ ကျွန်တော်တို့ မဆိုလိုပါဘူး။ ကျွန်တော်တို့ ဆုတောင်းလမ်းကြောင်းပြုလုပ်ရမှာ ဖြစ်ပါတယ်။ ဘရာသာအော်ရာ၊ တခြားညီအစ်ကိုတွေ သူတို့လည်း ဆု တောင်းဘို့ တန်းစီဘို့ဒီလိုစည်းဝေးပွဲကြီးတွေမှာ လုပ်သလား မလုပ်လား ကျွန်တော် မသိပါဘူး။ ဒါပေမဲ့လည်း ကျွန်တော်ကြိုးစားပါတယ်။ နှစ်ခေါက်၊ သုံးခေါက်လောက် ကြိုးစားပါတယ်။ ဒါပေမဲ့ ဒီလို လူအုပ်များတယ်ဆိုရင်ဆုတောင်းစာရွက်ကလေးတွေ ပေးရမှာ ဖြစ်ပါတယ်။ အဲလိုလုပ်နိုင်အောင်ဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့မလုပ်နိုင်ပါဘူး။ တစ်ကယ့်လေပဟာပြင် ကွင်းကျယ်ကြီး မဟုတ်ပါဘူး။ ဘုရားသခင်ရဲ့ အိမ်တော်ဖြစ်ပါတယ်။ ဆက်ကပ်ထားတဲ့အိမ် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဖိအားပေးပြီးတော့ တွန်းအားပေးကြပါတယ်။ ခင်ဗျာတ ႏdkYမှာ ကဒ်ပြားတွေရှိကြပါတယ်။ အဲဒီ ကဒ်ပြားတွေကို စီထားပါ။ အစဉ်အလိုက် သူ့နံပါတ်အတိုင်း စီထားပါ။

ဘီလီက ကျွန်တော့်ကို မေးပါတယ်။ ကျွန်တော်ကကဒ်ပြားတွေ ဝေလိုက်မ လား ¿ လူတွေက ဆုတောင်းကဒ်ပြားတွေ ကျွန်တော့်ကိုတောင်းပါတယ်။

ကျွန်တော်ကလည်း မလုပ်နဲ့ ဘီလီ၊ သန့်ရှင်းဝေ ာဝိညာဉ်တော်ရဲ့လက်ထဲကိုဘဲ အပ်နှံထားလိုက်မယ်။ ကိုယ်တော်ရှင် ဘာလုပ်ချင်သလဲဆိုတာကိုဘဲ ဆိုရမှာ ဖြစ်ပါ တယ်။အဲဒါမှဘဲ ကျွန်တော်တို့ ယုံကြည်ခြင်းကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ အနာရောဂါငြိမ်းစေဘို့ရန်အတွက်ခင်ဗျားတို့ ရှိတဲ့နေရာမှာဘဲ လုပ်ရမှာ ဖြစ်ပါတယ်။

အနာရောဂါငြိမ်းခြင်းကတော့ ဧဝံဂေလိကျမ်းထဲမှာအသေးအဖွဲ့လေးမျှသာ ဖြစ်ပါတယ်။ အသေးအဖွဲ့လေးကို အကြီးမားကြီး

ကျွန်တော်တို့ မပြုလုပ်နိုင်ပါဘူး။ဘယ်သူဘဲဖြစ်ဖြစ် အဲဒီအကြောင်းကိုဘဲ သိပါတယ်။ အဲဒါက ငါးမျှားစာဘဲ ဖြစ်ပါတယ်။ လူတွေ သဘာဝထက်လွန်ကဲတဲ့ ဘုရားသခင် ရှိတော်မူကြောင်းကို ယုံကြည်ဘို့ရန်အ တွက်ဘဲဖြစ်ပါတယ်။ တစ်ကယ်သဘာဝထက် လွန်ကဲတဲ့ဘုရားသခင်ရှိနေတယ်ဆိုတာ ကို သိဘို့ဘဲ ဖြစ်ပါတယ်။ အဲဒီအရာအားဖြင့်ကိုယ်တော်ရှင် ရှိတော်မူကြောင်း သူတို့ သိနိုင်မှာ ဖြစ်ပါတယ်။ သိလို့ရှိရင်သူတို့ဟာအနာရောဂါ ငြိမ်းသွားပါတယ်။ ယုံကြည် ခြင်းအားဖြင့် နှုတ်ကပတ်တော်ကို ယုံကြည်ခြင်းဘဲဖြစ်ပါတယ်။

11 ၁၁။ အခုကျွန်တော် ဘုရားသခင် နှုတ်ကပတ်တော်ထဲက တစ်ချို့ကို ဖတ်ပြချင်ပါတယ်။ ဓမ္မသစ်ကျမ်းထဲကဘဲဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော် အဲဒီ ဓမ္မသစ်ကျမ်းထဲက ကျမ်းချက်ကို အကြောင်းအရာတစ်ခုအနေနဲ့ဒီနေ့လည်မှာ ပြောဆိုမှာ ဖြစ်ပါတယ်။ ဝတ်ပြုစည်းဝေးတွေအတွက် အချိန်အကြာကြီး ခင်ဗျားတို့ကိုမဆွဲချင်ပါဘူး။ ဒါပေမဲ့လည်း ကျွန်တော့်ကိုယ် ကျွန်တော်တော့ ရှင်းအောင် လုပ်ရမှာ ဖြစ်ပါတယ်။ခင်ဗျားတို့ အလိုတော်ရှိမယ်ဆိုရင် ခင်ဗျားတို့အတွက်လည်း ကျွန်တော်အချိန်ပေးရမှာ ဖြစ်ပါတယ်။အဲဒီလို မလုပ်ချင်ရင် ကျွန်တော်တို့ ခေါင်းငုံ့ပြီး ဆုတောင်းကြပါစို့။

ကျွန်တော်တို့ သီချင်း အရမ်းဆိုနိုင်တယ်ဆိုတာခင်ဗျားတို့ သိပါတယ်။ ကျွန်တော်တို့ အရမ်းအော်နိုင်တယ်ဆိုတာကိုလည်း သိပါတယ်။ ကျွန်တော်တို့နောက် ဆုံး အသံတွေပြာသွားပြီးတော့ မောသွားတဲ့အထိ ကျွန်တော်တို့ အော်နိုင်ပါတယ်။ အချိန်မဟုတ်ဘဲနဲ့လည်းကျွန်တော်တို့ သီချင်းဆိုနိုင်ပါတယ်။ အချိန်မဟုတ်ဘဲနဲ့လည်း ကျွန်တော်တို့ အော်နိုင်ပါတယ်။ဒါပေမဲ့လည်း ဒီနေရာမှာတော့ ကျွန်တော်တို့ တစ်ခု ရှိပါတယ်။ ကျွန်တော်တို့ အစီအစဉ်အတိုင်းဘဲလုပ်ရမှာ ဖြစ်ပါတယ်။ အစီအစဉ်တကျ မဖြစ်ရင်တော့ မဖြစ်ပါဘူး။ တောင်းတဲ့အခါမှာတော့ အစီအစဉ်တကျဘဲဖြစ်ရမှာ ဖြစ်ပါတယ်။ ဘယ်နေရာမှာဘဲ ဖြစ်ဖြစ်ဆုတောင်းနိုင်ပါတယ်။ သန့်ရှင်းတဲ့လက်ကိုချီပြီးတော့ သံသယကင်းစွာနဲ့ဘဲ ဆုတောင်းနိုင်ပါတယ်။

12 ၁၂။ အဖဘုရားသခင်အကြီးမားဆုံးအခွင့်အရေးကို ကျွန်တော်တို့ ရရှိခဲ့ပါတယ်။ ကျွန်တော်တို့ မျက်လုံးတွေကိုမှိတ်ပြီးတော့စိတ်နှလုံးတွေကို ဖွင့်ပြီးတော့ ကိုယ်တော် ရှင်ကို စကားပြောနိုင်ပါတယ်။ ကျွန်တော်တို့ကိုယ်တော်ရှင် နားညောင်းမယ်ဆိုတာကို လည်း သိပါတယ်။ ကျွန်တော်တို့ ကိုယ်တော်ရှင် နားညောင်းမယ်ဆိုတာကိုလည်းယုံ ကြည်ကြပါတယ်။ သခင်ယေရှု မိန့်တော်မူတဲ့စကား ရှိပါတယ်။ ငါ့နာမကို အမှီပြုပြီး တော့ခမည်းတော်ထံမှာ ဆုတောင်းသမျှကို ချပေးမယ်လို့ ဆိုထားပါတယ်။ အဲဒါက အခြေအနေပေါ်မှာ မူတည်ပါတယ်။ကျွန်တော်တို့ သံသယ မဖြစ်ဘူးဆိုရင် အဖဘုရား သခင် ကျွန်တော်တို့ ဒီနေ့ နေ့လည်ခင်းမှာကူညီတော်မူပါ။ ကျွန်တော်တို့ ဆုတောင်း သမျှကို ချပေးသနားတော်မူပါ။ သံသယအရိပ် လွှမ်းမိုးတဲ့နေရာမဟုတ်ဘဲနဲ့ ဘယ်နေ ရာမှာဘဲဖြစ်ဖြစ် လုံးဝသံသယ မရှိနိုင်ဘို့ မစတော်မူပါ။ ဒါပေမဲ့လည်းကျွန်တော်တို့ ဆုတောင်းသမျှကို ကိုယ်တော်ရှင် အဖြေပေးသနားတော်မူပါ။ ဘုရားသခင်က ကိုယ်တော်ရှင်ရဲ့နာမကိုဒီနေ့ ချီးမြှောက်ကြပါစေ။ ကိုယ်တော်ရှင်ရဲ့နိုင်ငံတော်ကို ဒီနေ့ ပျောက်ဆုံးတဲ့ဝိညာဉ်တွေလမ်းလွဲနေတဲ့ဝိညာဉ်တွေ အားလုံး အသင်တော်အောက်ကို ခေါ်ဆောင်တော်မူပါ။ ဒီတိတ်ခွေအောက်ကိုရောက်တဲ့နေရာတိုင်း တပါးအမျိုးသား မယုံကြည်တဲ့သူတွေရဲ့ နိုင်ငံတွေထဲမှာ ဘယ်နေရာဘဲဖြစ်ဖြစ်ဘယ်နေရာကိုဘဲရောက် ရောက် ကိုယ်တော်ရှင် ဘုန်းတော် ထင်ရှားစေတော်မူပါ။

ကျွန်တော် ဆုတောင်းပါတယ် ကောင်းကင်ဘုံရှင်အဖ၊ဒီနေရာမှာ အားနည်း တဲ့လူ တစ်ယောက်မှ မရှိဘဲနဲ့ ကိုယ်တော်ရှင်ကို ကျွန်တော်တို့ ဝတ်ပြုကိုးကွယ်တဲ့အခမ်းအနား ပြီးဆုံးတဲ့အထိ ကိုယ်တော်ရှင် သန့်ရှင်းသောဝိညာဉ်တော် အားလုံးကို ကယ်တင်တော်မူပါ။ အနာရောဂါဝေဒနာခံစား နေရတဲ့သူတွေ အနာရောဂါ ငြိမ်းစေ တော်မူပါ။ ကိုယ်တော်ရှင်ရဲ့သားသမီးတွေကိုလည်းဝမ်းမြောက်ခြင်းနဲ့ ပြည့်စုံစေတော် မူပါ။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ယုံကြည်ခြင်းရှိပါတယ်ကိုယ်တော်၊ ကျွန်တော်တို့ ယေရှုနာမ၌ ဆုတောင်းကြပါတယ်။ ကောင်းကင်ဘုံရှင်အဖ၊ကိုယ်တော်ရှင် နားညောင်း မယ်ဆိုတဲ့ဂတိကို ရပါတယ်။ ဒါဟာ ကိုယ်တော်ရှင် ဘုန်းတော်ထင်ရှားစေဘို့ဘဲဖြစ်ပါ တယ်။

13 ၁၃။ (ယော ၁၈း၂၈)ကို ဖတ်ရမှာ ဖြစ်ပါတယ်။ ဒါဟာကျွန်တော်တို့ ဒီနေ့ ဟော ပြောမဲ့ ကျမ်းပိုဒ်ဖြစ်တဲ့ ကျွန်တော် ရွေးချယ်ထားပါတယ်။ ထိုသူတို့အဖို့ကိုသာအကျွန်ုပ် ဆုတောင်းသည်မဟုတ်ပါ။ သူတို့ဟောပြောခြင်းအားဖြင့် အကျွန်ုပ်ကို ယုံကြည်သောသူတို့အဖို့ကို ဆုတောင်းပါ၏လို့ ဆိုထားပါတယ်။

ကျွန်တော်မှားတယ်လို့ ကျွန်တော် ထင်ပါတယ်။ကျွန်တော့်ကို ခဏတော့ ခွင့်ပြုပေးပါ။ သခင်ယေရှု ဆုတောင်းတဲ့အကြောင်းကို ကျွန်တော် ရှာကြည့်ချင်ပါတယ်။သခင်ယေရှုရဲ့ ပဋ္ဌနာတော်ဘဲ ဖြစ်ပါတယ်။ ကျွန်တော် မှတ်သားထားတာ ရှိပါတယ်။ ဒါပေမဲ့လည်းအခု ဆုတောင်းချက် မှားသွားပါတယ်။ သခင်ယေရှု ဆုတောင်းတဲ့အ ကြောင်းဘဲ ဖြစ်ပါတယ်။ မိန်းမတစ်ယောက်ကကလေးမွေးခါနီး နာကျဥ်စွာ ခံစားပြီးမှ ကလေးကို မွေးဖွားရတဲ့အကြောင်းဘဲ ဖြစ်ပါတယ်။

အဲဒါကတော့ လုကာထဲမှာ ဖြစ်ပါတယ်။ ဒါမှမဟုတ်ယောဟန်ထဲမှာ ဖြစ်ပါ တယ်။ ဂျက် အဲဒါ ဘယ်အထဲမှာ ပါပါသလဲလို့ လှမ်းမေးလိုက်တဲ့အခါမှာ တစ်စုံတစ်ယောက်သောသူက (ယောဟန် ၁၆) လို့ ဖြေပါတယ်။ အယ်ဒီတာမှတ်ချက် (ယော ၁၆) ဖြစ်ပါတယ်။ ကျွန်တော်မှန်တယ်လို့ ထင်ပါတယ်။ ဒါပေမဲ့လည်း သိပ်မဟုတ်သေး ဘူးလို့ ထင်ပါတယ်။ (ယော ၁၆း၂၁) နောက်တစ်ယောက်ကလည်းဟုတ်ပါတယ်လို့ ပြောပါတယ်။ သေချာပါတယ်။ (၂၁) ဖြစ်ပါတယ်။ (ရှင်ယောဟန် ၁၆း၂၁) ဖြစ်ပါ တယ်။

14 ၁၄။ မဟုတ်သေးဘူး ဘရာဂျက်၊ မှားနေသေးတယ်။နောက်တစ်ယောက်က ဘာ ပြောသလဲဆိုတော့ (ယော ၂၁)ကို ဖတ်ကြည့်ပါ။ နောက်တစ်ယောက်ကလည်း (၂၁)လို့ ပြောပါတယ်။ (၂၁း၁၆) လို့ဆိုပါတယ်။ အယ်ဒီတာမှတ်ချက်၊ အဲဒါက (ရှင်ယောဟန် ၁၆း၂၁)ဖြစ်ပါတယ်။ ကျွန်တော် မှားတာပါ။ ညီကိုတစ်ဦးကလည်း ကျွန်တော် သေချာ ရှာကြည့်လိုက်အုန်းမယ်။ဘယ်မှာရှိသလဲဆိုတာ ရှာကြည့်မယ်လို့ ပြောပါတယ်။

သမ္မာကျမ်းစာထဲမှာ ရောနေပါတယ်။ ရှုပ်ထွေးနေပါတယ်။ကျွန်တော် ရှုပ်နေ တာ ဖြစ်ပါတယ်။ သူတို့ ပုံနှိပ်ထားတာ မှားနေသလားလို့ တစ်ယောက်က ပြောပါတယ်။အယ်ဒီတာမှတ်ချက်။ သူတို့ ပုံနှိပ်ထားတာ မှားပါတယ်။ ဟုတ်ပါတယ်။ ပရိတ်သတ်က လည်း ရီကြပါတယ်။ အဲဒါဘာလဲ¿ ခင်ဗျားသိသလား¿ အဲဒါက အမှန်တရားဘဲ ဖြစ်ပါတယ်။ ဒါက သမ္မာကျမ်းစာရဲ့ အသစ်စက်စက်ကြီးပါ။ကျွန်တော် အသစ်စက်စက် ရရှိခြင်းဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ပုံနှိပ်တာ မှားနေတယ်ဆိုတော့ဘရာသာ ဇရမ်ဟမ်က သူက စကောဖီးလ်ကျမ်းစာအုပ်ထဲက စာမျက်နှာ ၁၁၃၈၊ ၁၃၇၉ ကို ကြားညှပ်ထားပါတယ်။ဒီနေ့ ဒီရက်၊ ဒီကာလမှာ ဒီကျမ်းချက် ဖြစ်ကုန်တယ်လို့ ဆိုတား ပါတယ်။

ကက်သလစ်၊ ဘီးရှော့ဘုန်းကြီးကနေပြီး စင်မြင်ပေါ်မှာရပ်နေပါတယ်။ ရယ်ဘရန် ဂျွန်အက်စတန်လီဘဲ ဖြစ်ပါတယ်။ သူရှေ့ထွက်လာပြီးတော့ ကျမ်းစာအုပ်တွေကို ဘရာသာဇရမ်ဟမ်ကို ပေးခြင်းဘဲ ဖြစ်ပါတယ်။ ဘာကြောင့် အဲလိုပေးရလဲဆိုတဲ့ အကြောင်းရှိပါတယ်။ ဘုရားသခင်က သင့်ကို တစ်ခုခု မှန်တာကို ပြဘို့အတွက်ဘဲ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ကျမ်းစာအုပ်ကို အသုံးပြုပါ။ ကောင်းပါပြီ။ ကျေးဇူးတင်ပါ တယ်။ (အခန်းကြီး ၁၆း၂၁) ဖြစ်ပါတယ်။ကျေးဇူးတင်ပါတယ်။ မိန်းမသည် သားကို ဖွားစဉ်အခါ ခံရသောအချိန်ရှိသောကြောင့် ဝမ်းနည်းခြင်းရှိ၏။ဖွားမြင်ပြီးမှ ဤလောက၌ လူတစ်ယောက်ကို ဖွားမြင်သောကြောင့် ဝမ်းမြောက်ခြင်းရှိ၍ အထက်ခံရဝေဒနာ ကို မေ့လျော့တတ်၏။ ထိုနည်းတူ ယခုတွင် သင်တို့သည် ဝမ်းနည်းခြင်းရှိကြ သော်လည်းတစ်ဖန် သင်တို့ကို ငါတွေ့မြင်သဖြင့် သင်တို့သည် စိတ်နှလုံး ဝမ်းမြောက် ခြင်းရှိကြ လိမ့်မည်။ထိုဝမ်းမြောက်ခြင်းကို အဘယ်သူမှ လုယူဖျက်ဆီးခြင်းငှာ မတတ်နိုင်။

ကျေးဇူးတင်ပါတယ် ညီကို၊ ကျွန်တော် အရမ်းဘဲသဘောကျပါတယ်။ ဘရာ သာဇရမ်ဟမ်က ကက်သလစ်ဘုန်းကြီးထံကို သမ္မာကျမ်းစာကို ပေးလိုက်ပါတယ်။အယ်ဒီတာမှတ်ချက်။

သမ္မာကျမ်းစာထဲမှာ မှားပြီးတော့ ပုံနှိပ်ထားတာဖြစ်ပါတယ်။ စာမျက်နှာ တပ်ထားတာ မှားနေပါတယ်။ ဒါပေမဲ့လည်း ကျွန်တော့်ရဲ့ စကောဖီးလ် ကျမ်းစာအုပ်ထဲမှာ ကျွန်တော် ပြန်ရှာလို့ တွေ့ပါတယ်။ ပြန်ရှာလို့တွေ့ပြီးတော့ အဲဒါကို ယူပြီးတော့ပေးလိုက်ခြင်းဘဲ ဖြစ်ပါတယ်။ အခု ကျွန်တော် ဖတ်သွားတဲ့ အကြောင်းအရာလေးဘဲ ဖြစ်ပါတယ်။ကျွန်တော်ကို ဒီကျမ်းစာအုပ်ကို ကျွန်တော့်ဇနီးသည်က ခရစ်စမတ်လက်ဆောင် ပေးထားခြင်းဘဲဖြစ်ပါတယ်။

15 ၁၅။ ဒါကြောင့်မို့လို့ ဒီနေ့လည်မှာဒီကျမ်းစာအုပ်ကို ကျွန်တော် ဖတ်ပါတယ်။ မွေးဖွားတဲ့အခါမှာ ခံစားရတဲ့ နာကျဉ်ခြင်းလဘဲဖြစ်ပါတယ်။ အဲဒါနားလည်သွားတာ အရမ်းဘဲ နားဝင်ဆိုးပါတယ်။ ဒါပေမဲ့လည်း အဲဒါကသမ္မာကျမ်းစာထဲမှာ ပါပါတယ်။

သခင်ယေရှုက အဲဒီအကြောင်းကို ပြောတယ်လို့ကျွန်တော် ယုံကြည်ပါတယ်။ သင်တို့ ဝမ်းနည်းခြင်းရှိမယ်။ ဒါပေမဲ့လည်းအဲဒီဝမ်းနည်းခြင်းတွေက ဝမ်းမြောက်ခြင်း တွေကို ပြောင်းသွားမယ်လို့ ဆိုပါတယ်။သူ့ရဲ့တပည့်တော်တွေကို ပြောဆိုခြင်း ဖြစ်ပါ တယ်။ သူက ဘာကို သိထားသလဲဆိုတော့ခရစ်တော်သာသနာပေါ်ထွက်လာတော့ မယ်ဆိုတာ သိထားလို့ဘဲ ဖြစ်ပါတယ်။ ဟောင်းနွမ်းတဲ့အရာတွေဟာ သေဆုံးသွားပြီး တော့ အသစ်ပြန်လည် ပေါ်ထွက်လာမှာဘဲဖြစ်ပါတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် ဒုတိယမွေး ခြင်းကို ခံဘို့ဘဲ ဖြစ်ပါတယ်။ ပထမနာကျဉ်ခြင်းတွေ စိတ်ပျက်ခြင်းတွေ ခံစားရမှာ ဖြစ်ပါတယ်။ အဲဒီ နာကျဉ်ခြင်း၊စိတ်ပျက်ခြင်းတွေကို ဖြတ်သွားပြီးတော့ အဲဒီ ပညတ်တ ရားကနေ ကျေးဇူးတရားတွေဖြစ်လာမှာဘဲဖြစ်ပါတယ်။

ပုံမှန်အားဖြင့်ဆိုရင်သဘာဝမွေးဖွားခြင်း ပုံစံတွေက ဝိညာဉ်ရေးရာဖွားမြင် ခြင်းကို ဖော်ပြထားခြင်းဘဲဖြစ်ပါတယ်။ သဘာဝတရားနဲ့ဆိုင်တဲ့ အရာတွေအားလုံးဟာ ဝိညာဉ်ရေးရာကို ပုံဆောင်ခြင်းဘဲဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်တို့ ရှာဖွေတွေ့ရှိပါ တယ်။ ကျွန်တော်တို့ အခုအခါမှာမြေကြီးပေါ်မှာ ကျွန်တော်တို့ ကြည့်မယ်ဆိုရင် ဒီမြေကြီးပေါ်မှာ သစ်ပင်ပေါက်နေတာကိုတွေ့နေရပါတယ်။ သစ်ပင်ဟာ ပေါ်ထွက် လာတယ်။ ရှန်းကန်ပြီးတော့ ပေါ်ထွက်လာခြင်းဘဲဖြစ်ပါတယ်။ အဲဒီမှာ သစ်ပင်ရှိ တယ်ဆိုတာ ဖော်ပြဘို့ဘဲ ဖြစ်ပါတယ်။ တစ်နေရာရာမှာတော့အဲဒီအပင် ပေါ်ထွက် လာမှာ ဖြစ်ပါတယ်။ မသေတဲ့အပင်ဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့တစ်စုံတစ်ခု သောအရာ အတွက်အော်နေခြင်း ငိုကြွေးနေခြင်းဘဲ ဖြစ်ပါတယ်။

လူတွေကို ကျွန်တော်တို့တွေ့ရှိရပါတယ်။ဘယ်လောက်ဘဲ အသက်ကြီးကြီး ဘယ်လောက်ဘဲ ဖျားနာနေပါစေ၊ ဘယ်လိုအခြေအနေမျိုးမှာ ဖြစ်ဖြစ်သူတို့ ငိုကြွေးနေ ပါတယ်။ အသက်ရှင်နိုင်ဘို့အတွက် ငိုကြွေးနေရခြင်းဘဲ ဖြစ်ပါတယ်။တစ်နေရာမှာ အသက်ရှိနေတယ်ဆိုတာ ဖော်ပြနေပါတယ်။ ကျွန်တော်တို့ ထာဝရနေမဲ့နေရာ ကျွန်တော်တို့နေရာအတွက်ဘဲ ဖြစ်ပါတယ်။

16 ၁၆။ (၁ယော ၅း၇) ဒီတစ်ခါတော့ ကျွန်တော်မမှားတော့ပါဘူး။ ကျွန်တော် အဲဒီကျမ်းချက်ထဲမှာ ဖော်ပြထားတာကို တွေ့ရပါတယ်။ အဲဒီမှာကောင်းကင်မှာ ခမည်းတော်ရယ်၊ နှုတ်ကပတ်တော်ရယ်၊ သန့်ရှင်းသောဝိညာဉ်တော်ရယ်ကောင်းကင် မှာ သူတို့က မှတ်တမ်းလုပ်ထားပါတယ်။ အဲဒါက (၃)ခုကို တစ်ခုထဲမှာရှိနေရခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီ(၃)ခုက ကမ္ဘာလောကကြီးမှာ မှတ်တမ်းပြုစုပါတယ်။ အဲဒါကရေ၊ သွေးနဲ့ ဝိညာဉ်ဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ သူတို့အားလုံး သဘောတူညီမှုရှိပါတယ်။ ပထမဆုံး(၃)ခုကတော့ တလုံးတဝတည်း ဖြစ်ပါတယ်။ ဒုတိယ(၃)ခုကတော့ လောကဆိုင်ရာဖြစ်ပါတယ်။ တစ်ခုထဲမှာ တစ်သဘောတည်းဖြစ်လို့ပါဘဲ။ သားတော် မပါဘဲနဲ့ ခမည်းတော်ကိုမရနိုင်ပါဘူး။ သန့်ရှင်းသောဝိညာဉ်တော် မရှိဘဲနဲ့လည်း သားတော်ကို မရရှိနိုင်ပါဘူး။အသွေးတော် မရှိပေမဲ့လည်း ရေကိုရရှိနိုင်ပါတယ်။ အသွေးတော်ကိုလည်း ဝိညာဉ်တော်မရရှိဘဲနဲ့ရရှိနိုင်ပါတယ်။

ခေတ်ကာလတောက်လျှောက်မှာအဲဒါမှန်တယ်ဆိုတာကို သက်သေပြထားပါ တယ်။ ရေရယ်၊ သွေးရယ်ဝိညာဉ်တော် ရယ်ဖြစ်ပါတယ်။ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းစင် ကြယ်စေခြင်းကတော့ သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံဘဲဖြစ်ပါတယ်။ အဲဒါပုံဆောင် ခြင်းဘဲ ဖြစ်ပါတယ်။ သဘာဝမွေးဖွားခြင်းကနေပြီးတော့ပုံဆောင်နိုင်တဲ့ ပုံဆောင်မှုဘဲ ဖြစ်ပါတယ်။

အမျိုးသမီးတစ်ဦးဟာကလေးမွေးဖွားတော့မယ်ဆိုရင် အရမ်းကို နာကျဉ်ခံ စားရပါတယ်။ အဲဒီ ပထမဆုံးအရာပြီးတဲ့နောက်မှာ ရေထွက်လာပါတယ်။ ပုံမှန်အား ဖြင့် မွေးဖွားတဲ့နောက်မှာဖြစ်တတ်ပါတယ်။ ပြီးတော့မှ ဒုတိယအနေနဲ့ သွေးဖြစ်ပါတယ်။ နောက်ပြီးမွေးဖွားလာတဲ့အသက်ကို ရရှိပါတယ်။ ရေ၊ သွေးနဲ့ ဝိညာဉ်ဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ပုံမှန်သဘာဝဖွားမြင်ခြင်းကို ပုံဆောင်ခြင်းဘဲ ဖြစ်ပါတယ်။

17 ၁၇။ ဝိညာဉ်ရေးရာလောကမှာလည်း အဲလိုဘဲ ဖြစ်ပါတယ်။ ပထမဆုံးရေဖြစ်ပါ တယ်။ ဖြောင့်မတ်ခြင်း ဖြစ်ပါတယ်။ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းဘဲ ဖြစ်ပါ တယ်။ ဘုရားသခင်ကို ယုံကြည်ခြင်းဖြစ်တယ်။ ကိုယ်တော်ရှင်ကို မိမိရဲ့ကယ်တင်ပိုင်ရှင်အဖြစ်နဲ့ လက်ခံသောသူဖြစ်ပါတယ်။နောက်ပြီးရင် ဗတ္တိဇံပေးမှာ ဖြစ်ပါတယ်။ ဒုတိယ ကတော့သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် စင်ကြယ်စေခြင်းဖြစ်ပါတယ်။ ဝိညာဉ် တော်ကသန့်ရှင်းစေခြင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်က လောကဆိုင်ရာ အရာတွေအားလုံးထဲကနေပြီးတော့ ဒီဝိညာဉ်ကို သန့်ရှင်းအောင် ဆေးကြောပေးခြင်းဘဲ ဖြစ်ပါတယ်။လောကတပ်မက်ခြင်းတွေလည်း အကုန်လုံးကို သန့်ရှင်းအောင် ဆေးကြောပေး ပါတယ်။ ပြီးရင်သန့်ရှင်းသောဝိညာဉ်တော် ဝင်ရောက်လာပါတယ်။ အသစ်သော အသက်ကို ပေးပါတယ်။ အဲဒီသန့်ရှင်းနေတဲ့ခွက်ထဲကို အဲဒီအရာကို ဖြည့်ပေးခြင်းဘဲ ဖြစ်ပါတယ်။

ဥပမာအားဖြင့် ဤကဲ့သို့ ဖြစ်ပါတယ်။ခင်ဗျားတို့ကို ကျွန်တော် ပြောခဲ့ပြီး သလိုဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ မယုံကြည်တဲ့အရာကို ခင်ဗျားတို့ ဖယ်လိုက်ပါ။ မုန့် အသားကိုဘဲ စားလိုက်ပါ။ ဒီရှေ့မှာခွက်တစ်ခွက်ထားထားပါတယ်။ အဲဒီခွက်တစ်ခွက် က ဒီကြက်ခြံထဲကနေ ထုတ်လာခြင်းဘဲဖြစ်ပါတယ်။ ခင်ဗျားတို့ အဲဒါကို ချက်ချင်း ကောက်မကိုင်လိုက်ပါဘူး။ ကောက်ကိုင်ပြီးတော့ ခင်ဗျားတို့ စားပွဲပေါ်ကိုလည်း မတင် လိုက်ပါဘူး။ ရေတွေ၊ နို့တွေနဲ့လည်းမဖြည့်ပါဘူး။ ဘယ်လိုမှ ကောက်ယူ လိုက်ပြီးတော့ ဖြောင့်မတ်တယ်။ သန့်ရှင်းတယ်၊ စင်ကြယ်တယ်လို့ မသတ်မှတ်ပါဘူး။ ဘာကြောင့် လဲဆိုတော့ ဂရိစကားလုံး စင်ကြယ်စေခြင်းဟာစကားလုံးတွေ ပေါင်းထားတဲ့ စကားလုံး ပေါင်းစုဘဲ ဖြစ်ပါတယ်။ အဓိပ္ပါယ်ကတော့သန့်ရှင်းခြင်း အမှုတော်မြတ်အတွက် သီးသန့်ခွဲခြားထားခြင်းဘဲ ဖြစ်ပါတယ်။အမှုတော်မြတ်ထဲမှာ မဟုတ်ပါဘူး။ အမှုတော် မြတ်အတွက်ဘဲ ဖြစ်ပါတယ်။ နောက်ပြီးရင်ခင်ဗျားတို့က အဲဒါကို ရေဖြည့်မှာ ဖြစ်ပါ တယ်။ ပြီးရင် အမှုတော်မြတ်အတွက် ထားမှာဖြစ်ပါတယ်။

18 ၁၈။ ဒါကတော့ကျွန်တော် နာကျဉ်စေလို ထိခိုက်စေလိုတဲ့စကားနဲ့ ပြောတာ မဟုတ်ပါဘူး။ ခင်ဗျားတို့ရဲ့သန့်ရှင်းခြင်း၊ ဒီနာဇရင်းတွေ ဟိုပင်တေကုတ္တေအထိရောက် အောင် မလျှောက်နိုင်လျှောက်ဘို့ရန်အတွက် ပျက်ကွက်ခြင်းဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ကို သန့်ရှင်းအောင်ဆေးကြောထားပါတယ်။ နောက်ပြီးမှသာ ခင်ဗျားတို့ကို အမှုတော်မြတ်အတွက် အသုံးပြုမှာဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော် ဆုကျေးဇူး တွေ၊ အခြားသောအရာတွေအဲဒါတွေအားလုံးကို ဖယ်ရှားနိုင်မှာ ဖြစ်ပါတယ်။ အဲဒါတွေအားလုံးကိုလည်းတစ်ခြားနေရာမှာ ရွှေ့ထားနိုင်မှာ ဖြစ်ပါတယ်။ အဲဒါတွေ အားလုံး ဖယ်ရှားပြီးရင်ဘာဖြစ်မလဲ? အမြဲတမ်းဘဲအဲဒီအတိုင်းဘဲဖြစ်လာမှာ ဖြစ်ပါတယ်။

ခင်ဗျားတို့ကို ကျွန်တော်မဝေဖန်လိုပါဘူး။ ဒါပေမဲ့လည်း ကျွန်တော့်စိတ်နှလုံး ထဲမှာ အဲဒီအရာကိုဖယ်ရှားချင်ပါတယ်။ ကျွန်တော့် စိတ်နှလုံးထဲမှာ တောက်လောင်နေ တဲ့အရာကရှိပါတယ်။ကားလ်စ်ရဲ့ကျေးဇူး၊ ဒီးမော့စ်ရဲ့သူတို့တွေ သူတို့အားလုံးရဲ့ ကျေးဇူး တော် ခံစားရမှုဘဲဖြစ်ပါတယ်။ သူတို့ရဲ့ ဝိညာဉ်တွေ ကယ်တင်ခြင်း ရအောင် အစွမ်းကုန်ကြိုးစားပြီးတော့ဆုတောင်းပေးမှာ ဖြစ်ပါတယ်။ နောက်ပြီး ခင်ဗျားတို့လည်း ပါဝင်ဆုတောင်းရမှာဘဲဖြစ်ပါတယ်။ ပုံမှန်ဘဲ ဖြစ်ပါတယ်။ ဒီဝိညာဉ်ရေးရာကို ပုံဆောင်ခြင်းဘဲ ဖြစ်ပါတယ်။

ၚင်းနောက် အပြည့်အဝမွေးဖွားလာပြီဆိုတာကျွန်တော်တို့ တွေ့ရှိရပါတယ်။ ကလေးလေးမွေးလာတဲ့အခါမှာ ရေမွှာပေါက်တဲ့အခါမှာ ဘာမှကျွန်တော်တို့ ဆက်ပြုး တော့ လုပ်ဖို့ မလိုပါဘူး။ နောက်ပြီးတော့ သွေးတွေထွက်လာမယ်။ဘာမှလည်း ကျွန်တော်တို့ ကြိုးကြိုးစားစား လုပ်စရာမလိုပါဘူး။ ဒါပေမဲ့လည်းကလေးငယ်ထဲကနေ အသက်တာရှိဘို့ ကလေးအသက်ရှူဘို့ ကလေးငယ်လေးကို ကျွန်တော်တို့နဲနဲရိုက်ပေးရ ပါတယ်။ အဲဒါမှ သူ့ရဲ့ငိုသံထွက်လာမှာ ဖြစ်ပါတယ်။ အခုအခါမှာကျွန်တော့်မှာလည်း ဒီမှာရှိတဲ့ညီကိုတွေ အများကြီး ရှိပါတယ်။ အဲဒါနဲ့ပတ်သက်လို့အတွေ့အကြုံအများကြီး ရှိပါတယ်။ သူတို့ ပညာမတတ်ကြပေမဲ့လည်း သူတို့ရဲ့ သဘာဝအတိုင်းသဘာဝလော ကကြီးကို ပုံဆောင်ပြီးတော့ ကျွန်တော် ပြောပြတဲ့အခါမှာ သူတို့နားလည်ကြပါတယ်။ အဲဒီအတိုင်းဘဲ ဖြစ်ပျက်ခဲ့ပါတယ်။ နဲနဲလေးတော့ ရိုက်ပေးဘို့လိုပါတယ်။ သူတို့ အဲဒီအရာကို ရရှိဘို့အတွက်ဘဲ ဖြစ်ပါတယ်။

19 ၁၉။ အခုအခါမှာ ခင်ဗျားတို့နည်းနည်းတော့လန့်သွားမှာ ဖြစ်ပါတယ်။ သူ့ကို ရိုက်ဘို့မလိုဘူးဆိုရင် သူ့ကိုနည်းနည်းတော့လန့်သွားအောင် လုပ်ဘို့လိုပါတယ်။ သူဟာ မွေးဖွားလာပြီ ဖြစ်ပါတယ်။ တစ်ခါတရံမှာအဲလိုလုပ်ရမှာဘဲ ဖြစ်ပါတယ်။ သူ့ကို သေသေချာချာ ဆွဲကိုင်လှုပ်လိုက်ရမှာ ဖြစ်ပါတယ်။သူစပြီးတော့ အသက်မရှူသေးပါ ဘူး။ နည်းနည်းလေး ရိုက်ပေးပါ။ အဲဒီအခါမှာသူကအော်မှာဖြစ်ပါတယ်။ အခြားသော လဘာသာစကားတွေ ဖြစ်ပါတယ်။ ဘယ်လိုဘဲဖြစ်ဖြစ်သူအသံထွက်လာမှာ ဖြစ်ပါ တယ်။

ကလေးငယ်တစ်ယောက် မွေးဖွားလာတဲ့အခါမှာမွေးဖွားနေစဉ်အချိန်မှာ အသံမထွက်ပါဘူး။ ဘာစိတ်လှုပ်ရှား ခံစားချက်မှ မရှိပါဘူး။ တစ်ကယ့်အသေကောင် ကလေးကဲ့သို့ဘဲ ဖြစ်ပါတယ်။

ဒီနေ့အသင်းတော်လည်း အဲလိုဖြစ်နေပါတယ်။သူတို့ရဲ့စုံနစ်တွေအားဖြင့် ကလေးတော်တော်များများဟာ မမွေးသေး မွေးတော့ မွေးနေပါပြီ။ဒါပေမဲ့လည်း ထိုကဲ့သို့ ဖြစ်နေပါတယ်။ သူတို့ ဧဝံဂေလိတရားနဲ့ သူတို့ကိုရိုက်ခတ်ပေးဘို့ လိုပါတယ်။ အဲဒါမှ သူတို့နိုးထလာမှာ ဖြစ်ပါတယ်။ သူတို့ကိုယ်သူတို့သိလာမှာဖြစ်ပါတယ်။ အဲဒီအ ခါမှာ သူတို့အထဲကို ဘုရားသခင်က အသက်ကိုမှုတ်သွင်းနိုင်မှာ ဖြစ်ပါတယ်။ အဲဒါဟာ မှန်ကန်တယ်ဆိုတာကိုလည်း ကျွန်တော်တို့သိရှိရပါတယ်။ အဲဒါက အကြမ်းထည် သီအြော်လော်ဂျီဖြစ်ပါတယ်။ ဒါပေမဲ့လည်း သမ္မာတရားဘဲဖြစ်ပါတယ်။

20 ၂၀။ အခု သတိပြုမိရမဲ့အရာကတော့မျိုးစေ့အားဖြင့် မွေးဖွားခြင်းဘဲ ဖြစ်ပါတယ်။ မျိုးစေ့ဟောင်း ဖြစ်ပါတယ်။ အဲဒီမျိုးစေ့အဟောင်း ပျက်စီးသွားပြီးတော့ အသစ်ပြန် ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ဒါကြောင့်မို့လို့ သေခြင်းဟာ ဘယ်အချိန်မှာဘဲဖြစ်ဖြစ် ခက်ခဲပါတယ်။ နာကျဉ်ပါတယ်။စိတ်ပျက်ဖွယ်ဖြစ်ပါတယ်။ မွေးဖွားခြင်းကလည်း အလားတူ ဖြစ်ပါတယ်။ သင်ဟာကမ္ဘာလောကကြီးထဲကို အသက်တာကို ယူဆောင် လာတဲ့အခါမှာ အဲဒါဟာ နာကျဉ်မှုဖြစ်စေပါတယ်။

သခင်ယေရှုမိန့်တော်မူတယ်။ သူ့ရဲ့နှုတ်ကပတ်တော်ထဲမှာကတော့ မျိုးစေ့ကြဲ တဲ့သူရဲ့ မျိုးစေ့ဟာ ဒီမျိုးစေ့ကြဲတဲ့သူက မျိုးစေ့ကိုသွားပြီးတော့ ကြဲလိုက်ပါတယ်။ သူဟာ အဲဒါတွေအားလုံး လုပ်နေကျဖြစ်တယ်ဆိုတော့ကျွမ်းကျင်နေပါတယ်။ ကျွန် တော် ဒါကို တနင်္ဂနွေနေ့ ဥပုဒ်စာဖြေမှာ သင်ပေးသလိုဘဲကျွန်တော် သင်ပေးချင်ပါ တယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေ့တနင်္ဂနွေနေ့ဖြစ်လို့ဖြစ်ပါတယ်။ ဒီနှုတ်ကပတ်တော် ဟာ မျိုးစေ့ဖြစ်ပါတယ်။ အဲဒီမျိုးစေ့ကတော့သေဆုံးသွားပြီဆိုရင် အသစ်သောအသက် တာ ပေါ်ထွက်လာပါတယ်။

အဲဒီအကြောင်းကြောင့် ဖာရိရှဲတွေအတွက်အရမ်းခက်ခဲပါတယ်။ ယေရှုခရစ် ကို နားလည်ဘို့အတွက် ခက်ခဲနေပါတယ်။ ဘာကြောင့်လဲဆိုတော့သူတို့က ပညတ်တ ရားအောက်မှာ ရောက်နေလို့ပါဘဲ။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်က ပညတ်တရားဖြစ်ပြီးတော့ မျိုးစေ့ရဲ့ ပုံသဏ္ဍာန်အတိုင်း ရှိနေပါတယ်။ ဒါပေမဲ့လည်း ဒီနှုတ်ကပတ်တော်ကို လူဇာတိခံယူခိုင်းတဲ့အခါမှာ ပညတ်မဟုတ်ဘဲနဲ့ ကျေးဇူးတော်ဖြစ်လာပါတယ်။ကျေးဇူးတော်နဲ့ ပညတ်တရားတို့ဟာ တချိန်တည်းမှာ (၂)ခုယှဉ်တွဲပြီးပေါ်ထွက်လာလို့ မရပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျေးဇူးတော်က ဒီပညတ်တရားထက်များပြားစွာ မြင့်မားပါတယ်။ ပညတ်တရားဆိုတာ ဒီရုပ်ပုံထဲမှာတောင် မရှိပါဘူး။ဒါကြောင့်မို့လို့ ဖာရိရှဲတွေအတွက် အရမ်းကို ခက်ခဲပါတယ်။ သူတို့ရဲ့ ပညတ်တရားအတွက်သူတို့ သေဘို့ခက်ခဲပါတယ်။ ဒါပေမဲ့လည်း အဲဒီပညတ်တရား ထွက်သွားရမှာ ဖြစ်ပါတယ်။တစ်ချိန်တည်းမှာ အဲဒီ ပညတ်တရားရော၊ ကျေးဇူးတရားရော (၂)ခုစလုံး အတူတကွ တည်ရှိနေလို့မဖြစ်ပါဘူး။

အမြဲတမ်းဘဲ ပညတ်တရားပြောတဲ့အတိုင်းဘဲမဖြစ်နိုင်ပါဘူး။ နောက်တစ် ယောက်ကလည်း သင်အဲလိုဘဲ ပြေးသွားနိုင်မယ်လို့ ပြောပါတယ်။တစ်ယောက်ကရ တယ်။ တစ်ယောက်က မရဘူးလို့ ပြောပါတယ်။ အဲဒါကြောင့် ပညတ်တခုဘဲ တချိန်ထဲမှာ ရှိရမှာ ဖြစ်ပါတယ်။ တချိန်သောအခါမှာ သင်အဲဒါကို ဖြတ်သွားရမှာ ဖြစ်ပါ တယ်။အဲဒါကို ကျော်သွားရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီတစ်ခေါက်တော့ အနီ ရောင်ဖြစ်ပါတယ်။ရပ်လိုက်ပါ။ တချိန်ထဲမှာ တရား(၂)ခု တည်ရှိလို့ မရပါဘူး။

21 ၂၁။ ကျွန်တော်တို့ သတိပြုမိတဲ့အရာကတော့ကျွန်တော် ခင်ဗျားအတွက် စဉ်းစား တဲ့အရာဘဲ ဖြစ်ပါတယ်။ အဆင်မပြေဘွယ် ဖြစ်ပါတယ်။ အဲဒီဖာရိရှဲတွေ အဲဒီပညတ်တ ရားအတွက် သေကြရပါတယ်။ သူတို့ နာကျဉ်တယ်၊ စိတ်ပျက်တယ်၊အဆင်မပြေဖြစ်ပြီး တော့ သူတို့သေကြရပါတယ်။ ဒါပေမဲ့လည်း သေကိုသေရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တွေ့ရှိရတဲ့အရာကတော့မိုးရေအားဖြင့် ဒီကမ္ဘာလောကကြီး မှာ အသီးတွေ သီးလာကြပါတယ်။ ကဗျာဆရာ ပြောထားသလိုဘဲမွေးဖွားလာခြင်း ဖြစ်ပါတယ်။ ဒီမုန်တိုင်းတွေရဲ့ ကွင်းထဲမှာ အင်မတန်မှ ကြမ်းတမ်းတဲ့ဒီကောင်းကင်ပြင် ကြီးမှာ မိုးခြိမ်းသံတွေ ကြားနေရတဲ့ ဒီကောင်းကင်ပြင်ကြီးမှာဘဲဖြစ်ပါတယ်။ ကျွန်တော် တို့ မိုးခြိမ်းသံတွေ ကြမ်းတမ်းပြီးတော့လျှပ်စီးသံတွေလက်ပြီးတော့ မီးခြိမ်းသံတွေကြား နေရတဲ့ ဒီကောင်းကင်ပြင်ကြီးမရှိဘူးဆိုရင် ပေါင်းခံထားတဲ့ မိုးရေစက်ကလေးတွေ ရမှာ မဟုတ်ပါဘူး။ အဲဒီပေါင်းခံထားတဲ့ မိုးရေစက်လေးတွေ ရဘို့အတွက် မြစ်တွေက နေ ဆားပွင့်တွေကနေအဲဒီတွေကနေပြီးတော့ မိုးရေးတွေကို စုပ်ယူရရှိခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါတွေမရှိဘူးဆိုရင် ဘယ်လိုမှ မွေးဖွားလာမှာ မဟုတ်တော့ပါဘူး။ မိုးချုန်းသံတွေလျှပ်စီးသံတွေ ကြောက်မက်ဖွယ် ကြမ်းတမ်း စုတ်ပြတ်ပြီးတော့ ကြောက်စ ရာကောင်းလောက်အောင်ဖြစ်ပေါ်လာပါတယ်။ အဲဒီ သေးငယ်တဲ့ မိုးရေစက်ကလေး ကျလာအောင်လို့ ပထမဆုံးအဲဒီလိုဖြစ်ပြီးမှ ကျလာပါတယ်။ မွေးဖွားဘို့ရန်အတွက် အရမ်းကို နာကျဉ်ခံစားရပါတယ်။သေဆုံးဘို့ လိုအပ်ပါတယ်။ နောက်ပြီးတော့ အဲဒီ မိုးတိမ်တွေ ပျောက်ကွယ်သွားတဲ့အခါမှာတိမ်တိုက်တွေ မရှိတော့တဲ့အခါမှာ မိုးရေ စက်လေးတွေ မွေးဖွားလာပါတယ်။ဘာကြောင့်လဲဆိုတော့ ဒီမိုးရေစက်ကလေးတွေက တိမ်တိုက်တွေရဲ့ တစ်စိတ်တစ်ဒေသဖြစ်နေလို့ပါဘဲ။ တစ်ခုက ပျောက်ကွယ်သွားမှသာ တစ်ခုက ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။

အခုအခါမှာ ကျွန်တော့်ရဲ့ ညီအစ်ကိုတွေဒီမှာရှိပါတယ်။ တချို့လူတွေက တတ်နိုင်ပါတယ်။ သူတို့ အဲဒီအရာတွေနဲ့ ပတ်သက်တဲ့ပညတ်တရားတွေအားလုံးကို သူတို့ သင့်ကိုပေးနိုင်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်ကတော့မပေးနိုင်ပါဘူး။

22 ၂၂။ နောက်တစ်ခု ကျွန်တော်တို့ထပ်ပြီးတော့ စဉ်းစားကြမှာ ဖြစ်ပါတယ်။ သက် သေအတွက်ဘဲ ဖြစ်ပါတယ်။ အလှပဆုံးပန်းကလေးတွေအကြောင်း ကျွန်တော် စဉ်း စားမိပါတယ်။ လူတိုင်းမှာ သူတို့ရဲ့အတွေးနဲ့သူတို့ ရှိကြပါတယ်။ ဒါပေမဲ့ အလှပဆုံးပန်း ကလေး ကျွန်တော် တွေ့လုနီးပါး ဖြစ်ပါပြီ။ဟိုးအနောက်ဖက်မှာ ဖြစ်ပါတယ်။ ကျွန် တော်တို့ရဲ့ ကန်ထဲမှာ လီလီပန်းကလေးဘဲဖြစ်ပါတယ်။ အင်မတန် ဂုဏ်ယူစရာကောင်း တဲ့ လီလီပန်းကလေးကို ဘယ်နှစ်ယောက်တွေ့ဘူးပါသလဲ¿ အဲဒီအတိုင်းဘဲ ရှိနေပါ တယ်။ ကျွန်တော့်အတွက်တော့ အရမ်းကို ဂုဏ်းယူစရာ ကောင်းပါတယ်။ ဒါပေမဲ့လည်း ခင်ဗျားတို့သတိပြုမိတဲ့အရာက အဲဒီ ကန်ထဲမှာရှိတဲ့ လီလီပန်းကလေးက ဘယ်လိုဖြစ် ရမလဲဆိုတာသတိပြုမိပါသလား¿ သခင်ယေရှု မိန့်တော်မူတာကို ကျွန်တော်စဉ်းစားမိပါတယ်။ လီလီပန်းကလေးအကြောင်း တွေးကြည့်ပါ။ ဘယ်လို ကြိုးစားပြီး တော့ယက်လုပ်ထားပါသလဲ¿ ဒါပေမဲ့လည်း ရှောလမုန်မင်းကြီးကတောင်မှသူ့ဘုန်း ဂုဏ်ရောင်တွေ ထင်ရှားတာတောင်မှ အဲဒီ လီလီပန်းကလေးလို လှပတဲ့အဝတ်အထည် ကိုရက်လုပ်ပြီး မဝတ်နိုင်ဘူးလို့ ဆိုထားပါတယ်။ ရှောလမုန်မင်းကြီးရဲ့ ဘုန်းနဲ့သူ့ရဲ့တဆန်ဆာဆင်မှုတွေဟာ အတုအပတွေချည်းဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့ လီလီပန်းလေး ကတော့သူ့ရဲ့အလှအပအတိုင်း သူ့ရဲ့သဘာဝအတိုင်းဘဲ လှပနေခြင်းဘဲ ဖြစ်ပါတယ်။ လက်လုပ် သဘာဝမကျ၊အတုအပ၊ ဆိုးဆေးတွေနဲ့ ရက်လုပ် ထုတ်လုပ်ထားတာ မဟုတ်ပါဘူး။

ကျွန်တော်တို့ရဲ့ အမျိုးသမီးတွေကိုလည်းကြည့်ပါ။ တခါထဲ အစိမ်းရောင်တွေ မျက်စိကို စင်းပြီးတော့ ချယ်သဘို့ မလိုပါဘူး။မျက်ခမ်းတွေ၊ မျက်လုံးတွေ အားလုံးရှုပ် ထွေးပြီးတော့ မျက်နှာပေါ်မှာလည်း အရောင်စုံချယ်ထားပါတယ်။ အဲလိုမျိုး လုပ အောင် တန်ဆာဆင်စရာ မလိုပါဘူး။ လုပတဲ့အရာက လုပပြီးသားဘဲဖြစ်ပါတယ်။ (တမန် ၂း၄)မှာ အနည်းငယ် သင်ပေါင်းထည့်ပြီးတော့ အားလုံးကိုသင်ရောသမနေချင် တယ်ဆိုရင် (ယော ၃း၆) ထဲမှာ ပါပါတယ်။ မက်စ်ဖက်တာ ကုမ္ပဏီကနေပြီးတော့အားလုံးကို လုပ်နိုင်ပါတယ်။ အားလုံးကို ပြင်ဆင်ပေးနိုင်ပါတယ်။ ခင်ဗျားတို့ရဲ့ခင်ပွန်းတွေကလည်း ခင်ဗျားတို့ကို ပိုချစ်လာမယ်။ တစ်ခြားလူတွေကလည်း ချစ်လာမှာဖြစ်ပါတယ်။ ဘုရားသခင်လည်း ပိုချစ်လာမှာ ဖြစ်ပါတယ်။

23 ၂၃။ လီလီကိုစဉ်းစားကြည့်ပါ။ ဘယ်လိုကြီးထွားလာရသလဲ¿ ဘယ်လိုပေါက်ပြီး တော့ ကြိုးစားလာရသလဲ¿ သူ့ကိုယ်သူ ထောင်မတ်လာနိုင်အောင် ဘယ်လို လုပ်လာရ ပါသလဲ? ဒီကန်ထဲမှာရှိတဲ့ လီလီလေးကတော့သူဖြတ်သန်းသွားရ တဲ့အရာတွေကို ကြည့်မယ်ဆိုရင် အညစ်အကြေးတွေ၊ ရွံ့တွေ၊ရွံ့နွံတွေများလေလေ ညစ်ပတ်တဲ့ရေတွေ အမှိုက်သရိုက် ဒိုက်တွေကို သူဖြတ်ကျော်ပြီးတော့ကြီးထွားလာရပါတယ်။ သူအဲဒါတွေ အားလုံးကို ကျော်ဖြတ်ပြီးတော့ ဒီဘဝအသက်တာအသက်ရှင်လာခဲ့ရပါတယ်။ ဟိုးကန် ရဲ့အောက်ခြေမှာ အဲဒီမှာ ဖားတွေရှိတဲ့နေရာအောက်ခြေအကျဆုံးနေရာကနေ သူဟာ တက်လာရပါတယ်။ သူ့ကိုယ်သူ ထိုးထောင်ပြီး ထွက်လာရပါတယ်။ဒါပေမဲ့လည်း နေရောင်ခြည်ရဲ့ရှေ့ကို ရောက်လာတဲ့အခါမှာ မွေးဖွားလာရပါတယ်။မျိုးစေ့လေး ပွင့်ပြီး တော့ အသက်ဖြစ်လာရပါတယ်။ အဲလိုဖြစ်လာဘို့အတွက် အဆင့်ဆင့်ကျော်ဖြတ်သွား မှသာ ဖြစ်လာနိုင်ပါတယ်။ အဆင့်ဆင့် ကျော်ဖြတ်မှုတွေ မရှိဘဲနဲ့မဖြစ်လာနိုင်ပါဘူး။ အဲဒီလိုဘဲ သူ့ကိုယ်သူ ပေါ်ထွက်လာအောင် နေရောင်ခြည်အောက်မှာလှဖလှပပလေး ဖြစ်လာအောင် ရုန်းထွက်လာခဲ့ရပါတယ်။ အင်မတန် ညစ်ပတ်တဲ့ရေတွေအပေါ်မှာ သူကဒိုက်တွေ အညစ်အကြေးတွေအပေါ်မှာ သူက အပြည့်အဝနဲ့ ဦးခေါင်းထောင်ပြီး တော့တက်လာပါတယ်။ သိပ်ကို ပျော်ရွှင်ဘွယ်ရာဘဲ ဖြစ်ပါတယ်။ လွတ်လွတ်လပ် လပ်နဲ့ သူ့အသက်ကိုသူကယူလိုက်ပါတယ်။ နောက်ပြီးတော့ အဲဒါက လုပတဲ့အသက် တာ ဖြစ်ပြီးတော့ တကယ်ပေါ်ထွက်လာမဲ့အရာရဲ့ ရှေ့မှောက်ကို ရောက်သွားပါတယ်။

ခရစ်ယာန်အသက်တာရဲ့ လုပတဲ့ပုံစံဖြစ်တယ်လို့ ကျွန်တော် စဉ်းစားမိပါ တယ်။ တစ်စုံတစ်ခုသောအရာက သင့်ကိုကမ္ဘာလောကကြီးကနေ ဆွဲထုတ်နေပါတယ်။ နောက်ဆုံးတစ်နေ့ရောက်ရင် သင်ဟာ ကိုယ်တော်ရှင်ရှေ့တော်မှောက်ကို မွေးဖွားလာ မှာ ဖြစ်ပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်ဖြစ်ပါတယ်။ မည်မျှ လုပပါသ လဲ?အဲဒါကို သင်ကူညီဘို့ ကြိုးစားမယ်ဆိုရင် သင်သတ်လိုက်သလို ဖြစ်သွားမှာဖြစ်ပါတယ်။

24 ၂၄။ ကြက်ကလေးပေါက်လာတဲ့ပုံစံကဲ့သို့ဘဲဖြစ်ပါတယ်။ ဒီကြက်ကလေးတွေကို ကြည့်မယ်ဆိုရင် သူတို့ရဲ့ နှုတ်သီးကလေးတွေနဲ့ သူတို့က ဒီဥလေးတွေကို ခေါက်ပြီး ထွက်လာပါတယ်။ ငှက်ရဲ့ နှုတ်သီးသေးသေးလေးဘဲဖြစ်ပါတယ်။ တဖြည်းဖြည်းနဲ့ ရင့်ကျက်လာပြီးတော့ အဲဒီဥအခွံကနေ သူကထွက်လာပါတယ်။ ဒီဥကအထဲမှာဆိုရင် ပုပ်သိုးသွားမှာဘဲ ဖြစ်ပါတယ်။ အဲဒီတော့ နှုတ်သီးသေးသေးလေးလိုပါတယ်။ ဥကိုခြစ် ပြီးတော့ ဖေါက်ထွက်ပြီးတော့ အဲဒီအခွံထဲကနေ အပြင်ကို ရောက်လာမှာ ဖြစ်ပါတယ်။ဒီကင်တူကီမှာဆိုရင် ကျွန်တော်တို့က ဘာပြောလဲဆိုတော့ သူ့ရဲ့ထွက်ပေါက်ကို သူ့ဟာသူဖေါက်ပြီး ထွက်လာတယ်လို့ ပြောကြပါတယ်။ ဒီထက်ပိုပြီးတော့ ကောင်းတဲ့နည်းလမ်းမရှိတော့ပါဘူး။ ဘုရားသခင် ပံ့ပိုးပေးထားတဲ့နည်းလမ်းဘဲ ဖြစ်ပါတယ်။ သူ့ကို ကူညီအောင် ကြိုးစားမယ်ဆိုရင် သူ့ကို သတ်လိုက်သလို ဖြစ်မှာပါ။ အဲဒီ ကြက်ဥအခွံကိုသွားပြီး ခွဲထုတ်လိုက်မယ်ဆိုရင် သူသေသွားမှာ ဖြစ်ပါတယ်။ သူ့ဟာနဲ့သူ ကြိုးစားပြီးတော့ ရုန်းကန်ပြီးတော့ ဖေါက်ပြီးတော့ ထွက်လာမှာ ဖြစ်ပါတယ်။

အဲဒီနည်းအတိုင်းဘဲ ခရစ်ယာန်တွေလည်းအဲလိုဘဲ ဖြစ်ပါတယ်။ တစ်စုံတစ် ယောက်သောသူက သင့်လက်ကို လာပြီးတော့ ဆွဲပြီးတော့နုတ်ဆက်မှာ မဟုတ်ပါဘူး။ ဆွဲနုတ်ဆက်ပြီးတော့ သင့်ကို အထဲကို ခေါ်ယူပြီးတော့ သွားမှာမဟုတ်ပါဘူး။ အဲဒီမှာ သင်လဲလျောင်းပြီးတော့ သင်သေဆုံးသည့်အထိ လဲလျောင်းနေရမှာဖြစ်ပါတယ်။ ပုပ် သိုးသွားတဲ့အထိ ဖြစ်ပါတယ်။ သင်ဟာ ဘုရားသခင်ရဲ့နိုင်ငံတော်ထဲကိုမွေးဖွားလာပါ တယ်။ ဘုရားသခင်ပံ့ပိုးပေးတဲ့ နည်းလမ်းအတိုင်းဘဲ ဖြစ်ပါတယ်။စာအုပ်အားဖြင့် သင်အထဲကို ဝင်သွားတာ မဟုတ်ပါဘူး။ အဲဒီကို ဝင်သွားပြီးလက်ဆွဲနုတ်ဆက်ပြီးတော့ အဲဒါတွေ အကုန်လုံးကို ဆွဲချကျော်တက် စသည်တို့ လုပ်ရမှာမဟုတ်ပါဘူး။ ဒီကြက်ဥ အခွံကဘဲ သင့်ဟာနဲ့သင် ဖေါက်ထွက်လာ အောင် လုပ်ရုံဘဲ ဖြစ်ပါတယ်။ဒီထက် ကောင်း တဲ့နည်းလမ်း သူတို့ ရှာလို့ မတွေ့သေးပါဘူး။ သိပ်ကောင်းတဲ့နည်းလမ်းလည်း မရှိပါဘူး။

25 ၂၅။ ဘုရားသခင်ရဲ့နည်းလမ်းထက်ပိုကောင်းတဲ့နည်းလမ်း ဒီကလေးငယ်တွေအ တွက် မရှိပါဘူး။ အဲဒီ ကလေး ငယ်လေးမွေးဖွားတဲ့အခါမှာ သူ့ရဲ့ဘေးနားမှာ သူ့ရဲ့ပုခက် လေးဘေးနားမှာ ခြူကလေးချိတ်ဆွဲထားလို့ ရပါတယ်။ ငါ့သားလေးကတော့ ဒီနည်းနဲ့ သီချင်းရေးဆရာ ဖြစ်လာပါတယ်။ငါစာအုပ်ဖတ်ပြီးတော့ ကလေးကို ဘယ်လို ပြုစုပျိုးထောင်ရမလဲဆိုတဲ့ စာအုပ်ကိုဖတ်ပါတယ်။ နင်ကတော့ ခေတ်မီတဲ့ကလေးဘဲ ဖြစ်ပါတယ်။ ခေတ်မီတဲ့အိမ်မှာ မွေးဖွားတယ်။ခေတ်မီတဲ့ မိဘတွေကနေ မွေးဖွားလာ ခြင်းဘဲ ဖြစ်ပါတယ်။ မင်းဆာရင် ဒါမှမဟုတ် မိခင်ကိုလိုအပ်ရင် ခေါင်လောင်းလေးကို တီးလိုက်ပါ။ အဲလိုပြောလို့တော့ ဘာမှ အလုပ်မဖြစ်ပါဘူး။တနည်း နည်းလမ်းတစ်ခုဘဲ ရှိပါတယ်။ သူက နို့ဆာပြီဆိုရင်ငိုကြွေးမှာ ဖြစ်ပါတယ်။ အဲဒါကဘုရားသခင်ရဲ့ နည်း လမ်းဘဲ ဖြစ်ပါတယ်၊

အဲဒီနည်းလမ်းကတော့ ကျွန်တော်တို့ငိုကြွေးပြီးတော့ တောင့်တတဲ့ နည်းလမ်း ဘဲ ဖြစ်ပါတယ်။ အော်ဟစ်ပြီး ငိုကြွေးဘို့ဘဲဖြစ်ပါတယ်။ လုံးဝမရှက်ပါနဲ့။ ဘုရားသခင် ကို ငါက ဆာတတ်နေပါတယ်။ သင်းထောက်တွေ၊သင်းအုပ်တွေ ဘေးနားမှာ ဘာဘဲရှိရှိ အော်လိုက်ပါ။ ဘယာ်လိုနည်းနဲ့ဘဲဖြစ်ဖြစ်ဂရုမစိုက်ပါနဲ့။ ဂျုန်းစ်တွေ ဟိုးအနောက်မှာ ထိုင်နေပါတယ်။ ဘာကွာခြားမှု ဖြစ်ပါသလဲ¿ ငိုကြွေးပါတယ်။ သူတို့ အဲလိုနည်းနဲ့ဘဲ ငိုကြွေးပြီးတော့ရောက်လာပါတယ်။ နောက်ဆုံး သင်အကူအညီ ရရှိတဲ့အထိဘဲ ဖြစ်ပါ တယ်။ ကိုယ်တော်ရှင်ဒီလောကမှာ အသက်ရှင်စဉ်အခါမှာ သွန်သင်ပေးတဲ့အရာက တော့ မတရားတဲ့တရားသူကြီးတစ်ယောက်အကြောင်းဘဲ ဖြစ်ပါတယ်။

26 ၂၆။ နှင်းစက်ကလေးတစ်စက်ဘဲ ဖြစ်ပါတယ်။နှင်းစက်ကလေးထဲမှာ ဘာတွေ ပါဝင်လဲဆိုတာကို ဖေါ်မြူလာကို ကျွန်တော် မသိပါဘူး။ သိပ္ပံပညာရှင်တွေတော့ သိမှာ ဖြစ်ပါတယ်။ ကျွန်တော် စဉ်းစားမိတဲ့နည်းလမ်းအတိုင်းဘဲကျွန်တော် ပြောချင်ပါတယ်။ လူတစ်စုကနေပြီးတော့ သူတို့က အတူတကွ ရောက်လာပြီးတော့အင်မတန် မှောင်မိုက် မဲတဲ့ ညတစ်ညမှာ ဒီကမ္ဘာမြေကြီးပေါ်ကို သက်ရောက်လာခြင်းဘဲဖြစ်ပါတယ်။ ညဖက် မှာမွေးဖွားလာခြင်းဘဲဖြစ်ပါတယ်။ မနက်ရောက် တဲ့အခါမှာ အဲဒီမှာလဲလျောင်းနေပြီး တော့ အေးစက်နေပြီးတော့ တုန်ရီနေပြီး ချမ်းတုန်နေပါတယ်။ဒီမြက်ခင်းမြက်ပင်လေး တွေပေါ်မှာ သူတို့ရဲ့အဝတ်အစားလေးတွေကို သူတို့ချိတ်ဆွဲထားပါတယ်။ ဒါပေမဲ့လည်း နေရောင်ခြည် ပေါ်ထွက်လာတဲ့အခါမှာဘယ်လောက်ပျော်ရွှင်ဘွယ် ကောင်းပါသလဲ ?လင်းလက်ပြီးတော့ တောက်ပ လှပပါတယ်။ ဘာကြောင့်လဲ ? ဘာကြောင့်လဲဆိုတော့ နေရောင်ခြည် ပေါ်ထွက်လာပြီးတော့ အဲဒီဟိုးသူအစပျိုးခဲ့တဲ့နေရာကို ပြန်ပြီးခေါ် ဆောင်သွားလို့ဘဲ ဖြစ်ပါတယ်။

ဒါကြောင့် လူယောက်ျား၊ လူမိန်းမတိုင်းဘုရားသခင် ဝိညာဉ်တော်အားဖြင့် ဖွားမြင်လာပါတယ်။ အဲဒါနဲ့ပတ်သက်လို့ တစ်ခုခုတော့ရှိနေပါတယ်။ ကျွန်တော်တို့ အပေါ်ကို အလင်းတန်း ဖျာကျလာတဲ့အခါမှာ ကျွန်တော်fတို့ ပျော်ရွှင်ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့လာတဲ့နေရာကနေ ကျွန်တော်တို့ ပြန်သွားရမှာဘဲဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ ရင်ခွင်တော်မှာဘဲ ဖြစ်ပါတယ်။

ဝမ်းမြောက်ခြင်းနဲ့ တောက်ပနိုင်ပါတယ်။နေကနေပြီးတော့ ကျရောက်လာတဲ့ အခါမှာ သူလာတဲ့နေရာကနေပြီးတော့ သူပြန်သွားတယ်ဆိုတာကိုသိနေရပါတယ်။

တစ်ကယ်ကို သဘာဝအကြမ်းထည်လေးတွေဘဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူတို့နဲ့အတူ ကျွန်တော်တို့ ရှိနေပါတယ်။ နောက်ပြီးတော့တစ်ခါ ထပ်ပြီးတော့ဘာလဲဆို တာကို ထပ်မံရှာဖွေကြမှာ ဖြစ်ပါတယ်။

27 ၂၇။ မျိုးစေ့အဟောင်းကိုကျွန်တော်တို့ သိပါတယ်။ အဲဒီမျိုးစေ့ အဟောင်းက မျိုးစေ့အသစ် ထွက်ပေါ်မလာမှီအသစ်ကအရင်ထွက်လာရပါတယ်။ သူက ပုပ်သိုးပြီး တော့ ဆွေးမြေ့သွားရမှာ ဖြစ်ပါတယ်။သေဆုံးသွားရတာ မဟုတ်ပါဘူး။ ပုပ်သွားတာပါ။ သူသေဆုံးပြီးတဲ့နောက်မှာ ပုပ်သိုးခြင်းဘဲဖြစ်ပါတယ်။ အဲဒါ အမှန်တရားဆိုတာ ကျွန်တော်တို့ သိကြပါတယ်။

အသစ်တစ်ဖန်မွေးဖွားခြင်းမှလည်း အလားတူဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဘယ်တော့မှ ပြန်မသွားပါဘူး။ ဒါပေမဲ့လည်း ကျွန်တော်တို့ရှေ့ကိုသွားပါတယ်။ သင်အ သစ်တစ်ဖန်မွေးဖွားလာတဲ့အခါမှာ သင်ရှေ့ဆက်ဖို့ဘဲ ဖြစ်ပါတယ်။အဲဒါကြောင့်မို့ ကျွန်တော် ဒီနေ့ စဉ်းစားမိတဲ့အရာကတော့ ကျွန်တော်တို့မှာမြောက်များစွာသော စစ်မှန်တဲ့ အသစ်တစ်ဖန် မွေးဖွားခြင်းတွေရှိပါတယ်။ အဲဒါဘာကြောင့်လဲဆိုတော့ မျိုးစေ့ကြောင့်ဘဲ ဖြစ်ပါတယ်။ နှုတ်ကပတ်တော်အားဖြင့်ဖြစ်ပြီးတော့ ဒါမှမဟုတ် ပုဂ္ဂိုလ်အားဖြင့်ဘဲ ဖြစ်ပါတယ်။ သူတို့က စံနစ်အဟောင်းနဲ့ပုပ်သိုးပြီးတော့ မသွားချင်ပါ ဘူး။ သူတို့ အဲဒီအထဲကနေ ထွက်မလာချင်တော့ပါဘူး။သူတို့ အဲဒီ စံနစ်ဟောင်းထဲမှာ ဘဲ ဆက်လက်တည်ရှိချင်ပါတယ်။ နောက်ပြီးတော့အသစ်သောမွေးဖွားခြင်းကို သူတို့ ကျော်ချင်ပါတယ်။ ဒါမှမဟုတ်ရင်လည်း ခေတ်ကာလရဲ့သတင်းစကားဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ လူသာရဲ့အောက်မှာ တွေ့ပါတယ်။ ဝက်စလီရဲ့ပင်တေကုတ္တေတွေရဲ့လက် အောက်မှာဘဲတွေ့ ပါတယ်။ အခြားသော ခေတ်ကာလတွေ အားလုံးမှာတွေ့ရပါတယ်။ သူတို့ဟာ ဒီစံနစ်ဟောင်းကြီးတွေကို ဆက် လက်ပြီးတော့ ကိုင်တွယ်နေဆဲဘဲဖြစ်ပါ တယ်။ ဒါပေမဲ့လည်း ဒီစံနစ် အဟောင်းကြီး ပုပ်သိုးပြီးတော့ သေဆုံးသွားရမှာဖြစ်ပါတယ်။ အဲဒီခေတ်မှာ စံနစ်အသစ် ပေါ်ထွက်လာမှာဘဲ ဖြစ်ပါတယ်။ သူတို့ကတော့အဟောင်းကိုဘဲ ဖက်တွယ်နေဆဲဘဲ ဖြစ်ပါတယ်။

28 ၂၈။ စံနစ်အဟောင်းကသေဆုံးသွားပြီဆိုတာ သူတို့သိပါတယ်။ ဒါပေမဲ့လည်း သူတို့အဲဒီကနေ ပုပ်ပြီးတော့ထွက်မလာ ချင်ကြပါဘူး။ ပုပ်သွားခြင်းကတော့ လုံးကို ပုပ်ပြီးတော့ တစ်ကယ်ဘဲပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ ကြွေးကြော်မှုတစ်ခု လုပ်လိုက်ပါတယ်။ ဥပမာအသစ်မွေးဖွားလာတာ ဖြစ်တယ်။ ဒါပေမဲ့လည်း အဲဒီကြွေး ကြော်မှုဟာ တစ်ကယ်ဘဲပြဿနာတစ်ခုဖြစ်ပါတယ်။ ပုပ်သိုးခြင်း ဖြစ်ပါတယ်။ ပုပ်သိုး ခြင်းကမှသာ အသစ်သော ဖွားမြင်ခြင်းကိုဖြစ်စေမှာ ဖြစ်ပါတယ်။ အဲဒီကနေပြီးတော့ ပုပ်သိုးပြီးတော့ ထွက်သွားရမှာ ဖြစ်ပါတယ်။ခေတ်ကာလတိုင်းမှာ ကျွန်တော်တို့ လုပ်ခဲ့ သလိုဘဲ ဖြစ်ပါတယ်။ ဝက်စလီတွေရဲ့ခေတ်ကာလထဲမှာလည်း ဖြစ်နေပါတယ်။

ဒါပေမဲ့လည်း အဲဒါပြီးနောက်ပိုင်းအသစ်တစ်ဖန်မွေးဖွားခြင်း ပေါ်ထွက်လာ ပါတယ်။ ဝက်စလီမဟုတ်ရင် လူသာနှုတ်ကပတ်တော်တစ်ခုနဲ့ ပေါ်ထွက်လာပါတယ်။ ဖြောင့်မတ်သောသူဟာ ယုံကြည်ခြင်းအားဖြင့်အသက်ရှင်မယ်လို့ ဆိုပါတယ်။ သူဟာ ဘယ်လိုနည်းနဲ့မှ စံနစ်အဟောင်းကြီးကို မှီတွယ်ဖက်တွယ်ထားလို့ မရပါဘူး။ အဲဒီ စံနစ်ဟောင်းထဲကနေ ထွက်ပေါ်လာရတော့မှာ ဖြစ်ပါတယ်။

အဲဒီတော့ ကယ်လ်ဗင် ဝါဒီတွေကနေပြီးတော့အင်္ဂလီကန် ဘုရားကျောင်းမှာ အဲလိုအခြေအနေမျူttt; ရှိတယ်ဆိုတာကို တွေးမိမှာပါ။ ဒီကယ်လ်ဗင်ရဲ့ ဩဝါဒလက်အောက်ကို ရောက်နေပါတယ်။ ဘုရားသခင်က အာမေးနီးယန်းဩဝါဒကို ပေါ်ထွက် လာစေပါတယ်။အဲဒါကတော့ ဂျွန်ဝက်စလီဘဲ ဖြစ်ပါတယ်။ စံနစ်အဟောင်းက သေဆုံးရမှာ ဖြစ်ပါတယ်။ ဒါမှသာစံနစ်အသစ် ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။

ဝက်စလီရဲ့ခေတ်ကာလ တစ်ဖြည်းဖြည်းနဲ့လျော့ပါးသွားတဲ့အခါမှာ အခြား ခေတ်ကာလကလေးတွေ ဒါမှမဟုတ် အသွောက်ကနေ အရွက်နုကလေးများပေါ်ထွက် လာတယ်။ ဒါမှမဟုတ် ပါးပွားလေးတွေ ပေါ်ထွက်လာပါတယ်။ ဝက်စလီရဲ့ ခေတ်ကာ လမှာဘဲဖြစ်ပါတယ်။ ပင်တေကုတ္တေ ပေါ်ထွက်လာတဲ့အခါမှာ ဝိညာဉ်ဆုကျေးဇူးများ ပြန်လည်ပေါ်ထွက်လာပါတယ်။ သူတို့က နှစ်ခြင်းတွေ ပရက်စ်ဘီတေးရီးယန်းတွေ ဟိုးလီးနက်စ်၊ နာဇရင်း၊ Church of Christ အဲလိုတွေ ထဲကနေပေါ်ထွက်လာ ပါတယ်။ အဲဒီကနေ ပေါ်ထွက်လာခြင်းဘဲဖြစ်ပါတယ်။ အဲဒီကနေဘဲ ပုတ်သိုးသွားပါတယ်။ပြီးတော့မှသာ အသစ်တဖန်မွေးဖွားခြင်းကို ရရှိပါတယ်။

29 ၂၉။ သင်ကိုအမြဲတမ်းငကြောင် လို့ ခေါ်ပါတယ်။ ဒါပေမဲ့လည်း ပေါလုပြောခဲ့တဲ့ အတိုင်းဘဲ သူကငုတ်ထွက်သွားပြီး တော့

တချိန်ကလည်း သူကြွေးကြော်ခဲ့ပါတယ်။အယူမှားဝါဒီအဖြစ်အခေါ်ခံရပြီးတော့ အဲဒီနည်းလမ်းနဲ့ဘဲ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခဲ့ပါတယ်။ သူဟာ အဟောင်းကနေပြီးတော့ ပုပ်ပျက်သွားပြီးတော့ အရိပ်ဖြစ်ရ မှာဘဲဖြစ်ပါတယ်။

အခု ကျွန်တော်တို့ ရောက်နေတဲ့ နေရာဘဲဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ ခံယူကြည့်ပါ။ အဲဒါ ကျွန်တော့်ရဲ့အတွေးဘဲ ဖြစ်ပါတယ်။ အသင်းတော်တွေက အရမ်း စံနစ်ကျပြီးတော့ တစ်ယောက်နဲ့တစ်ယောက်ပိုင်ဆိုင်မှုမရှိတဲ့အထဲကို ရောက်ပါတယ်။ သင်ဟာ မိဿဟာယဖွဲ့တဲ့ ကပ်ပြားရှိရပါမယ်။ဒါမှမဟုတ် အမှတ်အသားတစ်ခုခု ရှိရပါမယ်။ အဲဒါကို ယုံကြည်ခြင်းအားဖြင့်တစ်ခုတည်းသောတံခါးကတော့ ဒီစီးပွားရေး သမားတွေ ဖွင့်ထားတဲ့ တံခါးဘဲ ဖြစ်ပါတယ်။ သူတို့ဟာအဖွဲ့အစည်း မဟုတ်တဲ့အတွက် ကြောင့် သူတို့အထဲကို ကျွန်တော် သွားနိုင်ပါတယ်။ ဒါပေမဲ့လည်း သတင်းစကားကို ယူဆောင်လာပြီးတော့ ကျွန်တော့်စိတ်ထဲမှာရှိတဲ့အရာတွေကိုလူတွေကို ပေးချင်ပါ တယ်။ ဒါပေမဲ့လည်း အရမ်းကို စံနစ်တကျလွန်း ပါတယ်။ ပင်တေကုတ္တေအသင်းသား တွေကို ကျွန်တော်သိပါတယ်။ ပင်တေကုတ္တေကတော့ အဖွဲ့အစည်း မဟုတ်ပါဘူး။မိမိကိုယ်ကို ပင်တေကုတ္တေအတွေ့အကြုံရှိတယ်။ ဂိုဏ်းဂဏ မဟုတ်ဘူးလို့ ဆိုကြပါတယ်။

ဒါပေမဲ့လည်း အရာရာကို တွေ့မြင်တဲ့အခါမှာလူတော်တော်များများအတွက် ခက်ခဲတဲ့အရာဘဲ ဖြစ်ပါတယ်။ သူတို့ အဲဒါကိုကြည့်လိုက်ပြီးတော့ ယုံကြည်လိုက်တဲ့အ ခါမှာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဘုရားသခင်ရဲ့အမှတ်အသား ပြုတယ်ဆိုတာကို တွေ့ရပါတယ်။ နှုတ်ကပတ်တော်ထဲမှာ ရှိနေပါတယ်။အဲဒီအထဲကနေပြီးတော့ သူက ပုပ်ထွက်သွား နိုင်ဘို့ရန် ခက်ခဲပါတယ်။ အဲဒီတော့ကျွန်တော်ဘာလုပ်မလဲ¿ ကျွန်တော် ဘယ်ကနေပြီးတော့ အစာအဟာရရရှိမှာလဲ?

ဘယ်လိုအရာမျိုးလဲ? ဘုရားသခင်ဟာ သင့်ရဲ့အစာအဟာရဘဲဖြစ်ပါတယ်။ ဘုရားသခင်က ကိုယ်ဆွဲကိုင်ထားရမဲ့ အရာဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့နိုင်ငံတော်နဲ့ ဖြောင့်မတ်ခြင်းတရားကို အရင်ရှာပါ။ကျန်တဲ့အရာတွေအားလုံးကို ချထားနိုင်ပါ တယ်။ ကျွန်တော် ဘာပြောသလဲဆိုတာကိုခင်ဗျားတို့ သိမှာဘဲဖြစ်ပါတယ်။

30 ၃ဝ။ ဘုရားသခင်ရဲ့ပရောဖက်တွေက ကမ္ဘာအသစ်ကကျွန်တော်တို့မှာ ရှိရမယ်လို့ ဆိုပါတယ်။ ကောင်းကင်အသစ်လည်း ရှိရမယ်။ မြေကြီးအသစ်လည်း ရှိရမယ်လို့ ဆိုပါတယ်။ အဲဒါနဲ့ ပတ်သက်လို့ ကျမ်းချက်ကိုလိုချင်တယ်ဆိုရင် (ဗျာဒိတ်ကျမ်း ၂၁)ကို ကြည့်ပါ။ အဲဒီကျမ်းချက်ကို ကျွန်တော်ရည်ညွှန်းပြီးတော့ခင်ဗျားတို့ ပြောဆိုနိုင် ပါတယ်။ ယောဟန် မိန့်တော်မူတဲ့အတိုင်း ကောင်းကင်အသစ်မြေကြီးအသစ်တွေ ပထမ ကောင်းကင် ပထမဖြစ်ခဲ့တဲ့ မြေကြီးတွေ ကွယ်ပျောက်သွားအောင်ငါတွေ့တယ် လို့ ဆိုပါတယ်။ အားလုံး ကွယ်ပျောက်သွားပါတယ်။ ကျွန်တော်တို့မြေကြီးအသစ်ကို ရယူလိုမယ်ဆိုရင် မြေကြီးအဟောင်း၊ အသစ်သော မြေကြီး ဘယ်လိုမှရှိနိုင်တော့မှာ မဟုတ်ပါဘူး။ အသစ်နဲ့အဟောင်း တူယှဉ်တွဲပြီးတော့ မရှိနိုင်ဘူး။ကမ္ဘာအသစ်နဲ့ ကမ္ဘာအဟောင်း တစ်ချိန်တည်းမှာ အတူတကွ ယှဉ်တွဲပြီး မရှိနိုင်ပါဘူး။ကမ္ဘာစံနစ်ကြီး (၂)မျိုး အတူတကွ တစ်ချိန်ထဲမှာ မရှိနိုင်ပါဘူး။ အခုအခါမှာကမ္ဘာမြေကြီးအသစ်ကို ရရှိနိုင်ဘို့အတွက် အဟောင်းကနေပြီးတော့ သေဆုံးသွားရမှာဖြစ်ပါတယ်။ အဲဒီ အဟောင်းက သေဆုံးရမှာ ဖြစ်တဲ့အတွက်ကြောင့် အသစ်ပေါ်ထွက်လာဘို့အတွက်အင်မတန်နာကျဉ် ခံစားနေရတဲ့ ဖွားမြင်ခြင်း ဝေဒနာကို ရရှိပါတယ်။

31 ၃၁။ ဆရာဝန်က လာပြီးတော့ လူနာတစ်ယောက်ကိုစစ်ဆေးကြည့်ရှုလိုက်တဲ့အခါ မှာ အဲဒီလူဟာ မီးဖွားတော့မဲ့လူနာ ဖြစ်နေပါတယ်။ အဲဒီတော့ဆရာဝန်က သူလုပ်ရမဲ့ အလုပ် လုပ်နေပါတယ်။ လူ(၂)ယောက်၊ (၃)ယောက်ရှေ့မှာကျွန်တော်ပြောတဲ့အတိုင်း ဘဲ ဖြစ်ပါတယ်။ အင်မတန်တော်တဲ့ ခရစ်ယာန်ဆရာဝန်တွေဖြစ်ပါတယ်။ သူတို့ကို တော့ မေးမှာ ဖြစ်ပါတယ်။ ပထမဆုံး ဆရာဝန် လုပ်တဲ့အရာကတော့လူနာကို ကြည့်ရှုမှာပါ။ အဲဒီအချိန်မှာ ဖွားမြင်ခါနီးလို့နာကျဉ်တဲ့အချိန်ဘဲဖြစ်ပါတယ်။ သူက ဒီနာကျဉ်မှုတွေကို အချိန်သတ်မှတ်ပါတယ်။ သူတို့သူတို့နဲ့ နီးနီးစပ်စပ် ရှိနေပါတယ်။ ဘယ်လောက်ထိစိတ်ပူပန်သောကရောက်နေကြမလဲ။တခြားတစ်ယောက်ထက် အခြား တစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက်ပိုမိုပြီးခက်ခက်ခဲခဲဖြစ်နေပါတယ်။ နောက် တခုကတော့ ပိုပြီးခက်ခဲပါတယ်။ တစ်ယောက်နဲ့တစ်ယောက်ပိုမို နီးစပ်မှု ရှိလာပါ တယ်။ သူအဲလိုနည်းနဲ့ လူနာကို ကြည့်ရှုပါတယ်။သူရဲ့နာကျဉ်မှုကို ကြည့်ရှုခြင်းဘဲ ဖြစ်ပါတယ်။

၈၈။ ကမ္ဘာလောကကြီးကနောက်ထပ်ကမ္ဘာအသစ်ကို ဖွားမြင်တော့မယ် ဆိုလို့ ရှိရင် သူလည်း နာကျည်ခံစားရပါတယ်။ဒါကြောင့်မို့လို့ သားဖွားခြင်းဝေဒနာကို စစ်ဆေးကြည့်ပြီးတော့ ဒီကမ္ဘာလောကကြီးမှာကျွန်တော်တို့လေ့လာကြရမှာ ဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ ဘယ်နေ့ ဘယ်လောက်ကြာကြာမှာသူမသည် နာကျည်ခံစား နေရအုန်းမလဲဆိုတာကို ကျွန်တော်တို့တွေ့မြင်ရမှာ ဖြစ်ပါတယ်။

32 ၃၂။ ပထမကမ္ဘာစစ်ကြီးက အင်မတန်ကြီးမာတဲ့နာကျည်မှု ဝေဒနာတွေကို ဖော် ပြနေပါတယ်။ ပထမဦးဆုံးနာကျည်း ဝေဒနာကို ခံစားနေရတာကိုတွေ့ရပါတယ်။ အဲဒီ အချိန်တုန်းက သူမအတွက် ဘာတွေဖြစ်လဲဆိုရင် ဖုံးကျဲခြင်းတွေခံရပါတယ်။ စက်သေ နတ်တွေနဲ့ အဆက်မပြတ်ပစ်ခတ်ခြင်းကို ခံရပါတယ်။ နောက်ပြီးတော့အဆိပ်မိတ် ငွေ့တွေကို လွတ်ခြင်းကိုလည်း ခံရပါတယ်။ တော်တော်များများက အဲဒါကိုမကြုံတွေ့ ရပါဘူး။ အဲဒီတုန်းက ကျွန်တော်ငယ်ငယ်လေး ဘဲဖြစ်တယ်။ ၈ နှစ်သားအရွယ်ဘဲဖြစ်တယ်။ ဒါပေမဲ့လည်း သူတို့အဲဒီအကြောင်းအရာတွေကို ပြောနေတာကို သိနေရ ပါတယ်။အင်မတန်သေးငယ်ပြီးတော့ မုန့်ဟင်းစေ့လောက်ဘဲ ရှိတဲ့ ဂတိုတင်းဓာတ် ငွေ့လေးနဲ့ဘဲအဆိပ်ခတ်ခြင်း ဘဲဖြစ်ပါတယ်။ အဲဒါဘယ်လိုစတင်ပြီး လုပ်ဆောင်လဲ။အဲဒါကနေပေါက်ကွဲပြီးတော့ လောင်ပြီးတော့ တကမ္ဘာလုံးကို ကျွမ်းသွားစေပါတယ်။

လူတိုင်းကိုလည်း သေစေပါတယ်။နောက်ပြီးတော့ လေတွေတိုက်တယ်။ တကမ္ဘာကြီး မှာ လေတွေ ဖြတ်ပြီးတိုက်သွားပါတယ်။ လူတွေဟာ သေရမှာကို အရမ်းကိုကြောက် နေပါတယ်။ အင်မတန်ကြီးမားတဲ့အဆိပ်ဓာတ်ငွေ့ကြီးဘဲဖြစ်ပါတယ်။ ကမ္ဘာလောက ကြီးဟာ ပထမဦးဆုံး နာကျည်မှုသားဖွားခြင်းဝေဒနာကို ခံစားခဲ့ရပါတယ်။

ယခုအခါမှာကျွန်တော်တို့တွေ့ရှိရတဲ့အရာကတော့ ဒုတိယကမ္ဘာစစ်ကြီး ဘဲဖြစ်ပါတယ်။ဒုတိယကမ္ဘာစစ်ကြီးမှာဆိုရင် ပိုပြီးတော့ နာကျည်မှုကိုခံစားရပါတယ်။ ပိုပြီးတော့ကြောက်မက်ဖွယ်ကောင်းပါတယ်။ ဒီကမ္ဘာလောကကြီးမှာ သားဖွားဖို့နာ ကျည်မှုကိုခံစားရတာထက်

သာပါတယ်။ ဒီအနုမြူဗုံး ကျဲချရတဲ့အချိန်မှာ ဆိုလို့ရှိ ရင် အရမ်းကိုခံစားရပါတယ်။ မြို့ကြီးတမြို့လုံးကို ပျက်စီးအောင် ဖျက်စီးပစ်နိုင်ပါ တယ်။ ပထမကမ္ဘာစစ်ကြီးမှာ နာကျည်ခံစားရတာထက်ပိုပြီးတော့ နာကျည်ခံစားရ ပါတယ်။ကမ္ဘာကြီးမှာ အပျက်အစီးတွေ ပိုမိုပြီးတော့ တွေ့ရပါတယ်။

33 ၃၃။ ယခုအခါမှာ သူမသားဖွားဖို့အချိန်ရောက်နေပြီးဆိုတာကို သူမသိနေပါ တယ်။ အဲဒါကြောင့် သူမအရမ်းကိုစိတ်လှုပ်နေပါတယ်။ စိတ်တွေလည်း မတည်မငြိမ် ဖြစ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီဟိုက်ဟဒိုဂျင် ဗုံးကြောင့် ဖြစ်ပါတယ်။ လေထဲမှာ ရှိနေတဲ့ကျည်ထိပ်ဖူးတွေအားဖြင့်ဘဲဖြစ်ပါတယ်။ အဲဒါတွေဟာ တကမ္ဘာ လုံးကိုဖျက်စီးပျက်လိုက်နိုင်ပါတယ်။ တနိုင်ငံနဲ့ တနိုင်ငံ ကြောက်ရွံ့နေကြပါတယ်။ဘယ်လောက်ဘဲနိုင်ငံလေးတွေက သေးနေပါစေ။ နိုင်ငံတနိုင်ငံနဲ့ တနိုင်ငံ မယုံကြည်ကြတော့ပါဘူး။ သူတို့မှာ အနုဗုံးကျည်တွေရှိနေပါတယ်။ သူတို့ကြယ်တွေအားဖြင့် လည်းလမ်းကြောင်းကို ရှာနိုင်ပါတယ်။ သူတို့ကမ္ဘာကြီးရဲ့ဘယ်နေရာကိုဘဲဖြစ်ဖြစ်ကျည်ထိပ်ဖူးတွေကို ပစ်ချနိုင်ပါတယ်။

ရုရှားနိုင်ငံကတော့ ကျွန်တော် ဟိုးတနေ့ကသတင်းထဲမှာ ကြားရတဲ့အတိုင်း ဘဲ သူအမေရိကန်နိုင်ငံကိုဖျက်စီးပစ်နိုင်တယ်လို့ဆိုပါတယ်။ သူရဲ့နိုင်ငံကို မဖျက်စီး အောင်လို့ သူက အနုမြူဗုံးတွေနဲ့ဒါမှမဟုတ် အခြားအရာတွေနဲ့ ကွယ်ထားပါတယ်။ ကျွန်တော်တို့အဲဒါပတ်သက်လို့ကျွန်တော်တို့ဘာလုပ်ရမလဲဆိုတာကို ကျွန်တော်တို့ မသိပါဘူး။ လူတိုင်းက အဲလိုဘဲကြွေးကြော်နေကြပါတယ်။ အဲဒီအတိုင်းလည်း ဖြစ် နေကြပါတယ်။

လူတွေရဲ့ သိပ္ပံပညာ ဘုရားသခင်ရဲ့ကြီးမားတဲ့ခါတ်ခွဲခန်းကြီးကိုတောင် ထိုးဖောက်ပြီး ဝင်ရောက်နေပါတယ်။နောက်ဆုံးသူတို့ကိုသူတို့ ဖျက်ဆီးပစ်ဖို့ အခြေ အနေမျိုးရောက်နေပါတယ်။ ဘုရားသခင်ကခွင့်ပြုပါတယ်။ ဘုရားသခင်က အမြဲတမ်း ညဏ်ပညာကိုခွင့်ပြုပြီးတော့ သူတို့ကိုသူတို့ပျက်စီးတဲ့အရာ ဖျက်ဆီးစေတဲ့အရာတွေ ကို ခွင့်ပြုပါတယ်။ ဘုရားသခင်က ဘယ်အရာကိုမှဖျက်ဆီးတာ မဟုတ်ပါဘူး။ လူက မိမိကိုယ်ကိုမိမိ မိမိအသိပညာနဲ့ဘဲ ဖျက်ဆီးနေခြင်းဖြစ်ပါတယ်။ ဟိုးအစကတည်းက စာတန်ရဲ့ညဏ်ပညာက ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ရဲ့နေရာကိုယူကတည်းကိုက လူတွေဟာ အဲဒီလိုဘဲ မိမိကိုယ်ကိုမိမိဖျက်တီးနေခြင်းဘဲ ဖြစ်ပါတယ်။ အခုအခါမှာသူမ ဘယ်လိုမှ မရပ်တည်နိုင်တော့ပါဘူး။ အရှုံးပေးရတော့မဲ့ အခြေအနေမျိုး ရောက်နေပါတယ်။

34 ၃၄။ ရပ်ရှားနိုင်ငံကတော့ ကျွန်တော်ယုံကြည်တဲ့အတိုင်းဘဲ ဒီနေ့ ကျွန်တော်တို့ နိုင်ငံကို ဖျက်ဆီးပစ်မှာ ဖြစ်ပါတယ်။ သူဖျက်ဆီးနိုင်တယ်လို့ သူထင်ပါတယ်။ သူ့ကိုယ်သူ ထိမ်းသိန်းထားနိုင်ပါတယ်။တခြားနိုင်ငံငယ်လေးတွေလည်း လက်ခံပါတယ်။ ဒါပေမဲ့ လည်း သူတို့ ကြောက်နေကြပါတယ်။ဒီကမ္ဘာလောကကြီးဟာ ဒီစကြာ်ဝဠာကြီးထဲမှာ ဘယ်လိုမှ မရပ်တည်နိုင်တော့ဘူး။ဒီလိုလူမျိုးတွေနဲ့ မရပ်တည်နိုင်တော့ဘူးဆိုတာကို သိနေကြပါတယ်။

ကမ္ဘာလောကကြီးကလည်း သူမရဲ့ဝေဒနာကြီးမားတယ်။ သားဖွားခြင်းဝေဒ နာကြီးမားတယ်ဆိုတာ သိပါတယ်။ သူမလက်လျော့ရပါတော့မယ်။ အသစ်တစ်ဖန် မွေးဖွားလာတော့မှာ ဖြစ်ပါတယ်။ ကျွန်တော်အဲဒီအတွက် ကျေးဇူးတင်ပါတယ်။ ဒီအရာအတွက်တော့ ကျွန်တော် အရမ်းစိတ်ပျက်မိပါတယ်။လူတိုင်းသိပါတယ်။ ဒီနေရာက တော့ သေခြင်း၊ ဝမ်းနည်းခြင်းနေရာတွေ ဖြစ်ပြီးတော့အမျိုးစုံသောအရာတွေ ဝင်ရောက်နေပါတယ်။ သူမကတော့ မွေးဖွားရတော့မယ်ဆိုတော့ ကျွန်တော်ဝမ်းသာမိ ပါတယ်။ အဲဒီအချိန်ကို ရောက်နေပါပြီ။ ရှင်ယောဟန် ပြောခဲ့သလိုဘဲကြွလာတော်မူပါ တယ်ဆိုတာ ဟောတော်မူပါတယ်။

35 ၃၅။ ယခု သူမ ပုပ်သိုးသွားပြီ ဖြစ်ပါသည်။ကျွန်တော် ပြောခဲ့သလိုဘဲ အသစ်သော ဖွားမြင်ခြင်းကို ပေါ်ထွက်လာစေရန်အတွက်ဖြစ်ပါသည်။ သူမ ဘယ်အထဲကို ပုပ်သိုး သွားပါသလဲ၊ညီကိုတို့ သတိပြုကြည့်ပါ။ သူမလုံးဝပုပ်သိုးသွားပါတယ်။ သူမရဲ့နိုင်ံ်ရေးတွေစံနစ်တွေ အားလုံးဟာလည်း အတတ်နိုင်ဆုံး သူတို့ ပုပ်သိုးသွားပါတယ်။ သူမအ ထဲမှာကောင်းတဲ့အရိုးတစ်ချောင်းမှ မရှိတော့ပါဘူး။ သူမရဲ့လောကဆိုင်ရာစံနစ်တွေသူ့ရဲ့နိုင်ငံရေးတွေ၊ သူမရဲ့ နိုင်ငံရေးတွေ ဘာဘဲဖြစ်ဖြစ် အကုန်လုံး အကောင်းမရှိတော့ပါဘူး။ တစ်စုံတစ်ဦးသောသူက ပြောပါတယ်။ ကျွန်တော်ကတော့ ဒီမိုခရက်တစ် ဖြစ်တယ်။ကျွန်တော်ကတော့ ရီပါပလက်ကင် ဖြစ်တယ်။ ကျွန်တော်က မက်သဒစ်၊ ကျွန်တော်က ဘက်ပထစ်စ်၊ဘာကြောင့် အားလုံးဟာ ဟိုးအလယ်အထိ ပုပ်သိုးသွားပါ တယ်။ တစ်ခုခုတော့ ပေးဆပ်ခြင်းလိုပါတယ်။ သူမမရပ်တည်နိုင်တော့ပါဘူး။ ဂျော့ရှ် ဝါရှင်တန် ဒါမှမဟုတ်၊အာဗြဟံလင်ကွန်းကို အမေရိကန်နိုင်ငံရဲ့ တိုင်းနဲ့ပြည်နယ်တိုင်း မှာ ထည့်မယ်ဆိုရင် ဘယ်လိုနည်းနဲ့မှလည်းပြန်ရလာနိုင်မှာ မဟုတ်ပါဘူး။ ဘယ်လိုမှ ကယ်တင်လို့မရတဲ့ အခြေအနေမျိုး ဖြစ်ပါတယ်။

တစ်ခုဘဲကယ်တင်နိုင်တာတစ်လမ်းတည်းရှိပါတယ်။ အဲဒါကတော့ ဘုရား သခင် ပြန်လည် ကြွလာတော်မူခြင်းဘဲ ဖြစ်ပါတယ်။အာမင်။

သူမဘယ်လိုဘဲဖြစ်ဖြစ်လက်မြှောက်အရှုံးပေးမယ်၊ စွန့်လွှတ်ရတော့မယ်ဆို တာ သူမနားလည်ပါတယ်။ သူမနာကျဉ်ခံစားပြီး စိတ်ပျက်နေပါပြီ။ ဘာလုပ်ရမလဲဆို တာတောင် မသိတော့ပါဘူး။ တစ်ယောက်ကဒီလမ်းကိုကြည့်နေတယ်။ နောက်တစ် ယောက်က ဟိုးလမ်းကို ကြည့်နေတယ်။ အမျိုးမျိုးဘဲဖြစ်နေပါတယ်။ တစ်ခုကတော့ အခြားတစ်ခုထက်ပိုပြီး မြင့်မြတ်သယောင်ရှိနေပါတယ်။ တစ်စုံတစ်ယောက်သောသူက လည်း ဒီအရာကို ဖျက်ဆီးဘို့ ကြိုးစားနေပါတယ်။ ဒီတစ်ခုကဟိုတစ်ခုကို အတိုက်အခံ လုပ်ဘို့ ကြိုးစားတယ်။ တစ်ယောက်နဲ့တစ်ယောက် ဖျက်ဆီးဘို့ကြိုးစားနေပါတယ်။ နောက်ဆုံး သူတို့က အပြစ်နဲ့ပြည့်ဝတဲ့ လူတွေလက်ထဲရောက်သွားပါတယ်။ (၅)မိနစ် ဒီကမ္ဘာတစ်ခုလုံးကို ဖျက်ဆီးပစ်နိုင်တဲ့လူတွေလက်ထဲကို ရောက်သွားခြင်းဘဲဖြစ်ပါ တယ်။ သူမဘယ်လိုမှ မရပ်တည်နိုင်တော့ဘူးဆိုတာကို သိနေပါတယ်။ လူတွေကလည်းသူမမရပ်တည်နိုင်တော့ဘူးဆိုတာကို သိနေပါတယ်။ တကမ္ဘာလုံးကလည်း တစ်ခုခုဖြစ်တော့မယ်ဆိုတာကို သိနေကြပါတယ်။

36 ၃၆။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင်မိန့်တော်မူခဲ့ဘူးပါတယ်။ ကောင်းကင်နဲ့ မြေကြီးဟာ မီးလောင်ပျက်စီးသွားမယ်လို့ဆိုပါတယ်။

နောက်ပြီးတော့ အားလုံးကို ပြန်လည်ပြီးတော့ အသစ်တစ်ဖန် လုပ်ဖို့ဘဲဖြစ်ပါတယ်။ အဲဒါမှ ကမ္ဘာအသစ်တစ်ခု မွေးဖွားလာမှာ ဖြစ်ပါတယ်။ ဘုရားသခင်ပရောဖက်ပြုထားပြီးသား ဖြစ်ပါတယ်။

သူမက ပုပ်သိုးသွားပါပြီ။သူမရဲ့စံနစ်တွေအားလုံး အကုန်လုံး ပုပ်သိုးသွားပါ ပြီ။

အဲဒါကြောင့်မို့လို့ သူမက ပြောပါတယ်။သူမအရမ်းကိုစိတ်လှုပ်ရှားနေတယ်။ မျက်နှာက နီရဲပြီးတော့ မျက်နှာကလည်းစိုရွှဲပြီးတော့ နေပါတယ်။ မြေလျှောင်လှုပ် ခြင်းသည် နေရာတိုင်းတွင် ဖြစ်နေပါသည်။ ကမ်းခြေအောက်ဒေါက်လျှောက်မှာစြဖ် နေပါသည်။ အလက်စတာကမ်းခြေမှာဆိုရင် လှိုင်းလုံးကြီးတွေ၊ ဒီရေကြီးတွေ တက်နေတယ်။ အပေါ်အောက် တုန်လှုပ်ခြောက်ခြားနေတဲ့ကမ်းခြေဘဲဖြစ်တယ်။ နောက်ပြီး တော့မြေငလျှင်တွေလည်း လှုပ်နေပါတယ်။ သူကလည်း ရေးသားထားပါတယ်။ ကျွန် တော်တို့ကို ဒီအတိုင်းဘဲထားခဲ့မှာလား။ သူတို့ဘာလုပ်ရမှန်းမသိတော့ပါဘူး။ စိတ်ချလုံခြုံရတဲ့ဒေသဆိုတာမရှိတော့ပါဘူး။ တကယ်ရှိတာကတော့ တခုတည်းသော ဘုရားသခင်၏သားတော် ခရစ် တော်၌သာ လုံခြုံမှုကို တွေ့ရပါတယ်။ နောက်ပြီးတော့ လုံခြုံရေးနယ်မြေအဖြစ် သတ်မှတ်ထားတာဘဲရှိပါတယ်။ အဲဒါကလည်း ကိုယ်တော် ရှင်၌ဘဲဖြစ်ပါတယ်။ကိုယ်တော်ရှင်၏ အပြင်ဖက်တွင်ရှိသောသူအားလုံး ပျောက်ဆုံး သွားမှာဖြစ်ပါတယ်။ဘုရားသခင်ပြောခဲ့သလိုဘဲ တကယ်ကိုသေချာပါတယ်။

37 ၃၇။ ယခုကျွန်တော်တို့ဆရာဝန်စာအုပ်ကိုကြည့်ကြရအောင်။ ဒီလိုအခြေအနေ သူမရောက်ရှိနေပြီဆိုလို့ရှိရင် ဘာဖြစ်မလဲဆိုတာကိုခန့်မှန်းလို့ရပါတယ်။ အသစ် သောကမ္ဘာမြေကြီးမွေးဖွားလာတော့မှာ ဖြစ်ပါတယ်။ မသဲ ၂၄ဆရာဝန်ကြီး မာရေး ချိန် နှင့် သမ္မာကျမ်းထဲမှာ တွေ့ရပါတယ်။ပရောဖက်ပြုချက်ရှိပါတယ်။ သူမရဲ့ ရော ဂါလက်ခဏ္ဍ ဘယ်လိုရှိမလဲဆိုတာကိုရေးသားထားပါတယ်။

အကယ်၍ဆရာဝန်တစ်ယောက်ကခလေးငယ်တစ်ယောက်ရဲ့ ဖွားမြင်ခြင်း ကို သိတယ်ဆိုလို့ရှိ့ရင် ခလေးဘယ်အချိန်မှာမွေးလာမလဲဆိုတာကို သိပါတယ်။ အ ထက်ကနေပြင်ဆင်ထားရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့သူသိထားတယ်။ ဒီအချိန်မှာ ခလေးငယ်က မွေးဖွားတော့မယ်ဆိုတာကိုသူသိထားလို့ဘဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လက္ခဏာတွေ အကုန်လုံးက ဖော်ပြနေပါတယ်။ရေတွေ၊ သွေး တွေထွက်နေပါပြီ။ အချိန်ရောက်နေပါပြီ။ ခလေးငယ်ကျလာပါသည်။ မွေးဖွားဖို့အချိန် ရောက်လာပါပြီ။ အဲဒါကြောင့် သူဟာ အဖက်ဖက်ကနေ အရာခပ်သိမ်းကို ပြင်ဆင်ထား ရမှာဖြစ်ပါတယ်။

သခင်ယေရှု ကျွန်တော်တို့ကိုဘာဖြစ်မလဲဆိုတာ ဒီအချိန်မှာ ဘာဖြစ်မလဲ ဆိုတာ အတိအကျ ဖေါ်ပြခဲ့ပါတယ်။ (မသဲ၂၄)မှာ တစ်ကယ်စစ်မှန်တဲ့အသင်းတော်နဲ့ အခြား အသင်းတော်တစ်ခုအကြောင်း ဖေါ်ပြပါတယ်။အသင်းတော်တစ်ခုကတော့ သဘာဝဖြစ်ပြီး နောက်တစ်ခုကတော့ ဝိညာဉ်ရေးရာ အသင်းတော်ဘဲဖြစ်ပါတယ်။ သူတို့နှစ်ခုဟာ တစ်ခုနဲ့တစ်ခု နီးစပ်ပြီးတော့ တစ်ခုနဲ့တစ်ခုတူညီလွန်းအားကြီးလို့ ရွေးချယ်ထားတဲ့သူတွေကိုတောင် လှည့်ဖျားသွားနိုင်တဲ့အခြေအနေမှာရှိပါတယ်။ နောဧရဲ့နေ့ရက်ကာလတွေမှာ တစ်ကယ်ရှိပါတယ်။ သူတို့ဘယ်လိုစားသောက်ပြီးတော့ ပျော်ရွှင်ပြီးတော့ လက်ထပ်ထိမ်းမြားပြီးတော့ နေနေကြပါသလဲ¿ ဒီကမ္ဘာလောကကြီးရဲ့ မကောင်းမှု ဒုစရိုက်တွေကို ကျွန်တော်တွေ့နေရပါတယ်။သမ္မာကျမ်းစာက ဘုရားသခင် ရဲ့ စာအုပ်စာစောင်တွေ ဖြစ်ပြီးတော့အဲလိုဖြစ်လာမယ်ဆိုတာကို ကြိုတင်ဖေါ်ပြထား ပါတယ်။ ဒီလိုအဖြစ်အပျက်တွေကိုကျွန်တော်တို့ တွေ့ရတဲ့အခါမှာ ကျွန်တော်တို့ သိလာ ရတဲ့ အကြောင်းကတော့မွေးဖွားခြင်း၊ မွေးတော့မယ်ဆိုတာ သိရပါတယ်။ နိုင်ငံတွေကိုု ကြည့်မယ်ဆိုရင် တစ်နိုင်ငံစီတစ်နိုင်ငံစီ ကျွန်တော်တို့ မကြည့်ဘဲနဲ့ ကမ္ဘာကြီးတစ်ခုလုံး အနေနဲ့ ကျွန်တော်တို့ကြည့်လို့ရပါတယ်။

38 ၃၈။ အခုအခါမှာ ဣသရေလ၊ နောက်ပြီးတော့အသင်းတော် အဲဒါတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ပြန်ပြီးတော့ မိနစ်အနည်းငယ်လေ့လာနိုင်ပါတယ်။ နောက်ထပ် (၁၀)မိနစ်အတွင်း ကျွန်တော်တို့ လေ့လာရမှာ ဖြစ်ပါတယ်။ဣသရေလဟာ မွေးဖွားခါ နီး အင်မတန်မှ နာကျဉ်ခံစားမှုတွေ ဖြစ်ပါတယ်။ ပရောဖက်တိုင်းဒီကမ္ဘာလောကကြီး ကို ကြွလာတဲ့ ပရောဖက်တိုင်းရဲ့ လက်အောက်မှာ အမြဲတမ်း သူမဟာခံစားရပါတယ်။ ကိုယ်တော်ရှင်ရဲ့ သတင်းစကားအပြင် သူမက ခံစားရပါတယ်။ ဘာအတွက်လုပ်ပါသလဲ? ပရောဖက်မှာနှုတ်ကပတ်တော်ရှိပါတယ်။ သူမက အရမ်းကို ပုပ်သိုးမှုတွေများစွာ ကို စိုက်ပျိုးထားတဲ့အတွက်ကြောင့်မို့လို့ အင်မတန်မှ စံနစ်ကျတဲ့ အရာတွေ သူမအ သက်ရှင်ဘို့လုပ်ထားတဲ့အတွက် ဒီပရောဖက်က သူမကို ဟိုးအခြေခံအုတ်မြစ်ကနေ စပြီး ခါထုတ်နှုတ်ထုတ်လိုက်ပြီဖြစ်ပါတယ်။ လူတိုင်း သူတို့ကို မုန်းတီးပါတယ်။ ဒါ ကြောင့် ဘုရားသခင်က ပရောဖက်ကိုစေလွှတ်လိုက်တဲ့အခါမှာ အသင်းတော်က ဗိုက်နာပါတယ်။ မွေးဖွားခံနီးနာကျဉ်မှုမျိုးခံစားရပါတယ်။ ပရောဖက်ကတော့ ဘုရား သခင်ရဲ့ နှုတ်ကပတ်တော်ဟာ သူ့ထံကိုလာတယ်လို့ ဆိုထားပါတယ်။ ကိုယ်တော်ရဲ့ ပရောဖက်ထံကိုဘဲ လာပါတယ်။ အဲဒီစကားတွေကတော့အဲဒီခေတ်ကာလအတွက် ဖေါ်ပြထားတဲ့ စကားတွေ ဖြစ်တယ်။ အဲဒီခေတ်ကာလရဲ့ ပရောဖက်ကသာအမြဲတမ်း ပြောဆိုမှာ ဖြစ်ပါတယ်။ အသင်းတော်က စံနစ်တွေအမျိုးမျိုး အများကြီးဒီနှုတ်ကပတ်တော်ကို အခြေခံပြီးတော့ သူတို့စိုက်ပျိုးထားပါတယ်။ သူတို့ အမျိုးမျိုးတည်ဆောက်ခဲ့ပါ တယ်။ သူမကို ဟိုးကျောက်ထဲကနေပြီးတော့ သူထွက်လာတဲ့ ကျောက်ထဲကနေထွက်ပြီး တော့ သူမကို ခါထုတ်လိုက်တဲ့အခါမှာ သူမမှာ ဝမ်းနာခြင်းများ ဖြစ်ရပါတယ်။

အဲဒါဘာလဲ? နှုတ်ကပတ်တော်ကို ဖေါ်ပြခြင်းဘဲ ဖြစ်ပါတယ်။ အသက်ကိုပြန်သွားရခြင်းဘဲ ဖြစ်ပါတယ်။ စံနစ်များမှာ အသက်မရှိပါဘူး။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်သာ အသက်ရှိပါတယ်။ အဲဒီ နှုတ်ကပတ်တော်ကို ဒီစံနစ်များနဲ့ တည်ဆောက် ထားပါတယ်။အဲဒီ သူတို့တည်ဆောက်ထားတဲ့ စံနစ်တွေမှာ အသက်မရှိပါဘူး။ အဲဒီမှာ နှုတ်ကပတ်တော်ရှိပါတယ်။ နှုတ်ကပတ်တော်က အသက်ရှိပါတယ်။ သတင်းစကားက တော့ နှုတ်ကပတ်တော်ဖက်ကိုပြန်ပြီးတော့ အနည်းငယ် ကျန်ကြွင်းတဲ့လူအနည်းစုက လေး မောင်းထုတ်လိုက်ပါတယ်။ အင်မတန်မှ နည်းတဲ့ လူနည်းစုလေး ထွက်ပေါ်လာပြီး တော့ ယုံကြည်မှာဖြစ်ပါတယ်။ နောဧရဲ့ခေတ်ကာလမှာဆိုရင် (၈)ယောက်ဘဲ ထွက် ပေါ်လာပါတယ်။ ဘုရားသခင်က လူနည်းစုလေးကိုကိုင်လှုပ်လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ နောက်ပြီး ကျန်တဲ့လူတွေအားလုံးကိုဖျက်ဆီးလိုက်ပါတယ်။ ကျန်တဲ့အရာတွေအားလုံး ခါထုတ်၊ ဖယ်ထုတ်ခြင်းကို ခံရပါတယ်။

39 ၃၉။ ခေတ်ကာလတိုင်းမှာ တောက်လျှောက်အဲလိုဘဲ ဖြစ်လာပါတယ်။ တောက် လျှောက် အသင်းတော် အဲဒီမှာ ပေါ်ထွက် လာပြီးတော့ အဲဒီမှာလူသားကလေးငယ်ဖြစ်တဲ့ နှုတ်ကပတ်တော်ကို မွေးထုတ်လိုက်ပါတယ်။နှုတ်ကပတ်တော်ကိုယ်တိုင်က လူဇာတိကို ခံခြင်းဘဲ ဖြစ်ပါတယ်။ အစအဦးမှာနှုတ်ကပတ်တော်ရှိတယ်။ နှုတ်ကပတ် တော်က ဘုရားသခင်နဲ့အတူရှိတယ်။ နှုတ်ကပတ်တော်ကလည်းဘုရားသခင်ဖြစ်တယ်။ နှုတ်ကပတ်တော်က လူဇာတိကို ခံပြီးတော့ ကျွန်ုပ်တို့အထဲမှာကျိန်းဝပ်တော်မူတယ်လို့ ဆိုထားပါတယ်။ ကိုယ်တော်ရှင်က နတ်ဆိုးတိုင်းကိုအနိုင်ရခဲ့ပါတယ်။ ဒီကမ္ဘာလောက ကြီးထဲမှာရှိတဲ့ တန်ခိုးအာဏာတွေ အားလုံး၊ ကိုယ်တော်ရှင်ကို ဆန့်ကျင်တဲ့အရာတွေ အားလုံးကို သူက အနိုင်ယူခဲ့ပါတယ်။ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်အားဖြင့်သာ ဖြစ်ပါတယ်။ စာတန်သူ့ကိုပေးတဲ့စုံစမ်းခြင်းနှောက်ယှက်ခြင်းတွေ အကုန်လုံးကိုလည်း သူကကျော်လွှားပြီးတော့ စာတန်ကနောက်ဆုတ်ခိုင်းပါတယ်။ သူ့ရဲ့တန်ခိုးများအားဖြင့် မဟုတ်၊ ဘုရားသခင်ရဲ့နှုတ်ကပတ်တော် တန်ခိုးနဲ့ဘဲ ဖြစ်ပါတယ်။ နှုတ်ကပတ်တော် ရေးသားထားတယ်။ ရေးသားထားတယ်လို့သူကဆိုပါတယ်။ သူက နှုတ်ကပတ်တော် ဖြစ်လို့ပါဘဲ။

စာတန်က ဧဝကို ဆန့်ကျင်ပြီးတော့ပြောကြားတဲ့အခါမှာ သူမက နှုတ်ကပတ်တော်မဟုတ်ပါဘူး။ အဲဒါကြောင့်မို့ကျဆုံးသွားရပါတယ်။ မောရှေကို သူကဆန့်ကျင်တဲ့ အခါမှာ အလားတူဘဲ ဖြစ်ပါတယ်။ဒါပေမဲ့လည်း သူက ဘုရားသားတော်ကို ထိခိုက် လိုက်တဲ့အခါမှာ သူ့မှာ ဗိုအားတစ်သောင်းမက ရှိနေပါတယ်။ သူ့ရဲ့အမွေးတွေကို ကျွတ်သွားစေနိုင်ပါတယ်။သူပြန်လာတဲ့အခါမှာ နှုတ်ကပတ်တော် ရေးသားထားတယ်။ လူဟာ မုန့်အားဖြင့်သာအသက်မွေးတာမဟုတ်ပါဘူး။ ဘုရားသခင်ရဲ့ နှုတ်ကနေထွက် တဲ့စကားတွေအားဖြင့်အသက်မွေးတာလို့ ပြောပါတယ်။ အဲဒီမှာ လူသားရှိပြီးတော့ လူ့ဇာတိကို ခံယူရပါတယ်။ဘုရားသခင်ရဲ့ ထာဝရနှုတ်ကပတ်တော်လည်း ဖြစ်ပါတယ်။ မိမိကိုယ်တိုင်လည်း ဖြစ်ပါတယ်။လူသားရဲ့ကိုယ်ခန္ဓာ၊ အသွေးအသားအားဖြင့် ဖော်ပြ ထားပြီးတော့ ဒီကမ္ဘာလောကကြီးထဲမှာနှုတ်ကပတ်တော်ကို ကိုယ်စားပြုခြင်းဘဲဖြစ်ပါ တယ်။

40 ၄ဝ။ အဲဒါအားဖြင့် သူကသူတို့ရဲ့နှလုံးသားထဲမှာ ရှိတဲ့အရာကို သိရှိသွားခြင်းဘဲ ဖြစ်ပါတယ်။ သူကဖိလိပ္ပုကို ပြောပြနိုင်ပါတယ်။ သူဘယ်ကိုရောက်နေလဲ ဘယ်ကို ပြောသလဲဆိုတာ သိပါတယ်။ရှိမုန်ပေတရုကို သူကပြောပြနိုင်ပါတယ်။ ရေတွင်းနားမှာ ရှိတဲ့ သူတွေကိုလည်းပြောပြနိုင်ပါတယ်။ ဘာကြောင့်လဲ ¿ သူက နှုတ်ကပတ်တော် ဖြစ်လို့ပါဘဲ။ (ဟေဗြဲ၄)မှာ သမ္မာကျမ်းစာဆိုထားတဲ့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော် ဟာ သံလျက်တကာတို့ထက်ထက်တဲ့အတွက်ကြောင့်မို့ လူတွေရဲ့ အရိုးခြင်ဆီထက်ပြီး ပိုင်းခြားသွားနိုင်တယ်။စိတ်နှလုံးအကြံအစည်တွေကိုလည်း သိမြင်နိုင်တယ်လို့ ဆိုထား ပါတယ်။

ဒီဖာရိရှဲတွေဟာ ယဇ်ပုရောဟိတ်တွေကိုမျက်စိကွယ်စေပါတယ်။ နှုတ်ကပတ် တော်ကိုလည်း ဖော်ပြထားတယ်ဆိုတာ သူတို့မတွေ့မမြင်နိုင်ပါဘူး။ သူတို့ အဲဒါတွေ အားလုံးကို ယဇ်ပုရောဟိတ်ဖြစ်ခြင်းထဲမှာပေါင်းစပ်ပြီးတော့ ထားလိုက်ပါတယ်။ စံနစ်တစ်ခုထဲမှာလည်း ပေါင်းစပ်ထားလိုက်ပါတယ်။ ဒီစံနစ်အဟောင်းကြီးက ပျောက် ကွယ်သွားရမှာ ဖြစ်ပါတယ်။ အဲဒါကတော့ နှုတ်ကပတ်တော်ဘဲဖြစ်ပါတယ်။ အဲဒီ နှုတ်ကပတ်တော်က ပြည့်စုံရမယ်ဆိုပြီးတော့ ဂတိတော် ရှိထားပါတယ်။အဲဒီ နှုတ်က ပတ်တော် ပြည့်စုံတဲ့အခါမှာ ပုပ်သိုးသွားရမှာ ဖြစ်ပါတယ်။ အဲဒီပုပ်သိုးသွားတဲ့အခါမှာ မျိုးစေ့ ထွက်လာမှာဘဲဖြစ်ပါတယ်။

မောရှေက နောဧရဲ့သတင်းစကားကို ဘယ်လိုမှယူဆောင်မလာနိုင်ပါဘူး။ သခင်ယေရှုကလည်း နောဧရဲ့ သတင်းစကားကို ယူဆောင်လာနိုင်မှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ နောက်ထပ်ခေတ်ကာလတစ်ခုအတွက် ဖြစ်နေလို့ဘဲ ဖြစ်ပါတယ်။ ဒီမျိုးစေ့အဟောင်းက မှန်ကန်ပါတယ်။ သူ့ရဲ့ရည်ရွယ်ချက်အတိုင်း အစေခံပါ တယ်။ သူကသေဆုံးပြီးတော့ ပျောက်ကွယ်သွားပါတယ်။ ဒီအဟောင်းကနေ အသစ်ကို ပြောင်းလဲခြင်းဘဲဖြစ်ပါတယ်။ အဲဒီမှာ အသက်ရှိပါတယ်။ လူတွေကို စိတ်ပူပန်သောကရောက်စေခြင်းဖြစ်ပြီးတော့ ဒီနေ့ထက်တိုင် ဆက်လက်ပြီးတော့ သူတို့ကို ပူပန်သောကရောက်နေဆဲဘဲ ဖြစ်ပါတယ်။ စိုးရိမ်ပူပန်ခြင်းကို ဖြစ်စေခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့က နံရံကြီးကိုတည်ဆောက်နေတာ မဟုတ်ပါဘူး။ လူသာရဲ့သ တင်းစကားကို စတင်စဉ်ကကဲ့သို့ မဟုတ်ပါဘူး။ တောက်လျှောက်ကြီး ဖြောင့်ဖြောင့် ကြီး ကျွန်တော်တို့သွားနေတာလည်း မဟုတ်ပါဘူး။ပင်တေကုတ္တေသတင်းစကား မဟုတ်ပါဘူး။ ကျွန်တော်တို့ ဒေါင့်ချိုးတစ်ချိုးကိုချိုးကွေ့နေခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အဆောက်အဦတစ်ခုကို ဆောက်နေခြင်းဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ စကားကတော့ ကုန်ကြမ်းဘဲ ဖြစ်ပါတယ်။ ဘယ်လိုဘဲဖြစ်ဖြစ်လိုင်းတစ်လျှောက်လုံး တည့်တည့် ပြေးနိုင်ပါတယ်။ ဒါပေမဲ့လည်း ဒေါင့်တစ်ဒေါင့်ရောက်တဲ့အခါမှာသိသွား ရတာဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့တန်ခိုးတော် အဲလိုမျိုး လုပ်နိုင်အောင်လို့တန်ခိုး တော်ကို လိုအပ်ပါတယ်။ ကောင်းကင်ကနေ ဘိသိတ်ပေးခြင်းခံရတဲ့လူကိုလည်း လိုအပ်ပါတယ်။ အဲဒီ ဘိသိတ်ပေးခံရတဲ့လူကို စေလွှတ်ရမှာ ဖြစ်ပါတယ်။ ခေတ်ကာလ တိုင်းမှာ ရှိခဲ့ပါတယ်။ပရောဖက်တွေ ခေတ်ကာလမှာ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော် ဟာ ဒီပရောဖက်တွေအားဖြင့်ရောက်လာပါတယ်။ သူတို့ဒေါင့်ချိုးကွေ့တကွေ့ကို ကွေ့ကွေ့ချိုးသွားရပါတယ်။ကွာခြားချက်တွေကို ဖြစ်ပေါ်စေပါတယ်။ ဒါပေမဲ့လည်း လူတွေကတော့ တည်ဆောက်သူတွေကတော့အုတ်နံရိုးကို တည်ဆောက်ခြင်း ဖြစ်ပါ တယ်။ အဲဒါကတော့ အုတ်နံရိုး မဟုတ်တော့ပါဘူး။အဲဒါကတော့ အဆောက်အအုံ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ အဆောက်အဦ ဖြစ်ပါတယ်။

41 ၄၁။ ကျွန်တော်တို့ အခုအခါမှာ ဒီဉစ္စာသမ္မာတရားဖြစ်တဲ့ကြောင်း စံနစ်တွေဟာ ခေတ်ကာလတိုင်းမှာ ပုပ်သိုးပျက်စီးသွားမှာဖြစ်ပါတယ်။ သူတို့ရဲ့စံနစ်တွေ ပုပ်သိုးပြီး တော့ သေဆုံးသွားမှာ ဖြစ်ပါတယ်။ဒါပေမဲ့လည်း သူမကတော့ အဲဒါကို မွေးထုတ်မှာ ဖြစ်ပါတယ်။ ဒီလို ပုပ်သိုးပြီးတော့ညစ်ပတ်နေတဲ့ အမှိုက်တွေထဲကနေ နှုတ်ကပတ်တော် ကိုယ်တော်တိုင် ပေါ်ထွက်လာပါတယ်။ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဟာ ပရော ဖက်တွေဆီကို ရောက်လာပါတယ်။ ထဇ်ပုရောဟိတ်တွေဆီကိုရောက်ခြင်း မဟုတ်ပါ ဘူး။ ပရောဖက်တွေဆီကို ရောက်ခြင်းဘဲ ဖြစ်ပါတယ်။

နောက်ပြီးတော့ သတိပြုရမဲ့အရာကတော့အခုလိုရောက်လာတဲ့အခါမှာ နောက်ဆုံး နှုတ်ကပတ်တော်က လူဇာတိကို ခံယူလိုက်ပါတယ်။

ဘုရားသခင်ရဲ့ ကိုယ်ခန္ဓာ နဲ့ ပြည့်ပြည့်ဝဝ ကိုယ်တော်ရှင်အထဲမှာ ပေါ်ထွက်လာပါတယ်။ကိုယ်တော်ရှင်က နှုတ်ကပတ်တော် ဖြစ်ပါတယ်။ ပရောဖက်များကတော့ နှုတ်ကပတ်တော်ရဲ့တစ်စိတ် တစ်ဒေသ ဖြစ်ပါတယ်။ သူတို့ရဲ့ ခေတ်ကာလရဲ့ စကားတွေဘဲ ဖြစ်ပါတယ်။ ယနေ့ကျွန်တော်တို့ဟာ နှုတ်ကပတ်တော်ရဲ့ တစ်စိတ်တစ်ဒေသဖြစ်ပြီးတော့ နှုတ်ကပတ်တော် ကိုလိုက်နာကြရပါတယ်။ သူကတော့ နှုတ်ကပတ်တော်ကို ပြည့်ပြည့်ဝဝ ပြည့်စုံစေခြင်း ဘဲဖြစ်ပါတယ်။ သူက နှုတ်ကပတ်တော် ဖြစ်ပါတယ်။

သူတို့က ကိုယ်တော်ရှင်ကိုအပြစ်တင်ပါတယ်။ ကိုယ်တော်ရှင်က ဘုရားသခင် နဲ့အတူ တန်းတူညီမျှဘဲလို့ ပြောဆိုခြင်းကြောင့်ဘဲ ဖြစ်ပါတယ်။ သူက ဘုရားသားတော် ဖြစ်ပါတယ်။ သူတို့က သူ့ကိုဘယ်လိုပြောသလဲဆိုတော့ ဘုရားနဲ့ တန်းတူ မိမိကိုယ်ကို မိမိပြောဆိုတယ်လို့ပြောဆိုကြပါတယ်။

သူကလည်း ခင်ဗျားရဲ့ ပညတ်ထဲမှာရေးသားထားတာကို တွေ့ရပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကရွေးချယ်တော်မူခံရတဲ့သူတွေကို ရောက်လာပြီးတော့ ဘုရားများဖြစ်တယ်မဟုတ်လား ¿ ပရောဖက်များ ဖြစ်တယ်မဟုတ် လားလို့ ပြန်မေးလိုက် ပါတယ်။သူတို့လည်း ဖြစ်ကြပါတယ်။ ဒါကြောင့်မို့လို့ ငါ့ကို သင်တို့ ဘယ်လိုလုပ်ပြီးတော့ငါ့ကိုယ်ငါ ဘုရားသားတော် ဖြစ်တယ်လို့ ပြောတဲ့အခါမှာ ငါ့ကို သင်တို့ ဘယ်လိုလုပ်ပြီးတော့ တရားစီရင်နိုင်မှာလဲလို့ သူကပြန်မေး ပါတယ်။

42 ၄၂။ ဘုရားသခင်ရဲ့ ပြည့်စုံခြင်းရှိလာတဲ့အခါမှာ ဘုရားသားတော်အပေါ်မှာ ရပ် တည်ပါတယ်။ သူက ဘုရားသခင် ဖော်ပြခြင်းအပြည့်အဝဘဲ ဖြစ်ပါတယ်။ အဲဒီ ပရောဖက်တွေ လက်အောက်မှာ နာကျဉ်ခြင်းများ ရှိပါတယ်။သူတို့ဟာ နှုတ်ကပတ် တော်တွေ ဖြစ်ပါတယ်။ သူတို့ကိုယ်သူတို့လည်း အဲဒီပြည့်စုံခြင်းတွေကို ညွှန်ပြပါတယ်။ နှုတ်ကပတ်တော် ပြည့်စုံခြင်း ဖြစ်ပါတယ်။နောက်ဆုံးမှာတော့ အဲဒီ စံနစ်များ အားလုံး သေဆုံးသွားပါတယ်။။ နှုတ်ကပတ်တော်ကလူဇာတိကို ခံယူပြီးတော့ ကျွန်ုပ်တို့အလယ် မှာ ကျိန်းဝပ်တော်မူပါတယ်။

43 ၄၃။ ယာကုပ်နဲ့ပတ်သက်လို့ဘယ်လို ဖေါ်ပြထားလဲဆိုတာကို ကြည့်ကြရမှာ ဖြစ်ပါတယ်။ ယောသပ်ထဲမှာလည်းဘယ်လိုဖေါ်ပြထားသလဲဆိုတာကို ကြည့်ရမှာ ဖြစ်ပါတယ်။ သူ့ညီအကိုတွေက သူ့ကိုမုန်းပါတယ်။ ဘာမှ အကြောင်းပြချက် မခိုင်လုံဘဲ နဲ့ မုန်းကိုမုန်းနေပါတယ်။ သူကဝိညာဉ်ရေးရာဆန်ပါတယ်။ ကြိုတင်ပြီးတော့ ပြောဆိုခြင်းတွေလည်း ပြုလုပ်နိုင်တယ်။ အဲဒီ နှုတ်ကပတ်တော်ကိုလည်းအနက်ဖွင့်ဆို နိုင်ပါတယ်။ သူအဲလိုဖြစ်နေတာကို သူဘာမှ မတတ်နိုင်ပါ ဘူး။ သူမွေးကတည်းက အဲလိုဘဲ ဖြစ်လာပါတယ်။ သူအဲလို ဖြစ်လာဘို့အတွက်လည်းကြိုတင်ခွဲခန့်မှတ်သားခြင်း ခံရပါတယ်။ ဒါပေမဲ့လည်း သူ့အစ်ကိုတွေက သူ့ကိုမုန်းတယ်။နောက်ဆုံးမှာ ငွေဒင်္ဂါး ပြား(၂၀)နဲ့ သူ့ကို ရောင်းလိုက်ပါတယ်။နှုတ်ကပတ်တော်ထဲမှာလည်း ဘယ်လို ဖေါ်ပြထားလဲဆိုတာကို ဒါပေမဲ့လည်း သူကဖါရောဘုရင်ရဲ့ လက်ျာလက်မှာ ညာလက်ရုံးအ ဖြစ်နဲ့ ချီးမြှောက်ခြင်း ခံရပါတယ်။ သူ့ရဲ့ထောင်ကျအကျဉ်းခံရတဲ့ အချိန်ကို ကြည့်မယ် ဆိုရင် အဲဒီအချိန်မှာဖလားတော်ဝန်နဲ့ စားတော်ဝန်တို့ရှိပါတယ်။ တစ်ယောက်က သေဆုံးပြီးတော့ တစ်ယောက်ကကယ်တင်ခြင်း ရရှိပါတယ်။

သခင်ယေရှုက ကားတိုင်ပေါ်မှာနောက်ပြီးတော့ သူအကျဉ်းကျနေချိန်မှာ ကားတိုင်ပေါ်မှာ သူ့ဘေးနားမှာ တစ်ယောက်ကယ်တင်ခြင်းရပြီး တစ်ယောက်က ပျောက်ဆုံးသွားပါတယ်။ ယောသပ်နဲ့တူပါတယ်။ နောက်ပြီးတော့သူ့ကို ကောင်းကင် ဆိုင်ရာ နေရာတွေမှာ ချီးမြှောက်ပြီးတော့ဘုရားသခင်ရဲ့ပလ္လင်ဘေးနားမှာ နေခွင့်ကို ရပါတယ်။ တစ်ဖန် သူပြန်လာပြီးတော့တံပိုးမှုတ်သံကို သူကြားကြရမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ဒူးထောက်ပါ။လူမျိုးတိုင်းကလည်း ဝန်ခံကြမှာ ဖြစ်ပါတယ်။

ယောသပ်က ပလ္လင်ကနေ ထွက်လာတဲ့အခါမှာပလ္လင်ပေါ်ကနေထွက်ပြီး ရှေ့ကိုရောက်လာတဲ့အခါမှာ တံပိုးမှုတ်သံကြား ရပါတယ်။ လူတိုင်းဒူးထောက်ပြီး သူ့ကို ဦးညွှတ်ကြပါတယ်။ ယောသပ်လာနေပြီလို့ ဆိုကြပါတယ်။

44 ၄၄။ တစ်နေ့သောအခါမှာဘုရားသခင်ရဲ့ ကြီးမားလှတဲ့ တံပိုးကြီး တံပိုးမှုတ်သံကြီး ကို ကြားရမှာ ဖြစ်ပါတယ်။ခရစ်တော်၌ အိပ်ပျော်တဲ့သူတွေ ထမြောက်ကြပြီးတော့ ဒူးထောက်ကြပြီးတော့လူတိုင်းလူမျိုးတကာတိုင်း ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်ကို ဝန်ခံကြမှာဖြစ်ပါတယ်။ နောက်ပြီးတော့ သူကြွလာတော်မူပြီးနောက် ဘာဖြစ်မှာလဲ ? သူဘာအတွက် လာတာလဲ ?

သတိပြုမိရမဲ့အရာကတော့ ဒီနှုတ်ကပတ်တော် အပြည့်အစုံကိုသူမက ယူ ဆောင်ခြင်းဘဲဖြစ်ပါတယ်။ လူဇာတိကို ခံယူပါတယ်။ ပရောဖက်တွေ နာကျဉ်ခံစားမှုတွေအားလုံး ပျောက်ကွယ်ပြီးတော့ ကိုယ်တော်ရှင် ကြွလာပြီ၊ ကိုယ်တော်ရှင် ကြွလာပြီလို့ ဝမ်းမြောက်စွာ ဟစ်ကြွေးကြမှာ ဖြစ်ပါတယ်။

သူမက နှစ်ပေါင်း(၄၀၀)ပရောဖက်မရှိဘဲနေခဲ့ပါတယ်။ သမိုင်းအရ၊ သမ္မာ ကျမ်းစာအရ မာလခိကနေ ယောဟန်အထိ နှစ်ပေါင်း(၄၀၀)ကွာခြားလျှက်ရှိပါတယ်။ အဲဒီခေတ်ကာလမှာ သီသြော်လော်ဂျီပညာရှင်တွေ၊ ယဇ်ပုရောဟိတ်တွေသင်းအုပ်ဆ ရာတွေဘဲ ရှိပါတယ်။ အခုအခါမှာ ကျွန်တော်တို့ စဉ်းစားနိုင်ပါတယ်။ အဲဒီလိုပရော ဖက်မရှိတဲ့အခါမှာ သူမရဲ့စံနစ်တွေက ပုပ်သိုးပြီးတော့ ပျက်စီးသွားတဲ့အခြေအနေမှာ ဖြစ်ပြီးတော့ ဘုရားသခင်ကိုယ်တော်တိုင် မိန့်တော်မူပြီးတော့ပို့လွှတ်လိုက်တဲ့သတင်း စကား မရှိဘဲနဲ့ နှစ်ပေါင်း(၄၀၀) နေခဲ့ရပါတယ်။ဒါကြောင့်မို့လို့ ယဇ်ပုရောဟိတ်တွေ ပရောဖက်တွေ ဘာမှ အဓိပ္ပါယ်မရှိတဲ့ အင်မတန်မှရှုတ်ထွေးညစ်ပတ် ပွေလီပေပွနေ တဲ့အခြေအနေမျိုးကို ရောက်ခဲ့ပါတယ်။ သူမဟာလုံးဝပုပ်သိုးနေပါတယ်။

45 ၄၅။ အဲဒီအခါမှာ ယောဟန်ကတော့ဧလိယဖြစ်ပြီးတော့ မာလခိ အခန်းကြီး(၃)ရဲ့ ဧလိယဘဲ ဖြစ်ပါတယ်။ ဂတိတော်နဲ့ညီပါတယ်။မာလခိ အခန်းကြီး(၄)မ ဟုတ်ပါဘူး။ မာလခိ အခန်းကြီး(၃) ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့သခင်ယေရှု အလားတူအ ရာကိုဘဲ မဿဲအခန်းကြီး (၁၁)မှာ ဖေါ်ပြထားလို့ဘဲ ဖြစ်ပါတယ်။

ယောဟန်ရဲ့လင်းယုန်မျက်လုံးဖွင့်လိုက်တဲ့အခါ ကျွန်တော် ယုံကြည်တဲ့အတိုင်း ဘဲတင်ဘယ်လ်ရဲ့ခေတ်ကာလအစောပိုင်းတွေကို

ဖေါ်ပြထားပါတယ်။ သူဘာပြောလဲ ဆိုတော့ သွားပါ။ သူ့ကိုသွားပြီးတော့ သူဟာဘုရားသခင်စေလွှတ်လိုတဲ့သူ ဟုတ်မဟုတ် မေးကြည့်ပါ။ ဒါမှ ငါတို့နောက်ထပ်တစ်ယောက်စောင့်ရအုန်းမှာလားလို့ သူ့တပည့်တွေ ကို စေလွှတ်ပြီးတော့ ခိုင်းလိုက်ပါတယ်။

သခင်ယေရှုက သူ့ရဲ့တပည့်တော်တွေပြန်ပို့ပြီးနောက် စည်းဝေးပွဲမှာနေမဲ့ အကြောင်း နောက်ဘာဖြစ်မဲ့အကြောင်း ကြည့်ခိုင်းပါတယ်။ ပြီးရင် ယောဟန်အိမ်ကို ဒီအကြောင်းတွေ ပြန်ပြောပါလို့ ပြောပါတယ်။ အဲလိုမျိုးတားဆီးမှု မရှိတဲ့သူဟာလည်း ကောင်းချီးခံစားရပါစေလို့ ဆိုပါတယ်။

သူလှည့်ပြီးတော့ သူ့တပည့်တော်တွေကြည့်တယ်။ လူတွေလည်း သူကြည့် လိုက်ပါတယ်။ နောက်ပြီး သူတို့ကို သူပြော လိုက်ပါတယ်။ ယောဟန်ကို သွားတွေ့တဲ့အခါမှာ ဘာတွေ့သလဲလို့ သူကမေးလိုက်တဲ့အခါမှာ အဝတ်အစားပျော့ပျော့လေးတွေ ဝတ်ထားတဲ့လူကို သင်တွေ့သလားလို့ မေးလိုက်ပါတယ်။ အဲဒါဟာဘုရင်တွေဆီမှာနေ တဲ့လူမျိုးစား တွေ့ဘဲလို့ သင်တို့ကို ငါပြောတယ်။ ဘုရင့်နန်းတော်မှာနေတဲ့လူတွေလည်း ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူက ထပ်ပြီးတော့ မေးပါတယ်။ လေတိုက်လို့လှုပ်နေတဲ့ ကျူပင်လေးကို တွေ့သလားလို့ မေးပါတယ်။

တခြား စကားနဲ့ပြောရမယ်ဆိုရင် သေးသေးလေးပေါ်ထွက်လာတဲ့အရာပါ ဘဲ။ ဒါကို သူက ကိုင်လှုပ်လိုက်ခြင်းဘဲ ဖြစ်ပါ တယ်။ သင်လာပြီးတော့ ငါတို့အုပ်စုကို ပေါင်းဒမယ်ဆိုရင် သင့်ကို လစာပိုပြီးတော့ကောင်းကောင်းပေးမယ်လို့ဆိုပါတယ်။ ယောဟန် မဟုတ်ပါဘူး။ ဒါကို မဟောပြောဘူး၊ ဟိုဟာကိုမဟောပြောဘူးဆိုရင် ငါတို့ အုပ်စုတွေထဲကို သင်ဝင်ရောက်နိုင် ပါတယ်။ ယောဟန်တော့မဟုတ်ပါဘူး။

ဒါဆိုရင် ထွက်သွားပြီးတော့ သင်ဘာကိုတွေ့ပါသလဲ ¿ ပရောဖက်ကို တွေ့ပါ သလား ¿ ပရောဖက်ထက် သာ၍ကြီးမြတ်တဲ့သူကို တွေ့ပါတယ်လို့ပြန်ဖြေလိုက်ပါတယ်။ သင်အဲဒါကို လက်ခံနိုင်မယ်ဆိုရင် ပရောဖက်အား။ဖြင့် ဟောပြောတဲ့သူဒီလူဘဲ ဖြစ်ပါ တယ်။ ငါ့ရဲ့သတင်းစကား ပို့ဆောင်သူကို ငါ့ရှေ့မှာဘဲပို့ဆောင်ပြီးတော့ ငါ့လမ်းခရီးကို ငါပြင်ဆင်စေမှာပါ။ အဲဒါကတော့ (မာလခိ ၃း၁)ဘဲဖြစ်ပါတယ်။

(မာလခိ ၄) မဟုတ်ပါဘူး။ အဲဒီမှာ ကွာခြားမှုရှိပါတယ်။ ဧလိယလည်းရောက်ရှိလာပါတယ်။ ကမ္ဘာလောကကြီးကလည်း လုံးဝမီးတောက်လောင်ပြီးတော့ ချက်ချင်းလောင်ကျွမ်းသွားမဲ့အနေအထားမှာ ရှိပါတယ်။ ဖြောင့်မတ်သောသူတွေက လည်းဒီကောက်ကျစ်စဉ်းလဲ မတရားသောသူတွေရဲ့ ပြာတွေထဲကနေ လျှောက်ထွက် လာပါတယ်။

46 ၄၆။ သူ့ရဲ့သတင်းစကားကတော့ သူတို့ကိုအရမ်းနှိုးဆွမှုပေးလိုက်ပါတယ်။ သူတို့က ဘာ သာရေးအရ အိပ်ပျော်နေပါတယ်။ သူတို့ဘာပြောလဲဆိုတော့ အကြောင်းကြောင် နဲ့လူတစ်ယောက် အဲဒီမှာ နေတယ်။ သူ့ကို ကျော်သွားပါ။သူ့ကိုယ်သူ ကြောင်နေတယ်လို့ ပြောပါတယ်။ သူက လူတွေကို ရေထဲမှာ နှစ်နေပါတယ်။ အဲဒီလူ့အိုကြီးအတွက်တော့ ဘာမှ မဟုတ်ပါဘူး။ သူ့အဝတ်အစား ဝတ်ထားတာလည်း ပုံမှန်မဟုတ်ပါဘူး။သူက သိုးသရေကို သူ့ကိုယ်သူ ပတ်ထားပါတယ်။ သူက အရမ်းဘဲဆင်းရဲပါတယ်။ နောက်ပြီး တော့သူဘယ်ကျမ်းစာကျောင်းကနေအောင်တာလဲ?ဘာမိဿဟာယ ကပ်ပြားသူ့မှာ ရှိတာလဲ?သူ့ရဲ့စည်းဝေးပွဲတွေမှာလည်း ငါတို့ မပါဝင်ပါဘူး။ သူ့ကို ငါတို့ အဲဒီမှာဘဲရပ်ထားခိုင်းမယ်။ ငေါ်ပြီးတော့ဘဲ နေမှာဖြစ်ပါတယ်။ ကမ္ဘာလောကကြီးက သိပ် ပြောင်းလဲမှုမရှိပါဘူး။ သူတို့ရဲ့စံနှစ်တွေလည်း ပြောင်းလဲမှု မရှိပါဘူး။ ဒါပေမဲ့လည်း ငါတို့သူ့ကို အဲဒီမှာဘဲ နေခိုင်းမယ်။

ဘာကြောင့်လဲဆိုတာ သင်သိပါသလား? ဖခင်ဟာ ယဇ်ပုရောဟိတ်ဖြစ်ပါ တယ်။သူ့ဖခင်ရဲ့ လမ်းကြောင်းအတိုင်း ဘာကြောင့်မလိုက်တာလဲ။ အဲဒီနေ့ရက်ကာလ တုန်းကဆိုရင်သားသမီးတွေက ဖခင်ရဲ့အစဉ်အလာကို လိုက်ရပါတယ်။ ဒါပေမဲ့ သူ့မှာ တစ်စုံတစ်ခုရှိနေလို့ဘဲ။ အင်မတန်ကြီးမားတဲ့ သတင်းစကားကြီး ရှိနေလို့ဘဲ။ သူဟာ မေရှိယကိုမိတ်ဆက်ပေးရမှာ ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော် စေခိုင်းတဲ့အ တိုင်းဘဲဖြစ်ပါတယ်။ အဲဒီလူအနည်းလေးက ဂါဗြေလရဲ့ သတင်းစကားကို ပြန်ပြီး သယ်ဆောင်လာပါတယ်။ဘာဖြစ်မလဲဆိုတာကိုလည်း သိနေပါတယ်။ ကျွန်တော်တို့ကို ကြိုတင် ဖေါ်ပြထားသကဲ့သို့ဘဲဖြစ်ပါတယ်။ အသက်(၉)နှစ်အရွယ်မှာ တောထဲကို သွားပါတယ်။ သူ့ဖခင်၊မိခင်တွေနဲ့အဆက်အသွယ်ပြတ်ပြီးတော့ သူတောထဲကို သွားပါ တယ်။ သူတောထဲမှာ အတိအကျနားထောင်ဘို့ဘဲ ဖြစ်ပါတယ်။

အင်မတန်ကြီးမားတဲ့သီဩော်လော်ဂျီအဆောက်အအုံကြီး အဲဒီမှာ ရှိပါတယ် လို့ သူတို့က မပြောလိုပါဘူး။ မေရှိယကိုဟောပြောကြေငြာပေးရမဲ့လူဆိုတာကို ကျွန်တော် သိပါတယ်။ ဟေရှာယကတော့ သူလာမယ်ဆိုတာကြိုတင်ဟော ပြောထားပါတယ်။ အဲတော့ သင်က အဲဒီအသံဘဲ ဖြစ်ပါတယ်။ ဘရာသာဂျုန်းစ်လည်းအဲဒါကို သေသေချာချာ ရင်ဆိုင်ရတယ်လို့ သင်မထင်ပေဘူးလား ¿ သူ့ကို လွယ်ကူစွာဘဲပေး ဆောင်နိုင်ပါတယ်။

ဒါပေမဲ့လည်း သူတို့ရဲ့စံနှစ်တွေကို ဘာမှမသင်ကြား၊ မနာယူခဲ့ရပါဘူး။ သူ့ သတင်းစကားကတော့ အရမ်းအရေးကြီး ပါတယ်။ သူတောထဲကိုသွားပါတယ်။ သူတောထဲမှာ နေပါတယ်။

47 ၄၇။ သူ့သတင်းစကားကတော့ သီဩော်လော်ဂျီပညာရှင်ကဲ့သို့ မဟုတ်ပါဘူး။ သူက ယူဆောင်မှုအမျိုးမျိုးကို အသုံးပြုပါတယ်။ အချင်းမြွေဆိုးအမျိုးတို့လို့ ခေါ်ပါ တယ်။ အဲဒီလူတွေကို သူအဲလိုဘဲ ခေါ်ပါတယ်။မြွေဆိုးတွေလို့ ခေါ်ပါတယ်။ တောထဲမှာ တွေ့ရတဲ့ ဆိုးဝါးတဲ့ အရာဘဲဖြစ်ပါတယ်။အဲလိုမျိုး တိုးဝင်ပြီးတော့ တွားသွားပြီးရောက် လာတဲ့ အရာတွေကတော့ မြွေတွေဘဲဖြစ်ပါတယ်။ ကျွန်တော်သိတဲ့အထဲမှာ အကောင်း ဆုံး နှိုင်းယှဉ်မှုဘဲ ဖြစ်ပါတယ်။မြွေဆိုးအမျိုးတွေလို့ သူဆိုပါတယ်။ ဘုရားသခင်ရဲ့အ မျက်တော် သင်တို့အပေါ်သက်ရောက်မယ်လို့ သူက သတိပေးပါတယ်။ ငါတို့ ဟိုဟာနဲ့ ပတ်သက်တယ်၊ ဒီဟာနဲ့ပတ်သက်တယ်လို့ မပြောပါနဲ့။ ဘုရားသခင်က ဒီကျောက်တုံး တွေကို ရွေးကောက်ပြီးတော့အာဗြဟံရဲ့သားသမီးတွေ ဖြစ်ဘို့ရန်အတွက် ချီးမြှောက် မယ်လို့ ဆိုထားပါတယ်။ဒီကျောက်တုံးတွေလိုဘဲ ဆိုထားခြင်း

ဖြစ်ပါတယ်။ တောထဲမှာ တွေ့တဲ့အရာဘဲ ဖြစ်ပါတယ်။မြစ်ကမ်းနံဘေးမှာ ရှိတဲ့အရာ ဖြစ်ပါတယ်။

ရဲဒင်းကိုလည်း တွေ့ရပါတယ်။ ဟိုးတောထဲမှာသူက အဲဒါကို အသုံးပြုခဲ့ပါ တယ်။ သစ်ပင်ရဲ့အရင်းအမြစ်နားမှာ ချထားခြင်းဘဲဖြစ်ပါတယ်။ တောထဲမှာ သူတွေ့ တဲ့အရာဘဲ ဖြစ်ပါတယ်။ သစ်ပင်တိုင်းကတော့ကောင်းတဲ့အသီးကို သီးလာတာ မဟုတ်ပါဘူး။ သူမီးဆိုက်ရမဲ့ထင်းတွေကို ဘယ်မှာသူရနိုင်မလဲဆိုတာ သူသိပါတယ်။ အဲဒါတွေ အားလုံးကို ထွင်းထားပြီးတော့ မီးထဲကိုပစ်ချလိုက်ပါတယ်။ မီးထင်းအဖြစ်နဲ့ အသုံးပြုပါတယ်။ သူ့ရဲ့ သတင်းစကားကတော့တစ်ကယ့်အမှုတော်ဆောင်တွေ မဟုတ် ပါဘူး။ သဘာဝအတိုင်းဘဲ ဖြစ်ပါတယ်။ တောထဲမှာဘဲဖြစ်ပါတယ်။

သူ့မှာ ဟောပြောကြေငြာဘို့အတွက်သတင်းစကားရှိပါတယ်။ နောက်ပြီးတော့ သူ့ရဲ့ သတင်းစကားကိုလည်း ယုံကြည်ပါ။ မေရှိယကကြွလာမှာ ဖြစ်ပါတယ်။ သင်တို့ အလယ်မှာဘဲ ရှိနေပါတယ်။ သင်တို့အလယ်မှာ ရပ်နေတဲ့သူဘဲဖြစ်ပါတယ်။ သူ့ရဲ့ ခြေထောက်မှာ စီးထားတဲ့ဖိနပ်ကိုတောင် ငါငုံ့ပြီးတော့မဖြည်ထိုက်ဘူးလို့ သူကပြော ပါတယ်။ ထိုသူက သင်တို့ကို သန့်ရှင်းသောဝိညာဉ်တော်နဲ့မီးအားဖြင့် ဗတ္တိဇံပေးမှာ ဖြစ်ပါတယ်။ သူက ဘယ်သူလဲ ယောဟန်၊ ကျွန်တော် မသိပါဘူး။

48 ၄၈။ ဒါပေမဲ့လည်း တစ်နေ့သောအခါမှာလူငယ်တစ်ဦး လျှောက်လာပြီးတော့မြစ် ကမ်းကနေ တောက်လျှောက် ဆင်းလာပါတယ်။ သာမန်လူတစ်ယောက်ဘဲ ဖြစ်ပါတယ်။ ဗတ္တိဇံယောဟန်က အဲဒီမှာ ရပ်နေပါတယ်။ သူကတော့ တစ်ကယ်ပရောဖက်အိုကြီး ကောင်းချီးခံစားရတဲ့ သူကြီးဖြစ်ပါတယ်။ ယော်ဒန်မြစ်ကို သူကကျော်ပြီးကြည့်လိုက်တဲ့ အခါမှာ ဘုရားသခင် ဒီကမ္ဘာလောကကြီးရဲ့ အပြစ်တွေကိုဆောင်ယူသွားတဲ့ ဘုရား သခင်ရဲ့သိုးသူငယ်တော်မြတ်ကို ကြည့်လိုက်ပါလို့သူပြောလိုက်ပါတယ်။ သူ့ကို ဘယ်လို သိပါသလဲ ယောဟန်၊

သူကတောထဲမှာ ရှိပါတယ်။ ငါ့ကိုရေနဲ့ဗတ္တိဇံပေးဘို့ ပြောပါတယ်။ ဝိညာဉ် တော် သူ့အပေါ် ဆင်းသက်တယ်ဆိုတာကိုလည်းတွေ့ရပါတယ်။ သန့်ရှင်းသောဝိညာဉ် တော်အားဖြင့် ဗတ္တိဇံပေးမဲ့သူက သူဘဲဖြစ်ပါတယ်လို့ဆိုပါတယ်။

သူ့ရဲ့ သတင်းစကားကတော့ သီဩြော်လော်ဂျီရပ်တည်မှုအားဖြင့် လာတာ မဖြစ်နိုင်ပါဘူး။ ဒါမှ လူလုပ်တဲ့ ယုံကြည်ချက်စံနစ်အားဖြင့်လည်း လာတာ မဟုတ် ပါဘူး။ ဘုရားသခင်ဆီက တိုက်ရိုက်လာခြင်းဘဲ ဖြစ်ပါတယ်။

သူ့ရဲ့သတင်းစကားက သူတို့ကို သိပ်ပြီးမတုန်လှုပ်စေပါဘူး။ သူတို့ စဉ်းစားမိ တဲ့အရာကတော့ သူလည်း အဲဒါကို တွေ့တယ်။ ငါအရမ်းသံသယဖြစ်တယ်။ ငါက ဘာမှမတွေ့ဘူး။ ငါကြည့်နေတာဘဲ။ အဲဒါနဲ့ပတ်သက်လို့ ငါဘာမှမတွေ့ရဘူး။ မတွေ့ပါ ဘူး။ ယဇ်ပုရောဟိတ်တွေနဲ့ သူတို့က ဆိုကြပါတယ်။

ဒါပေမဲ့လည်း သူကတော့ နှုတ်ကပတ်တော်ကိုတွေ့ပါတယ်။ သူဘယ်လိုတွေ့လဲ ဆိုတာ ကျွန်တော်တို့ သိပါတယ်။ သူတစ်ကယ်ဘဲ တွေ့ပါတယ်။ဘာဖြစ်သလဲဆိုတာကို သင်သတိပြုမိပါသလား?

သူတို့အိပ်ပျော်နေရာကနေ နိုးထအောင်မနိူးဆော်နိုင်ပါဘူး။ သူတို့ဆက်သွား ပါတယ်။ သူ့ခေါင်းကို ဖြတ်လိုက်ပါတယ်။အလားတူအရာဘဲ ဖြစ်ပါတယ်။ သူတို့ကို ဘယ်တော့မှ မမွေးနောက်ပါဘူး။

49 ၄၉။ ဒါပေမဲ့လည်း လူနည်းစုကိုတော့ရရှိပါတယ်။ သူတို့အထဲမှာ အသက်တာရှိတဲ့ သူဘဲ ဖြစ်ပါတယ်။ အုပ်စုသေးသေးလေးဖြစ်ပါတယ်။ အန်းနဲ့ ရှိမုန်ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ကြွလာတော်မူမှာကို စောင့်နေတဲ့လူနည်းစုလေးဘဲ ဖြစ်ပါတယ်။ အန်နာ ဖြစ်ပါတယ်။ သူမက ဗိမာန်တော်ထဲမှာ ဖြစ်တယ်။မျက်စိမမြင်ဘူး။ ပရောဖက်မ ဖြစ်ပါတယ်။ ဆုတောင်းခြင်းအားဖြင့် ကိုယ်တော်ရှင်ကိုအစေခံပါတယ်။ တစ်နေ့သော အခါမှာ သူမဟာ ဝိညာဉ်တော်ထဲမှာ ရှိနေတဲ့ အခါဖြစ်ပါတယ်။

ရှိမုန်က ပရောဖက်ပြုခဲ့ပါတယ်။ သူကအသက်ကြီးတဲ့လူအိုကြီးဘဲ ဖြစ်ပါတယ်။ သူဘာပြောလဲဆိုတော့ သန့်ရှင်းသောဝိညာဉ်တော်ကငါဟာ သခင်ခရစ်တော် ကို မမြင်မတွေ့ဘဲနဲ့တော့ မသေဆုံးဘူးလို့ သူက ပြောပါတယ်။

ဘာကြောင့်လဲ? အချို့ ပရောဖက်များ ဖြစ်ပါတယ်။ သူတို့ကအိုနေတဲ့ ပရောဖက်အိုကြီးတွေ ဖြစ်ပါတယ်။ သူတို့ကတော့ စိတ်ကတော့ နဲနဲလွတ်နေပါတယ်။အခု သင်္ချိုင်းကုန်းကို ခြေတစ်ဖက် လှမ်းနေပါပြီ။ နောက်ခြေတစ်ဖက်ကလည်း လွတ်ကျတော့မှာ ဖြစ်ပါတယ်။ ချော်ကျတော့မှာ ဖြစ်ပါတယ်။ သူ့ကို လွတ်ထားလိုက်ပါ။ သူကတစ်ကယ်လေးစားထိုက်တဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်ပါတယ်။

ဒါပေမဲ့လည်း သူ့မှာ ဘာရှိပါသလဲ¿သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သူ့ကို ဖော်ပြထားခြင်းဘဲဖြစ်ပါတယ်။

အလားတူအရာကိုဘဲ သင့်ကိုဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒီနေ့နေ့လည်မှာ ဖော်ပြခံရခြင်းဘဲ ဖြစ်ပါတယ်။သန့်ရှင်းသောဝိညာဉ်တော်က သင်တို့ကို အချို့သော အကြောင်းပြချက်ရှိလို့ သင်တို့ကိုယူဆောင်လာခြင်းဘဲ ဖြစ်ပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်ပါတယ်။ ဒီယဇ်ပုရောဟိတ်တွေနဲ့ အမှုတော်ဆောင်တွေကို ကြည့်ပါ။ ဒီနေ့မက်သဒစ်စ်၊ နှစ်ခြင်း၊ကက်သလစ်နဲ့ ဆိုင်တဲ့အမှုတော်ဆောင်တွေအားလုံးကို ကြည့်ပါ။ သူတို့က သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လှုပ်ရှားနေပါတယ်။ အချိန်ကာလက ဒီအချိန်ကာလဘဲ ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က သူတို့အထဲမှာ လှုပ်ရှားပါတယ်။ သူတို့က နှုတ်ကပတ်တော်ကိုရှာနေပါတယ်။ ဆာတင်နေပါတယ်။

50 ၅၀။ တစ်နေ့သောအခါမှာ သင်သိရမှာဘဲဖြစ်ပါတယ်။ သင်တို့မှာ တယ်လီဖေးရှင်း မရှိပါဘူး။ အဲဒီနေ့ရက်ကာလအတွက်ကိုယ်တော်ရှင်ကို ကျေးဇူးတင်ပါ။

သူတို့ဟာ ယုဒပြည်ရဲ့ တောင်ကုန်းတောင်စောင်းတွေမှာ ရှိနေပါတယ်။ အဲဒီမှာ ကလေးငယ်လေး မွေးဖွားလာပါတယ်။

ကြယ်ကြီးတစ်လုံးလည်း ပေါ်ထွက်လာ ပါတယ်။

(၈)ရက်ကြာတဲ့အခါမှာမိခင်ဖြစ်သူက အဲဒီကလေးငယ်လေးကို အနီးတွေနဲ့ ထုပ်ပွေ့ပိုက်ပြီးတော့ယူဆောင်လာပါတယ်။ အဲဒီ အနီးတွေနဲ့ ထုပ်ပိုးထားခြင်းဘဲ ဖြစ်ပါတယ်။ သူတို့မှာ ဘာမှမရှိပါဘူး။ ဝတ်ဘို့ ဘာမှ မရှိပါဘူး။ သူတို့မှာ အဝတ်စုတ် လေးတွေဘဲ ရှိပါတယ်။နွားပေါ်မှာ တံပိုးတင်ထားတဲ့ အဝတ်စုတ်တွေဘဲ ဖြစ်ပါတယ်။ အဲဒါက သူ့ကို ထုပ်ပိုးတဲ့အဝတ်တွေဘဲ ဖြစ်ပါတယ်။ ယောသပ်ရောက်လာပါတယ်။ သူတို့က ဒီကလေးငယ်လေးနဲ့အတူရောက်လာခြင်းဘဲ ဖြစ်ပါတယ်။

ကျွန်တော် သတိထားမိလိုက်တဲ့အရာကတော့မိခင်များ အဝေးကနေဘဲ လှမ်းမြော်ကြည့်နေပါတယ်။သူတို့ရဲ့ ကလေးငယ်လေးတွေကို သူတို့ချုပ်လုပ်တဲ့ အဝတ် ကလေးတွေနဲ့ ထွေးပိုကထားပါတယ်။ အဲဒီမှာ ကြည့်ပါ။ သူမ အဲဒီမှာရှိပါတယ်။ သူမက အဲဒီလူအားဖြင့် ကိုယ်ဝန်ရှိပါတယ်။ သူမအခု လာနေပါပြီ။ သူမနဲ့ဝေးဝေးနေရ အောင်။ ခပ်ခွာခွာနေရအောင်။ သူတို့ အဲဒါကိုဘဲ စဉ်းစားနေဆဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း မာရိကတော့ အဲဒီကလေးလေးကိုပွေ့ပိုက်ထားပြီးတော့ သူတို့ စဉ်းစားမိတဲ့အရာကတော့ ဘယ်လိုမှ ကွာခြားမှု မရှိပါဘူး။ သူဟာ ဘယ်သူ့သားဖြစ် လဲဆိုတာ သူမသိပါတယ်။

51 ၅၁။ လူတိုင်းက ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ယုံကြည်ဘို့အတွက် သူတို့ စိတ်နှလုံးထဲမှာ သိဝ္ဂက်ထားဘို့အတွက်ဖြစ်နေပါတယ်။ စံနစ်တွေက ဘာကိုဘဲပြောပြော ကျွန်တော် ဂရုမစိုက်ပါဘူး။ နှုတ်ကပတ်တော်ဘာဖြစ်သလဲဆိုတာ သင်သိပါသလား ¿ ဘုရားသခင်ရဲ့ဂတိတော်ဘဲ ဖြစ်ပါတယ်။သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သင့်ကို ဖေါ်ပြပါတယ်။ သူ့ရဲ့တန်ခိုးတော်နဲ့ သင်ကအဲဒီတန်ခိုးတော်ရဲ့ အရိပ်ဖုံးလွှမ်းမှုအောက် ကို ရောက်နေမယ်ဆိုရင် သင်ဘယ်ကိုရောက်နေပြီလဲဆိုတာ သင်သိမှာဘဲ ဖြစ်ပါတယ်။ ဘယ်သူမှ ဇဝ်ဂေတရားကို ဟောပြောတဲ့အခွင့်မရှိပါဘူး။ ဘုရားသခင်နဲ့ ဆုံတွေ့တဲ့အ ခါမှာ အဲဒီ တောက်လောင်နေတဲ့ ခြုံပုတ်ထဲကနေသဲကန္တာရရဲ့အနောက်ပိုင်းမှာ ဘုရားသခင်ကို သူတွေ့ခဲ့ပါတယ်။ ဘယ်ဘာသာရေးစံနစ်၊ဒီကမ္ဘာပေါ်မှာရှိတဲ့ ဘယ်ဘာသာရေးစံနစ်ကမှ ရှင်းပြလို့ မရနိုင်တဲ့ နှုတ်ကပတ်တော်ဖြစ်ပါတယ်။ သင်အဲဒီကို ရောက်နေပါတယ်။ သင့်ကို အဲဒီမှာကို ဖြစ်ပျက်နေတာကိုတွေ့ရပါတယ်။ ဒီစံနစ်တွေက ဘာဘဲပြောပြော ကျွန်တော် ဂရုမစိုက်ပါဘူး။ သင်ကတော့ သက်သေဘဲဖြစ်ပါတယ်။ ဟာလေလုယာ၊ အဲဒီ အသက်ကြီးနေတဲ့ လူကြီးကဲ့သို့ဘဲ သူပြောနေတာကိုဘဲကျွန်တော် ခံစားနေရပါတယ်။ အပေါ်မှာ အခန်းမရှိတော့ပါဘူး။ ဒီအချိန်မှာ ကျွန်တော် အရမ်းကိုဘာသာတရား ကိုင်းရှိုင်းမိပါတယ်။ ကျွန်တော် စဉ်းစားမိပါတယ်။ ဘုရားသခင်ကိုယ်တော်တိုင် သင့်ကို ဖေါ်ပြမှာဘဲ ဖြစ်ပါတယ်။

52 ၅၂။ ရှိမုန်မှာ ဂတိထားထားတာ ရှိပါတယ်။အဲဒီ မနက်မှာဘဲ သူလေ့လာထားတဲ့ နေရာမှာဘဲ ထားထားတာဖြစ်ပါတယ်။ အဲဒီမှာ ကလေးငယ်ပေါင်းရာပေါင်းများစွာရှိ မယ်။ ကလေးငယ်ပေါင်း ရာပေါင်းများစွာ ယူဆောင်လာမယ်လို့ကျွန်တော် မှန်းဆမိ ပါတယ်။ မနက်တိုင်းဘဲ ဖြစ်ပါတယ်။ အဲဒီနိုင်ငံထဲမှာဂျူးလူမျိုးပေါင်း(၂)သန်းခွဲလောက် ရှိပါတယ်။ နောက်ပြီးတော့ ဒီကလေးငယ်လေးတွေဝင်လာပါတယ်။ မွေးဖွားလာမဲ့ ကလေးငယ်လေးတွေဘဲ ဖြစ်ပါတယ်။ (၈)ရက်နေရင် မိခင်တွေသူတို့ကို ခေါ်လာရပါ တယ်။ သန့်ရှင်းစင်ကြယ်စေခြင်း ဝတ်ကိုပြုလုပ်ဘို့ရန်အတွက်ဘဲဖြစ်ပါတယ်။ အခုအ ခါမှာ ရှိမုန်က အဲဒီမှာ ထိုင်နေပါတယ်။ ပရောဖက်ဟေရှာယရဲ့ စာလိပ်ကိုဖတ်နေတာ ဘဲ ဖြစ်ပါတယ်။ ဖတ်နေကောင်း ဖတ်နေမှာ ဖြစ်ပါတယ်။ ကျွန်တော်တော့ မသိပါဘူး။

အဲဒီအချိန်မှာ သန့်ရှင်းသောဝိညာဉ်တော်ကသတိပေးထားတဲ့အတိုင်းဘဲ သန့်ရှင်းသောဝိညာဉ်တော်က ဂတိတည်ရမှာ ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော် က တစ်ကယ်ကို ဘုရားသခင် ဖြစ်ပါတယ်။

အဲဒီလူက လာပြီးတော့ အဲဒီအရာကိုပြောတဲ့အခါမှာ ဘုရားသခင်ကနောက် ကနေ ထောက်ခံမပေးဘူးဆိုရင် အဲဒါက နှုတ်ကပတ်တော်မဟုတ်ပါဘူး။ နှုတ်က ပတ်တော်အဖြစ်နဲ့ လက်မခံဘဲနဲ့ မေ့ပျောက်ပစ်လိုက်ပါ။ ဘုရားသခင်ကဟုတ်ပါတယ် လို့ ပြောဘိုက်တဲ့အခါမှာ ဘုရားသခင်က နောက်ကနေ ထောက်ခံမပေးဘူးဆိုရင်သူဘယ်လိုဘဲဖြစ်ဖြစ် အမှားဘဲ ဖြစ်မှာ ဖြစ်ပါတယ်။

ဘုရားသခင်က သူ့ရဲ့သတင်းစကားကိုသူအနက်ဖွင့်ဆိုပါတယ်။ သူက သူကိုယ် တိုင်ဘဲ အနက်ဖွင့်ဆိုသူ ဖြစ်ပါတယ်။သူပြောတဲ့အတိုင်းဘဲ ဖြစ်ပေါ်လာပါတယ်။ ဘုရားသခင် ဘာပြောလဲဆိုတော့ ကိုယ်တော်ရှင်ဘာပြောတာလဲဆိုတာ နားထောင်ပါ။ အဲဒါ သမ္မာတရား ဖြစ်လို့ဘဲ ဖြစ်ပါတယ်။ အဲဒါကသာမန်စဉ်းစားရမဲ့အရာဘဲ ဖြစ်ပါ တယ်။ အဲဒါ ဖြစ်လာမယ်လို့ သူပြောရင် ဖြစ်ကိုဖြစ်လာပါတယ်။ပြောတဲ့အတိုင်းကို ဖြစ်လာပါတယ်။ အဲဒီအတိုင်းဘဲ ဖြစ်ရမှာပါ။ အတိအကျဘဲသမ္မာတရားဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင်က လိမ်မပြောတတ်လို့ပါဘဲ။

53 ၅၃။ ရှိမုန် အဲဒီနေရာမှာ ထိုင်နေပါတယ်။သူ ဒုက္ခဆင်းရဲ ခံရပါတယ်။ သူကလူ နည်းစုဘဲ ဖြစ်ပါတယ်။ ယောဟန်ပြောတဲ့ အကြောင်းအရာကိုသူကြားပါတယ်။ နောက် အဲဒီနေ့ရက်ကာလက လူနည်းစုလေးပြောတဲ့စကားကိုလည်း သူကြားရပါတယ်။သူက အဲဒါကို ထိုင်ပြီး နားထောင်နေပါတယ်။ အဲဒီ စာလိပ်ထဲက အကြောင်းအရာကို သူနားထောင်ပါတယ်။ သူသိပါတယ်။ ယောဟန်လာမယ်ဆိုတာကို သူသိနေပါတယ်။ ဘာ ကြောင့်လဲဆိုတော့ သူကအဲဒီလူနည်းစုရဲ့ တစ်စိတ်တစ်ဒေသဖြစ်နေလို့ပါဘဲ။ နှုတ်က ပတ်တော်ကို ဖေါ်ပြတဲ့အခါမှာသူက အဲဒီ နှုတ်ကပတ်တော်ကို ဖွင့်ပြခြင်းကို ခံရပါ တယ်။ တစ်ချိန်တည်းမှာဘဲကလေးငယ်သည် ဗိမာန်တော်ထဲကို ဝင်လာတဲ့အခါမှာ သန့်ရှင်းသောဝိညာဉ်တော်က အဲဒီမှာရှိတဲ့အကြောင်းကို ဖေါ်ပြပါတယ်။ သူက ဝိညာဉ် တော်အားဖြင့် လှုပ်ရှားNYပီးတော့ သူ့ရဲ့စာဖတ်နေတဲ့အခန်းလေးထဲကနေထွက်လာ ပြီးတော့ ဟောခန်းကြီးထဲကို ဝင်သွားပါတယ်။ အဲဒီ ဟောခန်းကြီးထဲကိုကျော်ဖြတ်သွား ပြီးတော့ အမျိုးသမီးတစ်စု တန်းစီနေတဲ့နေရာကို ရောက်သွားပါတယ်။အဲဒီမှာ ကလေး ငယ်လေးကို တွေ့မြင်ရပါတယ်။ အဲဒီ ကလေးငယ်လေးကို သူတို့ကခပ်ခွာခွာနေကြပါ တယ်။ ကလေးငယ်လေးကို သူ့လက်ထဲမှာ သူကောက်ချီလိုက်ပြီးတော့ကိုယ်တော်ရှင် ကိုယ်တော်ရှင်ရဲ့တပည့် အစေခံကျွန်က ငြိမ်သက်ခြင်းနဲ့ ထွက်ခွာပါရစေ။ဘာကြောင့်လဲ ဆိုတော့ ကိုယ်တော်ရှင်ရဲ့ ကယ်တင်ခြင်းကို

ကျွန်တော့်ရဲ့မျက်စိနဲ့ကျွန်တော် တွေ့မြင် ရလို့ဘဲဆိုထားပါတယ်။

အဲဒီအချိန်မှာ အဲဒီနေ့ရက်ကာလအတွက်ရွေးချယ်ခြင်း ခံထားရတဲ့ ကလေး လေး ပရောဖက်မ အာန္နလည်း ရှိနေပါတယ်။ သူကလည်း အဲဒီမှာထိုင်နေပါတယ်။ ဟိုးဒေါင့်လေးမှာ ထိုင်နေပါတယ်။ မျက်စိမမြင်ပါဘူး။ ထလိုက်ပါ။သူမရောက်လာ မှာ ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော် လမ်းပြမှုအားဖြင့်အမျိုးသမီးတွေကြားထဲ မှာတိုးဝှေ့နေတဲ့ လူအုပ်ကြီးကြားထဲမှာ တိုးထွက်လိုက်ပါတယ်။ နောက်ပြီးတော့ သူမက တည့်တည့်မတ်မတ် ခရစ်တော် သူငယ်တော် ခရစ်တော်ထံကိုတည့်တည့်မတ်မတ် ရောက်ရှိသွားပါတယ်။

သန့်ရှင်းသောဝိညာဉ်တော်က မျက်စိမမြင်တဲ့မိန်းမတစ်ယောက်ကို ကိုယ် တော်ရှင့်ထံတော်ပါးကို လမ်းပြပို့ဆောင်နိုင်မယ်ဆိုရင်ပင်တေကုတ္တေအုပ်စုတွေ ဘယ် လို မျက်စိအမြင်အာရုံ ဖြစ်နေမှာလဲ¿ ကျွန်တော် ဆက်ပြီးတော့ ရှည်ရှည်ဝေးဝေး မပြောတော့ပါဘူး။အဲဒီအကြောင်းအရာနဲ့ ပတ်သက်ပြီးတော့ သတိပြုမိမှာ ဖြစ်ပါ တယ်။ အသင်းတော်ကတစ်ဖန်ပြန်ပြီးတော့ ကြောက်မက်ဖွယ် အမှိုက်ပုံကဲ့သို့ ဖြစ်နေ အုန်းမယ်လို့ထင်နေပါတယ်။ တစ်ကယ်လည်း ဖြစ်ခဲ့ပါတယ်။ အဲဒီ နေ့ရက်ကာလကဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်းအင်မတန် ကျန်ရှိနေတဲ့ လူနည်းစုလေးကို လွဲလိုက်သလို ဖြစ်နေပါတယ်။

54 ၅၄။ အခု ကျွန်တော်တို့ ရိုးသားရမှာဖြစ်ပါတယ်။ အသင်းတော်ကို အဲလိုအခြေအ နေမျိုး ဒီနေ့တွေ့ရမယ်ဆိုရင် တစ်ဖန်အဲဒီအချိန်ကို ပြန်ရောက်နေပြီ မဟုတ်ပါလား။ ပရိတ်သတ်ကလည်း အာမင်လို့ဆိုပါတယ်။အယ်ဒီတာမှတ်ချက်။ ဂတိတော်နဲ့ ဆိုင်တဲ့အ ရာတွေအားလုံးကို ယခုကြည့်ပါ။သမ္မာကျမ်းစာနဲ့ဆိုင်ပါတယ်။ ဒီအချိန်ကာလမှာ ဖြစ်ပျက်မဲ့ အရာတွေဘဲ ဖြစ်ပါတယ်။ ဒီနေ့ကမ္ဘာပေါ်မှာ ဘာတွေ ဖြစ်နေပါသလဲ¿ အဆုံးရောက်နေပြီဆိုတာ ကျွန်တော်တို့တွေ့ရပါတယ်။ အသင်းတော်ကို ကျွန်တော်တို့ ကြည့်ကြပါစို့။

သူမရယ် အသင်းတော်ရယ် လူသာရဲ့ခေတ်ကာလမှာအရမ်းကို မီးဖွားချင်လို့ နာကျဉ်ခံစားရပါတယ်။ အသင်းတော် ခေတ်ကာလ (၇)ခုရှိပါတယ်။အဲဒီအသင်းတော် ခေတ်ကာလတွေအတွက်လည်း သတင်းစကား ပို့ဆောင်သူ (၇)ဦးရှိပါတယ်။ ဗျာဒိတ်ကျမ်းအရဘဲ ဖြစ်ပါတယ်။ လူသာက အရှေ့ထွက်လာရမှာ ဖြစ်ပါတယ်။ အသင်းတော်ကို တစ်ကယ်ဘဲမီးဖွားဘို့ရန်အတွက် နာကျဉ် ခံစားစေပါတယ်။ အဲဒီကနေပြီးတော့ လူသာ ပေါ်ထွက်လာပါတယ်။

အဲဒါပြီးရင် တစ်ခါဒုက္ခခံရပြန်သေးတယ်။ဝက်စလီကို မွေးထုတ်လိုက်ပါတယ်။ ထပ်မံရရှိပါတယ်။ ပင်တေကုတ္တေကို ရရှိခြင်းဘဲဖြစ်ပါတယ်။

သူတို့ရဲ့ ခေတ်ကာလမှာ သူတို့ရဲ့တစ်ဦးစီကသတင်းစကား ပို့ဆောင်သူများ ဖြစ်ပါတယ်။ နှုတ်ကပတ်တော်ကို ပြန်လည် ရောက်ရှိပါတယ်။သူတို့ခေတ်ကာလရဲ့ နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ သမ္မာကျမ်းစာနဲ့ ကိုက်ညီတဲ့သတင်းစကားဘဲ ဖြစ်ပါတယ်။ ကျွန်တော့်မှာ စာစောင်တစ်စောင် ရှိပါတယ်။ အဲဒီကနေပြီးတော့ဒီဗျာဒိတ်ကျမ်း ပထမဆုံး အခန်းကြီး(၄)ခန်းနဲ့ပတ်သက်တဲ့ ကွန်မန်ထြီကို ဖတ်မယ်ဆိုရင်ဖတ်နိုင် ပါတယ်။ မကြာခင်ဘဲ ကျွန်တော်တို့ ပုံနှိပ်ထုတ်ဝေတော့မှာ ဖြစ်ပါတယ်။ သူ့မှာဘာ သက်သေ ပြထားလဲဆိုတော့ သံသယ ဖြစ်စရာဖြစ်ပါတယ်။ လူသာရဲ့ သတင်းစကားကဖြောင့်မတ်ခြင်းဖြစ်ပါတယ်။ သန့်ရှင်းစင်ကြယ်စေခြင်းကတော့ နောက်ထပ် သဘာဝမွေးဖွားခြင်းရဲ့ နောက်အဆင့်တစ်ဆင့်ဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့မ ပင်တေကုတ္တေဘဲဖြစ်ပါတယ်။

55 ၅၅။ အခု သတိပြုကြည့်ရမဲ့ ခေတ်ကာလတွေကတော့အသင်းတော်ကို ပုခက်ထဲမှာ ထည့်ပြီး လွဲပြီးတော့ နာကျဉ်ခံစားရပြီးတော့ မွေးဖွားလုနီးဖြစ်ပါတယ်။ ဒါပေမဲ့ သူ တို့ ဘာလုပ်ပါသလဲ¿ မွေးဖွားခါနီး နာကျဉ်ခံစားရမှုပြီးတဲ့အခါမှာ နှုတ်ကပတ်တော်နဲ့ ဆက်သွားရမဲ့အစား သူတို့က အဲလိုမဖြစ်ဘဲနဲ့ လူစုတစ်စု စုပြီးတော့ ဟိုးပထမဆုံးကာ လက ဖြစ်ခဲ့သလို ဖြစ်သွားပါတယ်။တမန်တော်တွေကို လွဲပြီးတော့ နေတဲ့နောက်ပိုင်းမှာ သူမက တစ်ဖန်ပြန်ပြီးတော့လွတ်သွားတယ်ဆိုတာ ကျွန်တော်တို့ တွေ့ရပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့တွေ့ရတဲ့အရာကတော့ တခြားအရာတို့ နောက်ဆက်တွဲ ပါလာတာကိုဘဲ ဖြစ်ပါတယ်။ အဲကဘက်စ်နဲ့နောက်တစ်ခြား ပြုပြင်ပြောင်းလဲရေး သမားကြီးများစွာ အစပိုင်းမှာ တွေ့ရပါတယ်။ခေတ်ကာလတစ်ခုစီ ကျော်လွန်သွားပါ တယ်။ နိုင်းစင်းကောင်စီ အကြိုကို ကျွန်တော်တို့လေ့လာတဲ့အခါမှာ ဒီနိစိန်ရဲ့ဖခင်ကြီး များကို တွေ့ရပါတယ်။ သူတို့အားလုံး အဲဒီအထဲမှာရှိပါတ်ယ။ ခေတ်ကာလတစ်ခုစီကို လွဲလိုက်တဲ့အခါမှာ သတင်းစကား ပို့ဆောင်သူ တစ်ယောက်စီပေါ်ထွက်လာပြီးတော့ ကိုယ်တော်ရှင် မိန့်တော်မူတယ်ဆိုတဲ့စကား ပေါ်ထွက်လာပါတယ်။

အခု သူမက အဆိုးဆုံး အခြေအနေမှာရှိပါတယ်။ ကျမ်းစာအရဘဲဖြစ်ပါ တယ်။ တစ်ခါမှာ သူမ မဖြစ်ဘူးခဲ့တဲ့ အခြေအနေမှာဘဲဖြစ်ပါတယ်။ ကျွန်တော် တို့ဟာ လောဒိကီ ခေတ်ကာလကို ရောက်နေပါတယ်။ ချမ်းသာပါတယ်။ဒါပေမဲ့လည်း အသင်းတော် ခေတ်ကာလက ဝိညာဉ်မျက်စိကွယ်နေတဲ့ ခေတ်ကာလဘဲ ဖြစ်ပါတယ်။နောက်ပြီးတော့ မိမိကိုယ်ကို မိမိမသိဘဲ ဖြစ်နေပါတယ်။

သမ္မာကျမ်းစာထဲမှာ ကြည့်မယ်ဆိုရင်ဘယ်နေရာမှာမှ ခရစ်တော်က အသင်းတော်ရဲ့အပြင်ပမှာ နေတာကို မတွေ့ရပါဘူး။ လောဒိကီခေတ်ကာလမှာ အသင်း တော်ပြင်ပမှာ ခရစ်တော်က ရောက်နေပါတယ်။ သူမက အဆိုးဆုံးခေတ်ကာလဖြစ်ပါ တယ်။ အပုပ်ပျက်ဆုံး ဖြစ်ပါတယ်။ ငါက ဘုရင်မကဲ့သို့ ထိုင်နေတယ်။ ဘာမှငါ့မှာ မလိုအပ်ဘူး။ အကုန်ပြည့်စုံတယ်လို့ သူကပြောပါတယ်။

သင်က အဝတ်အချည်းစည်းဖြစ်တယ်ဆိုတာကိုကျွန်တော်တို့ မသိပါဘူး။ စိတ်ပျက်ဖွယ်ဖြစ်တယ်။ မျက်စိကွယ်တယ်။ ဆင်းရဲတယ်။ နောက်ပြီးတော့ မိမိကိုယ်ကို မသိဘူးဖြစ်နေတယ်။ ဟုတ်ပါတယ်။ ငါနင့်ကိုအကြံညဏ်ပေးပါတယ်။ မျက်စဉ်းဆေး ဝယ်ပြီးခတ်ပါ။ ဒါမှ နင့်မျက်လုံးတွေ မြင်လာမှာဖြစ်ပါတယ်လို့ ဆိုထားပါတယ်။ ဘုရားသခင်ရဲ့ မျက်စဉ်းကတော့ တစ်ကယ်ဘဲ အလင်းကိုအသင်းတော်ကို ရောက်ရှိ အောင် ပို့ဆောင်ပေးနိုင်ပါတယ်။ မျက်စိတွေကို မြင်စေပြီးတော့ဘုရားသခင် ပြောတဲ့အ တိုင်းဘဲ ဖြစ်လာမှာ ဖြစ်ပါတယ်။

56 ၅၆။ ယခုအခါမှာ သေသေချာချာသတိပြုပြီးကြည့်ပါ။ သူမက အဲဒီအဆင့်မှာ ပါဝင်နေပါတယ်။ သံသယ ဖြစ်ခံနေရပါတယ်။

ကျွန်တော်တို့ဟာ လောဒိကိအသင်း တော် ခေတ်ကာလထဲမှာ ရောက်ရှိနေပါတယ်။

သူမရဲ့ သတင်းစကားပို့ဆောင်သူကဂတိပေးပါတယ်။ (မာလခိ ၄)မှာ ပေး ထားတဲ့ ဂတိဘဲ ဖြစ်ပါတယ်။ ဘုရားသခင်က အဲဒီဂတိအတိုင်းပြုလုပ်ဘို့ သတိပေးခဲ့ပါ တယ်။ အဲဒီ သတင်းစကားကတော့ နှုတ်ကပတ်တော်ကို ပြန်ပြီးတော့လူတွေထံကို ပို့ဆောင်ဘို့ဘဲ ဖြစ်ပါတယ်။ မွေးဖွားခြင်းလည်း ပြန်လည်ရရှိမှာဖြစ်ပါတယ်။ သူမက အသစ်တစ်ဖန် မွေးဖွားခြင်းနဲ့ ပြန်လည်ပြီးတော့ မွေးဖွားမှာဖြစ်ပါတယ်။ (မာလခိ ၄)အရဘဲ ဖြစ်ပါတယ်။

ဒီနေ့ အသင်းတော် လောကမှာ စံနစ်(၂)ခုသုံးနှုန်းလျှက် ရှိတယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ အခု ကစနားထောင်ပါ။ ခင်ဗျားတို့ အာမင်လို့ ပြောမယ် ဆိုရင် ကျွန်တော် နားထောင်နေပါတယ်။ ကျွန်တော်တွေ့မြင်လိုပါတယ်။ အဲဒီစံနစ် ကို ဒီနေ့ ကမ္ဘာပေါ်မှာရှိတဲ့ အသင်းတော်အပေါ်လှုပ်ရှားလျှက်ရှိပါတယ်။ ကျွန်တော့် ပုခုံးပေါ်မှာ ဒီဝန်ထုပ်ကို ကျွန်တော်ပယ်ရှားချင်ပါတယ်။ အဲဒါ ဘုရားသခင် နှုတ်က ပတ်တော် ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့အားလုံးသိကြပါတယ်။ ဂိုဏ်းဂဏဆိုင်ရာ စံနစ်ဘဲ ဖြစ်ပါတယ်။ စံနစ်ကြီး(၂)ခုအလုပ်လုပ်လျှက် ရှိပါတယ်။ ယာကုပ်နဲ့ ဧသောကဲ့ သို့ဘဲ ဖြစ်ပါတယ်။ တစ်ခုက ဝိညာဉ်တော်နောက်လိုက်ပြီး တစ်ခုက ဇာတိအသွေးအ သားနောက်ကို လိုက်ပါတယ်။ အဲဒါ ဘာလဲ၊ ဧသောနဲ့ယာကုပ်က မိခင်ရဲ့ဝမ်းထဲမှာ ကတည်းက တိုက်ခိုက် ရန်ဖြစ်ပါတယ်။ သူတို့မမွေးခင်ကတည်းကဖြစ်နေပါတယ်။ ဂိုဏ်းဂဏတွေအားလုံးနဲ့ နှုတ်ကပတ်တော်ကလည်း တစ်ခုနဲ့တစ်ခုဆန့်ကျင်တိုက်ခိုက် နေပါတယ်။ လူသာရဲ့ကာလက သူတို့ ဖြစ်နေပါတယ်။ ပထမဆုံးပြုပြင်ပြောင်းလဲ ရေးကို ပထဆုံး ဖေါ်ထုတ်ခဲ့စဉ် အချိန်ကာလကကဲ့သို့ ဖြစ်ပါတယ်။အဲဒါက ရိုးရှင်းပြီး တော့ ခင်ဗျားတို့ နားလည်နိုင်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

ဒီလူတွေက ဒါကို ကောက်ပြီးတော့အဲဒါနဲ့အတူ သူထွက်သွားမယ်ဆိုရင် ပိုပြီးတော့ အဓိပ္ပါယ်ရှိအောင် သူတို့ကလုပ်နိုင်မှာ ဖြစ်ပါတယ်။ သူ့ရဲ့နေရာမှန်ကိုပြန် လည်ရောက်ရှိဘို့ဘဲ ဖြစ်ပါတယ်။ကျွန်တော်က ဒီမျိုးစေ့ကို ချလိုက်ပါတယ်။ နောက်ပြီး တော့ အသက်ရှင်လာဘို့အတွက်သူတို့ လုပ်နိုင်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

57 ၅၇။ အမြဲတမ်းဘဲ အဲလိုဘဲ ဖြစ်ပါတယ်။အဲဒီအကြောင်းကြောင့် သူမက ဝမ်းနာ ခြင်းဝေဒနာကို ခံစားရပါတယ်။ ဘာကြောင့်လဲဆိုတော့သူမအထဲမှာ ဆန့်ကျင်တိုက် ခိုက်နေမှုရှိလို့ဘဲ ဖြစ်ပါတယ်။

အဲဒီမှာ ဧသော ရှိပါတယ်။ လောကနဲ့ဆိုင်တဲ့လူတစ်ယောက်ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အရမ်း ဘာသာတရား ကိုင်းရှိုင်းပါတယ်။ သူကဘာမှမဖြစ်ပါဘူး။ အ သက်ကြီးတဲ့လူတစ်ယောက် ဖြစ်ပါတယ်။ သန့်ရှင်းတယ်။ ပုပ်ပျက်ပျက်စီးတတ်တဲ့လူ ဖြစ်တယ်။ ကျွန်တော် သိသလောက်ဆိုရင် သူဟာ သားဦးအရာဆိုတဲ့အရာကိုလည်းဘာမှ အကြောင်းအရာ မသိပါဘူး။ သူက အဲလိုမွေးဖွားလာပါတယ်။ သူက အဲလိုမျိုး ပုံစံမျိုးနဲ့လာပါတယ်။

ဒါပေမဲ့လည်း ယာကုပ်ကတော့ သူဘာဖြစ်လဲဆိုတာကျွန်တော် သူ့ကို ဂရုမ စိုက်ပါဘူး။ သူကတော့ သားဦးအရာကို လိုချင်ပါတယ်။ သူကဝိညာဉ်ရေးရာနဲ့ဆိုင်တဲ့ သူဘဲ ဖြစ်ပါတယ်။

ဒီနေ့ သူတို့နှစ်ယောက် အသင်းတော်ရဲ့သားအိမ်ထဲမှာ ရှိနေပါတယ်။ အင်မတန် ကြီးမားတဲ့ စံနစ်ကြီး(၂)ခု ထွက်လာဘို့ဘဲဖြစ်ပါတယ်။ အဲဒါ ဘာခေါ်လဲဆို တော့ ကမ္ဘာ့အသင်းတော်များကောင်စီလို့ဘဲ ခေါ်ပါတယ်။အသင်းတော်ရဲ့သားအိမ်ထဲ ကနေဘဲ ကလေး(၂)ယောက် မွေးလာပါတယ်။ ကျွန်တော့်စကားကိုခင်ဗျားတို့ မှတ် သားထားပါ။

နှုတ်ကပတ်တော်ကနေပြီးတော့ နှုတ်ကပတ်တော်သတို့သမီး အသင်းတော်ကို မွေးဖွားမှာ ဖြစ်ပါတယ်။ သူမအထဲကနေပြီးတော့ အသင်းတော်ကိုမွေးထုတ်မှာ ဖြစ်ပါ တယ်။ ခရစ်တော်ရဲ့ သတို့သမီးဘဲ ဖြစ်ပါတယ်။ ခေတ်ကာလ အသီးသီးမှာအိပ်ပျော် သွားတဲ့သူတွေ အဲဒီ သတို့သမီးကို ပြုလုပ်ပြီးတော့ နှုတ်ကပတ်တော်ထဲကနေပေါ်ထွက် လာစေမှာ ဖြစ်ပါတယ်။ သူတို့လည်း ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ သင့်ရဲ့ခြေထောက်ကနေပြီးတော့ သင့်ရဲ့ခေါင်းထွက်လာသကဲ့သို့ဘဲ ဖြစ်ပါတယ်။ သူမက ပိုမိုကြီးမားလာပါတယ်။ ပိုပြီးတော့ ကြီးမားတာကို ရရှိဘို့အတွက်ဘဲ ဖြစ်ပါတယ်။ ကိုယ်ခန္ဓာ ကြီးထွားလာတာနဲ့အမျှ သခင်ခရစ်တော်ရဲ့ ကိုယ်ခန္ဓာလည်း ကြီးထွားလာပါတယ်။ နောက်ဆုံးမှာ တော့ခေါင်းထွက်လာမှာ ဖြစ်ပါတယ်။ နှုတ်ကပတ်တော်ရဲ့ ဦးခေါင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့သတိပြုမိမှာဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူက ဦးခေါင်းနဲ့ ချိတ်ဆက်နေလို့ဘဲဖြစ်ပါတယ်။ ဦးခေါင်းက ဟိုလှည့်ဒီလှည့် လှည့်နိုင်မယ်ဆိုရင် အနည်းအကျဉ်းကိုလည်းပြုလုပ်နိုင်ပါတယ်။

58 ၅၈။ ဒီစံနစ်တွေက အဲဒီအထဲကနေကြီးထွားလာမှာတော့ မဟုတ်ပါဘူး။ ဘာ ကြောင့်လဲဆိုတော့ အဲဒါ စံနစ်ဘဲဖြစ်ပြီးတော့ ဘာမှပေါ်ထွက်လာစေမှာ မဟုတ်ဘူး။ ဘာကိုမှလည်း ပေါ်ထွက်လာစေမှာ မဟုတ်လို့ ဖြစ်ပါတယ်။ခေါင်းလောင်းပန်းလေးက ဘယ်လိုနည်းနဲ့မှ ဂျုံနှံကို ကြီးထွားလာစေမှာ မဟုတ်ပါဘူး။ဒါပေမဲ့လည်း သူတို့နှစ်ဦး စလုံးက အလားတူ ရေနဲ့ဘဲ လောင်းခြင်းခံရမှာ ဖြစ်ပါတယ်။အလားတူ နေရောင်ခြည် ကို ရရှိမှာ ဖြစ်ပါတယ်။ တစ်ခုကတော့ နှုတ်ကပတ်တော် ဖြစ်ပြီးတော့နောက်တစ်ခုက တော့ နှုတ်ကပတ်တော် မဟုတ်ပါဘူး။ သူတို့နှစ်ဦးက ရန်ဖြစ်နေမှာဘဲဖြစ်ပါတယ်။ ပထမဆုံး ပြန်လည်တည်ဆောက်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းက အစကတည်းက သူတို့ရန်ဖြစ်နေပါတယ်။ ဒီကနေ့အထိလည်း သူတို့ ရန်ဖြစ်နေဆဲဘဲ ဖြစ်ပါတယ်။

အခုအခါမှာ အဲဒီအကြောင်းနဲ့ပတ်သက်လို့ကျွန်တော်ဆက်ပြီးတော့ ရှည်ရှည် ဝေးဝေး ပြောစရာ မလိုတော့ပါဘူး။ ကျွန်တော်ဘာပြောနေသလဲဆိုတာကိုလည်း ခင်ဗျားတို့ သိမှာ ဖြစ်ပါတယ်။ ပရိတ်သတ်ကလည်း အာမင်လို့ဆိုပါတယ်။အယ်ဒီတာ မှတ်ချက်။ ဟုတ်ပါတယ်။ ကျွန်တော်တို့ အဲဒီကိုရောက်နေပါပြီ။ စံနစ်ဘဲဖြစ်ပါတယ်။ ခင်ဗျား ဘယ်စံနစ်ထဲမှာ ရောက်နေပါသလဲ?

အခု သေချာ စဉ်းစားကြည့်ပါ။ဟိုးရှေးခေတ်ကာလက သင်အသက်ရှင်ခဲ့တယ် ဆိုရင်

ဘုရားသခင်ရဲ့ပရောဖက်ကြီးတွေနှုတ်ကပတ်တော်ကြီးတွေ ပေါ်ထွက်လာတဲ့ အချိန်က ဖြစ်မယ်ဆိုရင် ဘယ်ဖက်ကနေသင်ရပ်တည်လိုပါသလဲ¿

ဒီနေ့လည်း အလားတူ သူတို့ရွေးချယ်မှုသင်ရရှိမှာ ဖြစ်ပါတယ်။ သူမက တစ်ကယ် အပြစ်ကင်းစင်တဲ့ နှုတ်ကပတ်တော် အစစ်ကိုပြန်လည်ပြီးတော့ ရရှိနိုင်ဘို့ လုပ်ဆောင်ပေးမှာ ဖြစ်ပါတယ်။ နှုတ်ကပတ်တော်ကလည်းနှုတ်ကပတ်တော် သတို့ သမီးကနေ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ မိန်းမတစ်ယောက်ကယောက်ျားတစ် ယောက်ရဲ့ တစ်စိတ်တစ်ဒေသဖြစ်သလို သူ့အထဲကနေ ထုတ်ယူခြင်းဖြစ်သလို အသင်းတော်ကလည်း နှုတ်ကပတ်တော်၌ တည်တဲ့အသင်းတော် ဖြစ်ရမှာ ဖြစ်ပါတယ်။ သမ္မာကျမ်းစာထဲမှာရှိတဲ့ စကားလုံးတိုင်းဘဲ ဖြစ်ပါတယ်။ နှစ်များ၊ သွန်သင်ချက်များ ဘာမှနှုတ်ကပတ်တော်ကို ပေါင်းထည့်ခြင်း မရှိပါဘူး။ လုံး၀ အပျိုကညာ၊ နှုတ်ကပတ်တော်ဖြစ်ရမယ်။ သန့်ရှင်းစင်ကြယ် ပြီး လုံး၀ မတရားသော မေထုန်မှီ၀ဲခြင်းနှင့် ကင်းစင်ရမဲ့နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။

လူသာရဲ့အလင်းခေတ်ကာလမှာ အသင်းတော်ကတံခါးပိတ်ထားခြင်း ခံရ တယ်။ လူသာကတော့ အတင်းအဓမ္မ တိုး၀င်ပါတယ်။ သူမကတော့နာကျဉ်မှုတွေ ခံစားရပါတယ်။ ဒါပေမဲ့လည်း သူပေါ်ထွက်လာပါတယ်။ ဖြောင့်မတ်သောသူဟာယုံကြည်ခြင်းအားဖြင့် အသက်ရှင်မယ်ဆိုပြီးတော့ဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ ပွဲတော်မင်္ဂလာ မဟုတ်ပါဘူး။

အခု ကျွန်တော်တို့ တွေ့ရှိရတဲ့အရာကတော့ ဂျွန်၀ပ်စလီရဲ့နေ့ရက်ကာလများ အောက်မှာ သူမက ဗိုက်တစ်ခါ ပြန်နာပါတယ်။ အဲဒီမှာ၀က်စလီမွေးဖွားလာပါတယ်။ ဒါပေမဲ့လည်း သူဘာလုပ်ပါသလဲ¿မိခင်က ဖြစ်ခဲ့သကဲ့သို့ သူမပြန်ဖြစ်လာပါတယ်။

ပင်တေကုတ္တေတွေရဲ့ နေ့ရက်ကာလအောက်မှာသင်တို့ရဲ့ဖခင်များ ပေါ်ထွက် လာပြီးတော့ အဲဒါကို မုန်းတီးကြပါတယ်။ သူတို့အခန်းထဲတွေကို သွားတယ်။ သင့်ရဲ့မိခင် က စတော်ကင်ကို ၀တ်ထားတယ်။ နို့ဆီခွက်ကိုတီးတယ်။ ဗတ္တိဇံ၊ သန့်ရှင်းသောဝိညာဉ် တော် ဗတ္တိဇံအကြောင်းကို ပြောပါတယ်။နောက်ပြီးတော့ ဂီတာအိုကြီးကိုလည်း တီးပါ တယ်။ သူတို့ ကားပေါ်မှာ လမ်းမတန်းပေါ်မှာကားရပ်ထားတဲ့နေရာမှာ သွားတဲ့အ တွက်ကြောင့်မို့လို့ တညလုံး အချုပ်ထဲမှာဖမ်းဆီးခြင်းခံရပါတယ်။ ဒါပေမဲ့လည်း သူတို့က အရမ်းကို ခေါင်းမာကြပါတယ်။ သူတို့အဖွဲ့အစည်းထဲကို အရောက်သွားပါတယ်။ ပြန်ရောက်သွားပြီးတော့ အဲဒီ ပုံစံအတိုင်းဘဲပြန်ဖြစ်လာပါတယ်။ သူတို့ ထွက်လာတဲ့ အတိုင်းဘဲ သူတို့ကလေးတွေကိုလည်း သူတို့ အဲလိုပုံစံမျိုးဖြစ်အောင် ပုံသွင်းပါတယ်။ နောက်ပြီးတော့ သူတို့ဟာ သေဆုံးသွားကြရပါတယ်။သင်နဲ့ပတ်သက်လို့ သူတို့ဟာ ရှက်တယ်ဆိုပြီး ခံစားရမှာ ဖြစ်ပါတယ်။ အဲဒါ ခက်ခဲပါတယ်။ဒါပေမဲ့လည်း အဲဒါ တစ်ကယ့်အမှန်တရားဘဲ ဖြစ်ပါတယ်။ ပရိတ်သတ်ကလည်း အာမင်လို့ပြောပါတယ်။

59 ၅၉။ သင်က ပြောပါတယ်။ သင်လူတွေကိုချစ်တယ်လို့ ကျွန်တော် ထင်ပါတယ်။ ချစ်ခြင်းမေတ္တာတရားက အမှားကို ပြင်ပေးဘို့လိုပါတယ်။ အဲဒါမှလည်း တစ်ကယ်ချစ် ခြင်းမေတ္တာကို သင်ဖေါ်ထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ ချစ်ခြင်းမေတ္တာက အမှန်တရား ကို အရမ်းကို စိတ်အားထက်သန်မှု ရှိနေပါတယ်။

ဒီစံနှစ်များကို ကြည့်ပြီးတော့သြ၀ါဒများအောက်မှ ချုပ်နှောင်ခြင်း ခံရပါ တယ်။ နောက်ပြီးတော့ ပုပ်ပျက်သွားပါတယ်။ဘုရားသခင်က သူ့ရဲ့နှုတ်ကပတ်တော်ကို သမ္မာတရားလို့ ကြော်ငြာပါတယ်။ နောက်ပြီးတော့သူတို့က အဲဒါကို စွဲစွဲမြဲမြဲဆွဲကိုင် ထားပါတယ်။ အာမင်။ ပရိတ်သတ်ကလည်းအာမင်လို့ဆိုပါတယ်။ အယ်ဒီတာ မှတ် ချက်။ အဲဒါက မှန်ပါတယ်။ အဲဒါကအမှန်တရားဖြစ်တယ်ဆိုတာ သင်သိပါတယ် ညီအစ်ကိုတို့။ မောင်နှမတို့။ အာမင်။ အဲဒါဟုတ်ပါတယ်။ အဲဒါက နှုတ်ကပတ်တော်ကို ရိုးရိုးရှင်းရှင်း ပြောပြတဲ့နည်းဘဲ ဖြစ်ပါတယ်။ ဂရိစကားတွေနဲ့ ပြောဆိုခြင်း မဟုတ်ပါ ဘူး။ အဲဒါက ချိုးဖဲ့ပြီးတော့ သာမန်အားဖြင့်နားလည်အောင် ဖေါ်ပြခြင်းဘဲ ဖြစ်ပါ တယ်။ သင်အဲဒါကို နားလည်နိုင်မှာ ဖြစ်ပါတယ်။နှစ်နဲ့နှစ် ပေါင်းရင် လေး ဖြစ်ပါတယ်။ အဲဒါမှန်တယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။အခုအခါမှာ ကျွန်တော်က သတို့သမီး ကို ပေါ်ထွက်လာစေမှာ ဖြစ်ပါတယ်။

60 ၆၀။ ဒါပေမဲ့လည်း စံနစ်အဟောင်းကသူ့ရဲ့ပုံစံကို ထားထားရမှာ ဖြစ်ပါတယ်။ ဇသောကို ထုတ်လုပ်ရမှာဖြစ်ပြီးတော့ ဧသောကသူ့ရဲ့သားဦးအရာတွေကို ရောင်းစား လိုက်တဲ့သူဘဲ ဖြစ်ပါတယ်။

အခု ပေါ်ထွက်လာတဲ့အရာကတော့ ကျွန်တော်အဲဒါကို စဉ်းစားမိပါတယ်။ ကျွန်တော်မ အူကြောင်ကြောင်ဖြစ်နေတယ်လို့ သင်မထင်မိဘူးလို့ကျွန်တော်မျှော်လင့်ပါ တယ်။ ဒါပေမဲ့လည်း ဖြစ်ခဲ့ရင် ကျွန်တော့်ကို ခွင့်လွှတ်ပါ။ကျွန်တော် ဒီအတိုင်းပြောရ တာ ခံစားရတာ ကောင်းပါတယ်။ ဒီနည်းအတိုင်းဘဲ ကျွန်တော်ပိုပြီးတော့ ခံစားရတာ ကောင်းပါတယ်။ တစ်ခြားနည်းလမ်းထက်စာရင် ဒါက ပိုကောင်းပါတယ်။ကျွန်တော် ကြောင်နေတာဘဲ ဖြစ်ပါစေ။ ကမ္ဘာလောကအတွက်တော့ ပိုကောင်းပါတယ်။ ကြောင်နေတဲ့သူတစ်ယောက်ဘဲ ဖြစ်ပါတယ်။ ကျွန်တော် ဘယ်နေရာကိုရောက်နေလဲဆိုတာ ကျွန်တော်သိပါတယ်။ ကျွန်တော် ဘယ်နေရာမှာ ရပ်တည်နေသလဲဆိုတာကိုလည်း ကျွန်တော်သိပါတယ်။

ကလေးငယ် မွေးဖွားလုဆဲကလေးငယ်ကိုပေါ်ထွက်စေမှာ ဖြစ်ပါတယ်။ ဘာသာရေးစံနစ်တစ်ခု ဖြစ်ပြီးတော့ ဂိုဏ်းဂဏတွေအားလုံးကိုအတူတကွ စုစည်းမဲ့အ ရာဘဲ ဖြစ်ပါတယ်။ ဧသောကို ဖေါ်ထုတ်ပြီးတော့ အဲဒီဧသောက ယာကုပ်ကိုမုန်းတီးမှာ ဖြစ်ပါတယ်။ အာမင်။ ခင်ဗျားတို့ အဲဒါကို တွေ့မြင်လိမ့်မယ်လို့ကျွန်တော် မျှော်လင့်မိပါ တယ်။ မွေးဖွားနေဆဲ သေဆုံးနေတဲ့ ဂိုဏ်းဂဏဖြစ်ပြီးတော့သူတို့အားလုံး အတူတကွ သွားကြမှာ ဖြစ်ပါတယ်။

နှုတ်ကပတ်တော် ယုံကြည်သူများကျွန်တော့်ရဲ့သတင်းစကားကို ကျွန်တော် ပေးမှာ ဖြစ်ပါတယ်။ ကြားနာကြပါ။ ကျွန်တော့်ရဲ့သတင်းစကားဖြစ်ပြီးတော့ သူဟာ အဲဒါသမ္မာတရားဖြစ်တယ်ဆိုတာ ခိုင်မာစွာဘဲ ကြေငြာပါတယ်။တစ်နေရာရာကနေ ပြီးတော့ သင်က ရွေးချယ်ရမှာ ဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့သင်ကထိုင်ပြီး မြဲနေနိုင်မှာ မဟုတ်ပါဘူး။ သင်ရွေးချယ်ဘို့ သင်က ပြုလုပ်ရမှာဖြစ်ပါတယ်။

61 ၆၁။ ဟိုးတစ်နေ့ကဆိုရင်ဝက်စ်ဝက်စ်ကဆိုရင် အဲဒီနေ့မနက်က မနက်စာစားတဲ့ အချိန်မှာ ကိုယ်တော်ရှင်က သင့်ကိုဂျုံနှံကို ဖော်ပြတာကို ကျွန်တော် ပြောချင်ပါတယ်။ လူသာက ခေတ်ကာလကနေပြီးတော့ဝက်စလီရဲ့ ခေတ်ကာလအထိ ဘယ်လို ပေါ်ထွက် လာသလဲ¿ သွားကလေးတွေ ပေါ်ထွက်လာပါတယ်။အသင်းတော်တိုင်းကနေပြီးတော့ ဘာကို ကိုယ်စားပြုသလဲဆိုတော့ ဂျုံနှံကလေးကိုကိုယ်စားပြုတယ်။ အညှောင့်ကလေးကို ကိုယ်စားပြုခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့ သူကအဲဒီဂျုံထဲကို သွားလိုက်ပါတယ်။ အဲဒီမှာ အခွံလေးရှိပါတယ်။ တစ်ကယ့် ဂျုံအဆန်ကဲ့သို့ထင်ရတဲ့ အဆံကလေးဘဲရှိ ပါတယ်။ သင်ထွက်ပြီးတော့ ကြည့်လို့ရှိရင် အဲဒီဂျုံကိုသင်မသိဘူးဆိုရင် အဲဒီမှာ ဂျုံရှိတယ်လို့ သင်ပြောနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်းတစ်ကယ့်တစ်ကယ်တော့ အဲဒါ အခွံဘဲ ဖြစ်ပါတယ်။ နောက် သင်ဟာ အခွံလေးကိုဖွင့်လိုက်မယ်ဆိုရင် အထဲမှာ ဂျုံကို မတွေ့ရပါဘူး။ အဖူးကလေး အသက်တာရှိတဲ့အဖူးကလေးပေါ်ထွက်လာဘို့အ တွက် အများကြီး လိုပါတယ်။ သင်က မှန်ဘီလူးကို ယူပြီးတော့သေချာကြည့်လိုက်တဲ့အ ခါမှာ ပင်တေကုတ္တေ ပထမဆုံး ပေါ်ထွက်လာတဲ့အချိန်နဲ့ အရမ်းဘဲတူညီတာကို တွေ့ရပါတယ်။ (မဿဲ ၂၄း၂၄)မှာ သခင်ယေရှု မိန့်တော်မူတဲ့အတိုင်းဘဲဖြစ်ပါတယ်။ ရွေးချယ်ထားတဲ့သူတွေကို လှည့်ဖျားသွားနိုင်တဲ့အထိ ဖြစ်နိုင်ပါတယ်။ အဲဒါဘာလုပ်ရ ပါမလဲ? ဂျုံကိုပံ့ပိုးဘို့ဘဲ ဖြစ်ပါတယ်။ ပရိတ်သတ်က အာမင်လို့ ဆိုပါတယ်။ အယ်ဒီတာ မှတ်ချက်။

ဒီနေရာမှာ ကြည့်ပါ။အညှောင့်ထွက်လာပြီးတော့ အဲဒီအညှောင့်ကတော့ အစေ့နဲ့မတူပါဘူး။ ဝင်သွားတဲ့အစေ့နဲ့လည်းမတူပါဘူး။ ပဘွားနဲ့လည်း မတူပါဘူး။ ဒါပေမဲ့လည်း ပဘွားနဲ့တော့ ပိုတူပုံ ပေါ်ပါတယ်။အခွံကတော့ လုံးဝတူနေပါတယ်။ ဒါပေမဲ့လည်း အဲဒါကတော့ ဂျုံမဟုတ်သေးပါဘူး။ ဂျုံကိုသယ်ဆောင်တဲ့အရာဘဲ ဖြစ်ပါတယ်။

62 ၆၂။ ဒီသတင်းစကားတွေနဲ့အတူ မွေးဖွားခါနီးနာကျဉ်မှု ဘယ်လိုလာသလဲဆိုတာ သိမြင်ပါသလား¿ ဒီအသက်တာ ဒီကနေဘဲ ထွက်လာပါတယ်။နောက်သတင်းစကား တစ်ခုကို သွားဘို့ဘဲ ဖြစ်ပါတယ်။ အသက်တာက လူသာကနေ ထွက်လာတယ်။ ဝက်စလီရဲ့ သတင်းစကားထဲကို ဝင်သွားပါတယ်။ ဝက်စလီရဲ့ သတင်းစကားထဲကနေ ထွက် လာပြီးတော့ပင်တေကုတ္တေ သတင်းစကားထဲကို ဝင်သွားပါတယ်။ အခုအခါမှာ အချိန် တစ်ဖန် ရောက်လာပါပြီ။အခွံကို ထားခဲ့ရမှာ ဖြစ်ပါတယ်။ ဘာဖြစ်ပါသလဲ¿ အဲဒါက တော့ သဘာဝဘဲ ဖြစ်ပါတယ်။ပုံစံအမျိုးမျိုးနဲ့ဘဲ ဖြစ်ပါတယ်။ အဲဒါ သမ္မာတရားလို့ ကြော်ငြာနေခြင်း ဖြစ်ပါတယ်။

အခုအခါမှာ ခင်ဗျားတွေ့ရှိလာမှာဖြစ်ပါတယ်။ ကျွန်တော်က ကြောင်တယ် လို့ ခင်ဗျားတထင်မှာ ဖြစ်ပါတယ်။ အဲလိုပြောလို့ဘဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော့်ထဲမှာ တစ်စုံတစ်ရာရှိပါတယ်။ ကျွန်တော် အဲဒါကိုမရပ်တန့်နိုင်ပါဘူး။ အဲဒီနေရာမှာလည်း ဘယ်တော့မှ မထားပါဘူး။ ကျွန်တော့်ရဲ့ကိုယ်ပိုင်ရွေးချယ်ခြင်း မဟုတ်ပါဘူး။ အဲဒါ ဘုရားနဲ့ဘဲဆိုင်ပါတယ်။ ဘုရားသခင်ကအဲဒါကို အတည်ပြုပါ တယ်။ အဲဒါ သမ္မာတရားဖြစ်တယ်ဆိုတာကို သက်သေခံပြီးတော့အမှန်တရားဖြစ်တယ် ဆိုတာကို ပြုလုပ်ဘို့ဘဲ ဖြစ်ပါတယ်။ အခုအခါမှာ လူသာ၊ ဝက်စလီ၊ပင်တေကုတ္တေတို့နဲ့ ကျွန်တော် တစ်ခုခု ဆန့်ကျင်တာရှိမယ်။ ဒါမှမဟုတ်၊ ဘက်ပထစ်စ်တွေဘယ်သူနဲ့ဘဲဖြစ် ဖြစ် ဆန့်ကျင်တာရှိမယ်ဆိုရင် ဘယ်သူနဲ့မှ ဘာမှဆန့်ကျင်မှုရှိမှာမဟုတ်ပါဘူး။ စံနစ် များကိုသာ ကျွန်တော် ဆန့်ကျင်တာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့နှုတ်က ပတ်တော်က စံနစ်များနဲ့ ဆန့်ကျင်ဘက် ဖြစ်နေပါတယ်။ လူမဟုတ်ပါဘူး။ ဒီ ယဇ်ပုရောဟိတ်တွေ၊ ဒီအမှုတော်ဆောင်တွေ ရပ်နေတာကို ကြည့်ပါ။ သူတို့ စံနစ်ကို နားမထောင်ဘူးဆိုရင် ဒီနေရာကို ရောက်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သူတို့မှာ သာမန်မိုက်ရူးရဲဆန်မှု ရှိပါတယ်။ ဘုရားသခင် နှုတ်ကပတ်တော်နဲ့ ပတ်သက်လို့ ထွက်လာပြီးတော့ လက်ခံဘို့ဘဲ ဖြစ်ပါတယ်။ ဟာလေလုယာရဲ့ အဓိပ္ပါယ်ကတော့ ကျွန်ုပ်တို့ ဘုရားသခင်ကို ချီးမြှောက်ကြပါစို့လို့ အဓိပ္ပါယ်ရပါတယ်။ သင့်ကို မထိခိုက်ပါဘူး။တစ်စုံတစ် ယောက်သောသူက အာမင်လို့ဆိုပါတယ်။ ထိုအတိုင်းဘဲ ဖြစ်ပါစေလို့ အဓိပ္ပါယ်ရပါတယ်။ ကျွန်တော် ယုံကြည်ပါတယ်။ အဲဒါအမှန်တရားဖြစ်တယ်ဆိုတာကို ကျွန်တော် သိရှိပြီးယုံကြည်ပါတယ်။ အဲဒါ သမ္မာတရားဖြစ်တယ်လို့ အတည်ပြုရမှာ ဖြစ်ပါတယ်။ တစ်နေ့သောအခါမှာသင်ရှာဖွေတွေ့ရှိမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အရမ်းနောက်ကျ သွားမှာ ဖြစ်ပါတယ်။ အာမင်။ ယခုကြည့်ပါ။

63 ၆၃။ သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းဘဲသူ့ရဲ့ဇနီးသည်က သူမကိုယ်သူမအဆင် သင့် ဖြစ်ရန်လို့ ဆိုပါတယ်။ခေတ်ကာလအဆုံးပိုင်းမှာဘဲ ဖြစ်ပါတယ်။ သူမကိုယ်သူမ ဘယ်လို ပြင်ဆင်ပါသလဲ¿ သူ့ရဲ့ဇနီးသည် ဖြစ်ဘို့ပါဘဲ¿နောက်ပြီးတော့ သူမ ဘာလုပ် ပါသလဲ¿ ဘယ်လို အဝတ်အစားမျိုး ဝတ်ဆင်ထားပါသလဲ¿ သူ့ရဲ့ နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ သူမဟာ ကိုယ်တော်ရှင်ရဲ့ဖြောင့်မတ်ခြင်းနဲ့ ဝတ်စားဆင်ယင်ထားပါ တယ်။ အဲဒါဘဲ ဖြစ်ပါတယ်။ အဲဒါအမှန်ဘဲဖြစ်ပါတယ်။

ရုပါရုံကို သေသေချာချာ ကြည့်ပါ။ကျွန်တော် ဒီအကြောင်းအရာတစ်ခုကို တော့ အဆုံးမသတ်ခင်မှာ ပြောချင်ပါတယ်။ အဲဒါကကျွန်တော် ပြောဘို့ရန်အတွက် ကျွန်တော့်ကို ပြခြင်းဘဲဖြစ်ပါတယ်။ အဲဒါကတော့ကိုယ်တော်ရှင် မိန့်တော်မူတယ်ဆိုတာ ဘဲ ဖြစ်ပါတယ်။ လူတစ်ယောက်ကနေပြီးတော့ သူ့ရဲ့ကိုယ်ပိုင်အတွေးကို မထားဘဲနဲ့ သူပြောမှာ ဖြစ်ပါတယ်။ သူက သူတော်ကောင်းယောင်ဆောင်သူလည်း ဖြစ်နိုင်ပါ တယ်။ သူက အဲဒီအတွက်ကြောင့် ငရဲကို သွားသင့်ပါတယ်။အကယ်၍ သူက လူတစ်စု ကို ရဘို့ကြိုးစားတဲ့အခါမှာ လူကောင်းတွေ ဖြစ်ရမယ်။နောက်ပြီးတော့ သူတို့ကို လိမ်လည် လှည့်ဖျားမှာဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲ¿ သူက နတ်ဆိုးဖြစ်ပြီး လူသား ဇာတိထဲမှာ နေခြင်းကြောင့်ဖြစ်ပါတယ်။ ဘုရားသခင်ကတော့ သူ့ကို ဘယ်လိုမှ မချီးမြှောက်ပါဘူး။ ဘုရားသခင်ကနတ်ဆိုးကို ချီးမြှောက်တာတို့ လိမ်ညာဖျားယောင်း ခြင်းကို ချီးမြှောက်တာတို့လုပ်မယ်လို့ သင်ထင်ပါသလား¿ ဘယ်တော့မှ မလုပ်ပါဘူး။ သူတို့ရဲ့ခေါင်းပေါ်ကို ရောက်သွားပါတယ်။ သူတို့ မရပါဘူး။ သူတို့ ရွေးချယ်ထားတဲ့သူ တွေကို ဆွဲထုတ်ပါတယ်။

64 ၆၄။ ပရောဖက်တွေအားလုံးကို ကြည့်ပါ။ခေတ်ကာလတစ်လျှောက်ဘဲ ဖြစ်ပါ တယ်။ သူဘယ်လို ရွေးချယ်ခံရပါသလဲ?

တောက်လျှောက်ကြည့်ပါ။ပြုပြင်ပြောင်းလဲရေးကာလမှ စပြီးတော့ ကြည့်ပါ။ ရောမကာသိုလိပ် အသင်းတော်ကနေပြီးတော့ Joan of Arc ကို သစ်တိုင်မှာချည်ထား ပြီး ကွပ်မြက်လိုက်ပါတယ်။ဘာကြောင့်လဲဆိုတော့ သူမဟာ စုန်းဖြစ်လို့လို့ သူတို့က ပြောကြပါတယ်။

သိပ်မကြာခင်အချိန်မှာတော့ သူမ စုန်းမဟုတ်မှန်း သူတို့ရှာဖွေ သိရှိလာရပါတယ်။ သူမကသူတော်စင် ဖြစ်ပါတယ်။ သူတို့ ဝန်ချတောင်းပန်ကြပါ တယ်။ သူတို့က ယဇ်ပုရောဟိတ်တွေရဲ့ကိုယ်ခန္ဓာကို တူးပြီးတော့မြစ်ထဲကို ပစ်ချလိုက် ပါတယ်။ ဒါပေမဲ့လည်း ဘုရားသခင်ရဲ့စာအုပ်တွေထဲမှာ အဲဒီအကြောင်းအရာတွေကို ဖြေရှင်းပေးမထားပါဘူး။ သူတို့ကစိန့်ပက်ထရစ်လို့ ခေါ်ပါတယ်။ အဲဒီပုဂ္ဂိုလ်ကတော့ ကျွန်ုပ်လိုဘဲ ဖြစ်တယ်။သူ့ရဲ့ကလေးတွေကိုကြည့်ပါ။ သူ့ရဲ့ အရာကို ကြည့်ပါ။ ဘယ်နှစ် ယောက် အသတ်ခံရသလဲကြည့်ပါ။ မာတုရစာရင်းကို ကြည့်လိုက်ပါ။ ဘယ်နှစ်ယောက် အသတ်ခံရပါသလဲ¿ သင်တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ လူတွေရဲ့ကြွေးကြော်သံကတော့အဲဒီလို မဟုတ်ပါဘူး။ ဘုရားသခင်က တော့ သက်သေခံပြီး ကြွေးကြော်ပါတယ်။ အဲဒါအမှန်တရားဘဲ ဖြစ်ပါတယ်။ အရာခပ် သိမ်းကို သက်သေခံပါ။ ကောင်းတဲ့အရာကို သေသေချာချာဆွဲကိုင်ပါ။

65 ၆၅။ အခု ကျွန်တော်တို့တွေ့ရှိရတဲ့အရာကတော့ လွန်ခဲ့တဲ့လအနည်းငယ်က တမ နက်မှာ တွေ့ရတဲ့အရာဘဲ ဖြစ်ပါတယ်။ကျွန်တော် အိမ်ထဲကနေ ထွက်သွားပါတယ်။ အဲဒီအခါမှာ ရူပါရုံရလာပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်ကဒီနေရာမှာရှိတဲ့ ဘယ်သူ့ကိုမဆို စိမ်ခေါ်မှာ ဖြစ်ပါတယ်။ ကျွန်တော်နှစ်ပေါင်းများစွာ သိလာတဲ့လူတွေဘဲ ဖြစ်ပါတယ်။ ဘယ်အချိန် မှာဘဲဖြစ်ဖြစ်ကိုယ်တော်ရှင် ကျွန်တော့်ကို သိခွင့်ပေးပြီးတော့ ကိုယ်တော်ရှင် မိန့်တော်မူတယ်ဆိုတာ ပြောဖြစ်ခဲ့ပါတယ်။ ဘာဖြစ်ပျက်ခဲ့သလဲဆိုတာကို ဖေါ်ပြပါတယ်။ အဲဒါ သမ္မာတရားဖြစ်တယ်ဆိုတာကိုဘယ်နှစ်ယောက်သိသလဲ¿ လက်ထောင်ပြပါ။ ပရိတ် သတ်ကအာမင်လို့ဆိုပါတယ်။ အယ်ဒီတာမှတ်ချက်။ တစ်စုံတစ်ယောက်သောသူက ဆန့်ကျင်ပြီးပြောနိုင်ပါသလား¿ ဘရာသာဗရမ်ဟမ်က ခဏစောင့်လိုက်ပါတယ်။ပရိတ်သတ်က တိတ်ဆိတ်နေပါတယ်။ ဒါဟာ ဟုတ်မှန်လို့ ဖြစ်ပါတယ်။

သတင်းစကားပို့ဆောင်သူကိုလုံးဝဂရုမစိုက်ပါနဲ့။ သတင်းစကားကိုဘဲ ကြည့်ပါ။ ပရိတ်သတ်က အာမင်လို့ ဆိုပါတယ်။ အယ်ဒီတာမှတ်ချက်။ အဲဒါက အဓိက ဘဲ ဖြစ်ပါတယ်။ သတိပြုရမဲ့အရာကတော့ခေါင်းပြောင်ပြောင်နဲ့ သင်တို့သိထားတဲ့ သူကို သတိပြုဘို့ မဟုတ်ပါဘူး။ သူကလူသားတစ်ယောက်ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အားလုံးက မကွာခြားပါဘူး။ ဒါပေမဲ့လည်းဘာဖြစ်နေသလဲဆိုတာကို ကြည့်ပါ။ အဲဒါက တော့ တစ်ကယ် ကြွေးကြော်တဲ့အရာဘဲ ဖြစ်ပါတယ်။

ကျွန်တော် လူတွေအမျိုးစုံတွေလူတွေပြောနေတာကို ကျွန်တော် သိပါတယ်။ တော်တော်များများအရာတွေ မမှန်ကန်ဘူးဆိုတာလည်းကျွန်တော် သိပါတယ်။ တစ် ခြားလူအတွက်လည်း ကျွန်တော် မဖြေပေးနိုင်ပါဘူး။တစ်စုံတစ်ယောက်သောသူက ကျွန်တော်ပြောတဲ့အရာကို ကျွန်တော်ဖြေပေးရမယ်လို့ ဆိုပါတယ်။အဲဒါအမှန်တရား ဟုတ်မဟုတ် ကျွန်တော် မပြောနိုင်ပါဘူး။ ကျွန်တော်အဲဒီကိစ္စနဲ့ပတ်သက်လို့ တာဝန်ရှိ တဲ့သူဘဲ ဖြစ်ပါတယ်။တခြားတစ်စုံတစ်ယောက်သောသူပြောတဲ့ အရာမဟုတ်ပါဘူး။ ကျွန်တော် တရားစီရင်လို့လည်းမရပါဘူး။ ကျွန်တော့်ကို တရားသူကြီးဆီကိုလည်း ပို့လို့ မရပါဘူး။ ဒါပေမဲ့လည်းသတင်းစကားကိုတော့ ကျွန်တော် ဟောပြောမှာ ဖြစ်ပါ တယ်။

66 ၆၆။ ကျွန်တော်ကအသင်းတော်ရဲ့ကြိုတင်မြင်ကွင်းကို ကြည့်လိုပါတယ်။ ကျွန်တော် က တစ်စုံတစ်ယောက်သောသူကကျွန်တော့်ကို ယူဆောင်သွားပြီးတော့ မြင်နိုင်တဲ့နေရာ မှာ ခေါ်သွားပါတယ်။ကျွန်တော်ဟာ အဲဒီအပေါ်မှာ စင်တစ်ခုအပေါ်မှာ ရောက်နေသ ကဲ့သို့ ဖြစ်နေပါတယ်။နောက်ပြီးတော့ ကျွန်တော် ကြားရတဲ့ ဂီတသီချင်းသံကတော့ အသံသာဆုံး ကျွန်တော်ကြားဘူးသမျှထဲမှာ အကောင်းဆုံး အချိုသာဆုံး သီချင်းသံဘဲ ဖြစ်ပါတယ်။ ကျွန်တော်ကြည့်လိုက်ပါတယ်။ လာနေတဲ့အရာကတော့ မိန်းကလေးအုပ်စု တစ်စုဘဲ ဖြစ်ပါတယ်။ အသက်ကတော့(၂၀) (၁၈) အရွယ်ဘဲ ဖြစ်ပါတယ်။ သူတို့မှာ ဆံပင်အရှည်ကြီး ရှိပါတယ်။ သူတို့အဝတ်အစားအမျိုးမျိုး ပုံစံအမျိုးမျိုး ဝတ်ဆင်ထား တာကို တွေ့ရပါတယ်။ သူတိုပလမ်းလျှောက်ပြီးတော့ ချီတက်လာတဲ့အခါမှာ တစ်လှမ်း ချင်း ဂီတသံလေးတွေနဲ့တစ်လှမ်းချင်း ညှင်သာစွာ လျှောက်လှမ်းသွားပါတယ်။ ကျွန် တော့်ရဲ့ဘယ်ဘက်ကနေဖြတ်ပြီးတော့ သူတို့ ဒီလမ်းအတိုင်း လျှောက်သွားပါတယ်။ သူတို့ကို ကျွန်တော်ကြည့်နေပါတယ်။ ကျွန်တော့်ကို ဘယ်သူ စကားပြောနေသလဲဆိုတာ ကိုလည်း ကျွန်တော်ရှာဖွေမိပါတယ်။ ဘယ်သူ့ကိုမှ ကျွန်တော် မတွေ့တော့ပါဘူး။

နောက်ပြီးတော့ ကျွန်တော် Rသခု ရ Rသူ သီချင်းဝိုင်းတစ်ဝိုင်း အသံကို ကြားရပါတယ်။ ဒီသီချင်းသံကကျွန်တော်နဲ့ နီးကပ်လာပါတယ်။ ကျွန်တော့်ရဲ့ညာဘက် ခြမ်းကို ကျွန်တော်ကြည့်လိုက်တဲ့အခါမှာ ဒီလမ်းအတိုင်း တက်လာတာကို တွေ့ရပါ တယ်။ ကမ္ဘာပေါ်မှာရှိတဲ့အသင်းတော်တွေ ပြန်ရောက်လာခြင်းဘဲ ဖြစ်ပါတယ်။

တစ်ယောက်စီကတော့ သူတို့ရဲ့အလံတစ်ခုစီကို သယ်ဆောင်ထားပါတယ်။ သူတို့ ဘယ်ဂိုဏ်းဂဏကလည်း ဘယ်ကလာလဲ စသည်တို့ဖြစ်ပါတယ်။ အညစ်ညူးဆုံး ကျွန် တော့်ရဲ့အသက်တာမှာ တွေ့ရှိရတဲ့အရာတွေကတော့အဲဒီအရာတွေဘဲ ဖြစ်ပါတယ်။ အမေရိကန် အသင်းတော် တက်လာပါတယ်။ကျွန်တော်တွေ့သမျှထဲမှာတော့ ရွံစရာ အကောင်းဆုံး အသင်းတော်ဘဲ ဖြစ်ပါတယ်။ကောင်းကင်ဘုံရှင် အဖဘုရားသခင်က တော့ ကျွန်တော့်ရဲ့တရားသူကြီးဘဲ ဖြစ်ပါတယ်။ သူတို့ကမီးခိုးရောင်တိုနန့်နန့် စကပ် လေးတွေ ဝတ်ထားပါတယ်။ ဘားအခန်းထဲမှာရှိတဲ့မိန်းခလေးတွေလို ဝတ်ထားပါတယ်။ အနောက်ဖက်မှာ ဘာမှ မရှိပါဘူး။ မီးခိုးရောင်စာရွတ်လေးတစ်ရွက်ကို အရှေ့ကနေ ချိတ်ထားသလိုဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ သူတို့ကကခုန်နေပါတယ်။ မျက်နှာချေ တွေ မိတ်ကပ်တွေ လိမ်းချယ်ထားတယ်၊ တိုနေတယ်၊ စကပ်တိုတိုလေးတွေဖြစ်တယ်။ ဆံပင်တိုတိုလေးတွေ ဖြစ်တယ်။ စီးကရက်သောက်နေတယ်။ တွန့်လိမ်နေတယ်။နောက်ပြီးတော့ သူတို့ဟာ Rသခု ရ Rသူ လို လမ်းလျှောက်လာပါတယ်။ ကျွန်တော်ကအဲဒါ အမေရိကန်နိုင်ငံရဲ့ အသင်းတော် ဟုတ်ပါသလားလို့ မေးလိုက်တဲ့အခါမှာ အသံကဟုတ်ပါတယ်လို့ ဖြေသံကို ကျွန်တော်ကြားလိုက်ပါတယ်။

67 ၆၇။ သူတို့ ဖြတ်သွားပြီးတဲ့နောက် သူတို့ဒီလိုကိုင်ထားရပါတယ်။ သူတို့အနောက် မှာ စာရွက်ကို ထားထားရပါတယ်။ ဖြတ်သွားပြီးနောက်ပိုင်းမှာ ထားထားရခြင်း ဖြစ်ပါ တယ်။

ကျွန်တော်က စတင်သည်ကို တွေ့ရပါသည်။ကြိုးစားနေပါတယ်။ ကျွန်တော် ကြိုးစားမှုတွေအားလုံးနဲ့ ကျွန်တော် လုပ်ခဲ့သမျှအားလုံးဖြစ်ပါတယ်။ ကျွန်တော်တို့ အမှုတော်ဆောင်တွေအားလုံး အတူတကွ လုပ်ခဲ့ခြင်းဘဲဖြစ်ပါတယ်။ ညီအစ်ကိုတို့ ခင်ဗျားတို့ ဒီရှုပါရုံတွေနဲ့ ပတ်သက်လို့ဘယ်လောက်ယုံကြည်သလဲဆိုတာတော့ ကျွန် တော် မသိပါဘူး။ ဒါပေမဲ့လည်း ကျွန်တော့်အတွက်တော့အမှန်တရားဘဲ ဖြစ်ပါတယ်။ အမြဲတမ်းဘဲမှန်ကန်တယ်ဆိုတာကို အမြဲတမ်းဘဲ သက်သေပြပါတယ်။အဲဒါကို ကျွန်တော် တွေ့တဲ့အခါမှာ ဘာဖြစ်မလဲဆိုတာကို ကျွန်တော်သိတဲ့အခါမှာကျွန်တော့် စိတ်နှလုံးက ကျိုးပဲ့ကြေမွသကဲ့သို့ ဖြစ်ရပါတယ်။ ကျွန်တော်ဘာလုပ်ခဲ့ပါသလဲ ¿ ကျွန် တော် အဲဒါကိုဘယ်လောက်လွဲချော်ခဲ့ရသလဲ ¿ ကျွန်တော် ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်နဲ့ တည်နေပါတယ်ကိုယ်တော်၊ ကျွန်တော် အဲလိုမျိုး ဘယ်လိုလုပ်နိုင်မှာလဲလို့ကျွန်တော် မေးမိပါတယ်။

ကျွန်တော် စဉ်းစားမိတဲ့အရာကတော့ကိုယ်တော်ရှင် ကျွန်တော့်ကို ဘာကြောင့် အဲဒီရှုပါရုံကို ပေးမိပါသလဲ? သိပ်မကြာသေးပါဘူး။ နောက်ပြီးတော့ကျွန်တော် အဲဒါကို တွေ့ရပါတယ်။ သူတို့ကို တရားစီရင်တော့မယ် မဟုတ်ပါလားလို့ကျွန်တော် မေးမိပါ တယ်။ သူက ဘာပြောလဲဆိုတော့ ပေါလုရဲ့ဥစ္စာလည်းပါတယ်လို့ဆိုပါတယ်။ကျွန်တော် အဲဒီ နှုတ်ကပတ်တော်ကိုဘဲ ဟောပြောပါတယ်။ ပေါလုဟောပြောတဲ့ နှုတ်ကပတ်တော်ဘဲဖြစ်ပါတယ်။ ခရစ်ယာန်စီးပွားရေး သမား လုပ်ငန်းရှင်တွေအားလုံးလည်း အဲဒီဆောင်းပါးကိုသေချာဘဲသူတို့ရေးသားခဲ့ပါတယ်။ ဘာကြောင့်လဲ ¿ ဘာကြောင့် အဲလို ဖြစ်ရတာလဲ?

အဲဒီ ပြည်တန်ဆာအုပ်စုတစ်စုအဲလိုဖြတ်သွားတာကို ကျွန်တော်တွေ့ရပါတယ်။ ဝတ်စားဆင်ယင်မှုတွေအားလုံးကလည်း အဲလိုဘဲဖြစ်ပါတယ်။ အမေရိကန်နိုင်ငံရဲ့မယ် အသင်းတော် မယ်လို့ ခေါ်ပါတယ်။ ကျွန်တော်မူးမိုက်မတတ် ဖြစ်ပါတယ်။

68 ၆၈။ ဒါနဲ့တိုက်ရိုက်ဘဲ ကျွန်တော်ကြားတဲ့ တကယ်ချိုသာပြီးတော့ နားထောင်လို့ ကောင်းတဲ့ ဂီတသံလေးတစ်ဖန်ပြန်ကြားရပြန်တယ်။ အဲဒီအခါမှာ အဲဒီ သတို့သမီးလေး ဘဲ တခါပြန်လာပါတယ်။သူကဘာပြောလဲဆိုတော့ အဲဒီကနေ ထွက်လာတဲ့အရာဘဲ ဖြစ်ပါတယ်။ သူမက ဖြတ်လျှောက်သွားပါတယ်။သူမက ပထမဆုံးနေရာမှာ တွေ့ခဲ့ရတဲ့ အတိုင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဂီတသံစဉ်အတိုင်း တဖြည်း ဖြည်းသူ လျှောက်လှမ်းပြီး လာပါတယ်။ ကျွန်တော် အဲဒါကိုတွေ့တဲ့အခါမှာ ကျွန်တော့် လက်နှစ်ဖက်ကို မြှောက်ပြီးတော့ ကျွန်တော် ဒီလိုဘဲငိုကြွေးမိပါတယ်။ ကျွန်တော် အိမ်ရှေ့ ပေါ်တီကိုအောက်မှာ ကျွန်တော် ရပ်နေပါတယ်။ကျွန်တော် ကွင်းထဲကို ဖြတ်ပြီး တော့ ကြည့်နေမိပါတယ်။

ဘာလဲ? သူမက အလားတူ သတို့သမီးဘဲ ဖြစ်ပါတယ်။ အမျိုးအစားတူပါ တယ်။ပထမဆုံးနေရာမှာ ရှိသကဲ့သို့ သူမအဲဒီအမျိုးအစားတူတဲ့အရာနဲ့ သူမကို ဒီလို ထားပါတယ်။အခုအခါမှာ မာလခိ အခန်းကြီး(၄)ကို ဖတ်နေ၊ ဖတ်မယ်ဆိုရင် နောက်ဆုံး သောနေ့ရက်ကာလမှာတွေ့ရမဲ့ သတင်းစကားကို ကျွန်တော်တို့ မတွေ့ကြဘူးဆိုကြပါစို့။ ဒါပေမဲ့လည်း မာလခိအခန်းကြီး(၄)မှာ တွေ့ရမဲ့အရာကတော့ ဘိုးဘေးတွေရဲ့ စိတ်နှလုံး မျိုးကိုသားသမီးတွေကို ပြန်လည်ပေးအပ်ခြင်းဘဲ ဖြစ်ပါတယ်။ မူရင်း ပင်တေကုတ္တေ သတင်းစကာကိုပြန်လည်ရောက်ရှိခြင်းဘဲ ဖြစ်ပါတယ်။ စကားလုံး တစ်လုံး စီဘဲဖြစ်ပါတယ် ညီကိုများ၊ကျွန်တော်တို့ ဒီမှာ ရှိနေပါတယ်။

ဒီအသင်းတော်က နိမိတ်လက္ခဏာ ရရှိဘို့ဘဲဖြစ်ပါတယ်။ အဲဒီ နိမိတ်လက္ခ ဏာကတော့ နောက်ဆုံး နိမိတ်လက္ခဏာဘဲ ဖြစ်ပါတယ်။ သမ္မာကျမ်းစာထဲမှာ ကျွန်တော်တို့ တွေ့ရပါတယ်။ လောဒိကိအသင်းတော် ခေတ်ကာလမှာအင်မတန်မှ မီးဖွားခါနီး နာကျဉ်ခြင်းမျိုး နာကျဉ်ခံစားရပါတယ်။ပျင်းရိဘွယ်ဖြစ်ပါတယ်။ သူတို့ရဲ့အသင်းတော်က တစ်ဖန် ပြန်လည်ပြီး မွေးဖွားရမှာ ဖြစ်ပါတယ်။

69 ၆၉။ တခြား အဖွဲ့အစည်း ဘယ်တော့မှရှိတော့မှာ မဟုတ်တော့ပါဘူး။ သတင်း စကား ဖြစ်လာတဲ့အချိန်တိုင်းမှာလူတိုင်းရှိတဲ့အရာ ရှိပါတယ်။ သမိုင်းဆရာတွေကို မေးကြည့်လိုက်ပါ။ သတင်းစကားထွက်ပေါ်လာပြီးနောက် အဖွဲ့အစည်း ပေါ်ထွက်လာပါ တယ်။ အလက်ဇန်းဒါးကန့်ဘဲလ်၊မာတင်လူသာနဲ့ အားလုံးဘဲ ဖြစ်ပါတယ်။ သူတို့က အဖွဲ့အစည်း ဖွဲ့စည်းကြပါတယ်။သတင်းစကားကတော့ များသောအားဖြင့် (၃)နှစ်ပေါ် ထွက်လာပါတယ်။ နိုးထမှုကြီးလည်းဖြစ်ပါတယ်။ အဲဒါ (၁၅)နှစ်လောက်ကြာသည့်အထိ တည်မြဲနေပြီး ဘယ်အဖွဲ့အစည်းမှဖြစ်မလာပါဘူး။ ဘာကြောင့်လဲ ¿ အခွံက နောက် ဆုံးဘဲ ဖြစ်ပါတယ်။ကျွန်တော်တို့အတွက်ကတော့ နောက်ဆုံးဘဲ ဖြစ်ပါတယ်။ ကျွန်တော် တို့က အဆုံးမှာရှိနေပါပြီ။

မွေးဖွားခါနီး နာကျဉ်ခြင်းများကိုခံစားရပါသလား? ဘာဖြစ်ပါသလဲ? လူအနည်းစုလေးကိုဘဲ ခေါ်ထုတ်ရမှာဖြစ်ပါတယ်။ လူအနည်းစုကလေးဘဲ ထွက်လာမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော် ငိုကြွေးခြင်းဘဲဖြစ်ပါတယ်။ အင်မတန်မှ နာကျဉ် နေပါတယ်။ တွန်းနေပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့လူသားတွေရဲ့ ဘေးနားမှာ လဲလျောင်း နေပါတယ်။ ဘုရားသခင်ရဲ့နှစ်သက်ခြင်းကိုရှာဖွေနေပါတယ်။ ကိုယ်တော်ရှင်ရဲ့ နှုတ်က ပတ်တော်အတိုင်း လှုပ်ရှားနေပါတယ်။

သူမက နာကျဉ်ခံစားနေရပါတယ်။ အဲဒီအကြောင်းဘဲ ဖြစ်ပါတယ်။ သူမ မွေးဖွားတော့မှာ ဖြစ်ပါတယ်။ သူမ ရွေးချယ်ရမှာဖြစ်ပါတယ်။ နံရံပေါ်မှာ လက်ရေးစာ သားတွေ့ရပါတယ်။ ကျွန်တော်တို့ ကမ္ဘာလောကကြီးကအဆင်သင့် ဖြစ်နေပြီ။ သွားရ တော့မယ်ဆိုတာ ကျွန်တော်တို့ တွေ့ရပါတယ်။အသင်းတော်ကိုလည်း တွေ့ရပါတယ်။ အသင်းတော်က ပုပ်သိုးနေပါပြီ။ သူမလည်း သွားရပါမယ်။နာကျဉ်ခြင်းခွန်အားဖြစ်နေ ပါတယ်။ တစ်ကယ့်အသင်းတော်နဲ့ ကမ္ဘာ့အသင်းတော်လောကကြီး(၂)ခုစလုံးဘဲ ဖြစ်ပါ တယ်။

ကမ္ဘာအသစ်တစ်ခု မွေးဖွားလာမဲ့ပုံဖြစ်ပါတယ်။ အသင်းတော် အသစ်လည်း မွေးဖွားလာမှာ ဖြစ်ပါတယ်။ မိလေနီကာလဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒီအကြောင်း ကို သိပါတယ်။

70 ၇၀။ ကြည့်ပါ။ အဲဒီ အပိတ်နဲ့ပတ်သက်လို့နိဂုံးချုပ်နဲ့ ပတ်သက်လို့ ကျွန်တော် ပြောမှာ ဖြစ်ပါတယ်။ သူမရဲ့နောက်ဆုံးနိမိတ်လက္ခဏာကတော့ အစအဦးမှာ ရှိနေသကဲ့ သို့ဘဲ အခြေအနေမျိုး သူမပြန်ရှိနေမှာပါ။ကမ္ဘာလောကကြီးဖြစ်တဲ့

အသင်းတော် ဖြစ်ပါ တယ်။

အစမှာ ဘယ်လိုဖြစ်သလဲဆိုတာကို ကြည့်ပါ။နှစ်ပေါင်းမြောက်များစွာ ကြာပါတယ်။ မာလခိလက်ထက်ကနေစပြီးတော့ သခင်ယေရှုလက်ထက်အထိဘဲဖြစ်ပါ တယ်။ အဲဒါကို ကြည့်ပါ။ အဲဒီ နှစ်ပေါင်းများစွာ ရှိနေပါတယ်။ အဲဒါကိုကြည့်ပါ။အဲဒီ နောက်ဖက်ကို ပြန်လှည့်ကြည့်ပါ။ သူတို့ရောက်သွားတဲ့ ပျက်စီးခြင်း ဖြစ်ပါတယ်။ကမ္ဘာလောကကြီးကိုလည်း ကြည့်ပါ။ အချိန်တိုင်းမှာ ဘယ်လိုဖြစ်ပါသလဲ¿ နောဧရဲ့ နေ့ရက်ကာလများက ကဲ့သို့ဘဲဖြစ်ပါတယ်။အဲဒီပုံစံအတိုင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒါကို တွေ့ရပါတယ်။ နောဧနေ့ရက်ကာလများကကဲ့သို့ဘဲ ဖြစ်ပါတယ်။ ဒီအရာတွေ အားလုံးကို ကျွန်တော်တို့ တွေ့ပါတယ်။ပုံပေါ်ထွက်လာခြင်းဘဲ ဖြစ်ပါတယ်။

71 ၇၁။ ကျွန်တော်တို့ နောက်ဆုံးနိမိတ်လက္ခဏာတစ်ခု ရရှိပါတယ်။ (လုကာ ၁၇း၂၈) မှာ သခင်ယေရှု မိန့်တော်မူပါတယ်။သောဒုံမြို့ရဲ့ နေ့ရက်ကာလများကကဲ့သို့ ဖြစ်မှာ ဖြစ်ပါတယ်။ ဘုရားသားတော်ကြွလာတဲ့အချိန်မှာ သောဒုံမြို့ရဲ့ နေ့ရက်ကာလများက ကဲ့သို့ ဖြစ်မှာ ဖြစ်ပါတယ်။သခင်ယေရှုက အလားတူ ကျမ်းစာကိုဘဲ ဖတ်ပါတယ်။ ကျွန်တော်တို့ဖတ်တဲ့ ကမ္ဘာဦးကျမ်းကိုဘဲဖတ်ပါတယ်။ ခင်ဗျားတို့ အဲဒီအချက်ကို လွဲမ သွားစေပါနဲ့။ သခင်ယေရှုဖတ်တဲ့သမ္မာကျမ်းစာကလည်း ကျွန်တော်တို့ ဖတ်တဲ့ သမ္မာ ကျမ်းစာဘဲ ဖြစ်ပါတယ်။ သူက သူ့အသင်းတော်ကိုသူပြောပါတယ်။ လှည့်ကြည့်ပါ။ သောဒုံမြို့ရဲ့နေ့ရက်ကာလတွေ တစ်ဖန် ပြန်ရောက်လာမယ်လို့ဆိုပါတယ်။ လူတွေဟာ သူတို့ရဲ့ သဘာဝအတိုင်း မဟုတ်တော့ဘဲနဲ့ ပြောင်းပြန်ဖြစ်သွားတဲ့လူတွေဘဲ ဖြစ်ပါတယ်။

လိင်တူဆက်ဆံခြင်းတွေကိုလည်း ကြည့်ပါ။ကမ္ဘာပေါ်မှာ တနေ့တခြား ကြီးမား လာတာကို တွေ့ရပါတယ်။ မဂ္ဂါခင်ကဘဲသတင်းစာတွေထဲမှာလည်း တွေ့ရပါတယ်။ ကျွန်တော့် ရုံးခတ်ျးထဲကို လာရင် မိခင်တွေထံကစာတွေရောက်လာပါတယ်။ သူတို့ရဲ့ သား;လးတွေအတွက်ဘဲဖြစ်ပါတယ်။ လိင်တူချင်းဆက်ဆံမှုတွေကလည်း တနေ့တခြား တိုးတက်များပြား လာပါတယ်။ရာခိုင်နှုန်း (၂၀)ကနေ (၃၀) ကျွန်တော် ထင်ပါတယ်။ ကယ်လီဖိုးနီးယားပြည်နယ်တစ်ခုထဲမှာဘဲ မနှစ်က အဲဒီလောက်ရှိပါတယ်။ အင်မတန် အုပ်စုများလာပါတယ်။အစိုးရလူတွေ ကတောင်မှ အဲဒီလို လိင်တူဆက်ဆံတဲ့လူတွေ ရှိလာတယ်ဆိုတာကိုသက်သေအထောက်အထားနဲ့ တွေ့ရှိရပါတယ်။ အစိုးရအဖွဲ့မှာ ပါတဲ့လူတွေကလည်း သိပါတယ်။ခင်ဗျားတို့ရဲ့ မဂ္ဂဇင်းတွေကိုလည်း ကျွန်တော် ဖတ်ရပါ တယ်။ အဲလိုအရာတွေအများကြီးပေါ်ထွက်လာတာကိုလည်း သိရပါတယ်။

ညီမတစ်ယောက်က အခြားသောဘာသာစကားနဲ့ပြောဆိုပါတယ်။ နောက်ပြီး တော့ သူမက အနက်ဖွင့်ဆိုပါတယ်။ အဲဒီ ညီမကဘဲတစ်ဖန်အခြားသောဘာသာစကား နဲ့ ပြောဆိုပါတယ်။ အဲဒီအခါမှာ သူမက တစ်ဖန်အနက်ဖွင့်ဆိုမှုကို ပြုပါတယ်။ တိတ်ခွေမှာ ကွက်လပ်ဖြစ်နေပါတယ်။ အယ်ဒီတာမှတ်ချက်။

72 ၇၂။ ယခုအခါမှာ သမ္မာကျမ်းစာကိုကျွန်တော် ကောင်းစွာ နားလည်မယ်ဆိုရင် အဲဒါအတိအကျကတော့ ဘုရားသခင် ပြောဆိုတဲ့အတိုင်းဖြစ်လာမဲ့အရာဘဲ ဖြစ်ပါ တယ်။ အခြားသောဘာသာစကား ပြောဆိုတဲ့လူတွေက အနက်အဓိပ္ပါယ်ဖွင့်ဆိုနိုင်ဘို့အ တွက်လည်း ဆုတောင်းရမှာ ဖြစ်ပါတယ်။

အဲဒါမှန်ကန်ပါတယ်။ ခင်ဗျားကို ကျွန်တော်အမှန်အတိုင်းဘဲ ပြောပါတယ်။ ဘုရားသခင်ဒီမှာ ရှိပါတယ်။ အဲဒီအရာတွေကိုပြောင်းလဲစေခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါ သမ္မာတရား ဖြစ်ပါတယ်။ အဲဒါအမှန်အကန်ဘဲဖြစ်ပါတယ်။

အခုကြည့်ပါ။ သခင်ယေရှုပြောတဲ့နောက်ဆုံးသတင်းစကားဆိုတာ ဘာလဲ¿ နောဧရဲ့ နေ့ရက်များမှာကဲ့သို့ဖြစ်ပါတယ်။ အခုကြည့်ပါ။ တပါးအမျိုးသား ကမ္ဘာကြီး မီး;လောင်မြိုက်မသွားခင်မှာ ဘယ်လိုဖြစ်သလဲဆိုတာကို ကြည့်ပါ။နားလည်ဘို့ သတိထား ပါ။ ဘာဖြစ်ပါသလဲ¿ လူတစ်စုရှိပါတယ်။ မပူမအေး နွေးနေတဲ့ အသင်းသားတွေဘဲဖြစ်ပါတယ်။ လောတကဲ့သို့ ဖြစ်ပါတယ်။ သူ့ရဲ့အုပ်စု၊ လောတနဲ့ သူ့မိသားစုတွေကဲ့သို့ဘဲဖြစ်ပါတယ်။ သောဒုံမြို့ထဲမှာဘဲ ဖြစ်ပါတယ်။ နောက်ပြီး နောက်ထပ် လူတစ်စုလည်းရှိပါသေးတယ်။ အဲဒီကနေ ထွက်လာတဲ့လူဘဲ ဖြစ်ပါတယ်။ အစကတည်းကတော့ သူကဘို့ရန်အတွက်တော့သူအဲဒီထဲမှာ မရှိပါဘူး။ အဲဒါကတော့ အာဗြဟံဘဲ ဖြစ်ပါ တယ်။ ကြွလာတော်မူမဲ့သားအတွက်ကိုသတိပေးခြင်းခံရတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ခင်ဗျား နားလည်ပါသလား¿အာမင်လို့ ပြောပါ။ ပရိတ်သတ်ကလည်း အာမင်လို့ ဆိုပါတယ်။ အယ်ဒီတာမှတ်ချက်။ ကောင်းပြီ။

အခုအခါမှာ အကြီးမားဆုံး အပျက်အစီးအထွဋ်အထိပ်ကို မရောက်ခင် ဘုရားသခင်က အာဗြဟံရှေ့မှာ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ပေါ်ထွက်လာပါတယ်။ ဒီတစ် ခေါက်တော့ သူပေါ်ထွက်လာတဲ့အခါမှာ လူသားအနေနဲ့ပေါ်ထွက်လာပါတယ်။ သူက လူဖြစ်ပါတယ်။ သူနောက်တော့မှ ဘုရားဖြစ်လာပါတယ်။ အဲဒါလူမဟုတ်ဘူးလို့ ခင်ဗျား ပြောပေလိမ့်မည်။

အဲဒါ ဘုရားဘဲ ဖြစ်ပါတယ်။ လူသားထဲမှာရှိနေပါတယ်။ အာဗြဟံက အီလို ဟင်းလို့ခေါ်ပါတယ်။ သူက လူသားဖြစ်ပါတယ်။

နောက်ပြီးတော့ သူကထိုင်လိုက်ပါတယ်။သူတဲတော်ဘက်ကို ကျောလှည့်ပြီး ထိုင်နေပါတယ်။ နောက်ပြီး သူပြောပါတယ်။ခင်ဗျားရဲ့မိန်းမ စာရာဘယ်မှာလဲ¿ သူမက ခင်ဗျားနောက်ကရှိတဲ့ တဲထဲမှာရှိပါတယ်လို့ ဖြေပါတယ်။

အဲဒီအချိန်မှာ ခင်ဗျားကို ကျွန်တော်လာပြီးတော့ ဒီအချိန်မှာလာလည်ပါတယ်။ နောက်ပြီးတော့ ခင်ဗျားကို ကျွန်တော်ဂတိပေးခဲ့ပါတယ်။ အဲဒီအခါမှာ စာရာက ရီပါ တယ်။ သူဘာပြောလဲဆိုတော့ စာရာဘာကြောင့်ရီလဲလို့ မေးပါတယ်။

73 ၇၃။ ယခုအခါမှာ အဲဒီနေ့ရက်ကာလမှာဘာဖြစ်ပါသလဲ? အာဗြဟံနောက်ဆုံးတွေ့ မြင်ခဲ့တဲ့ နိမိတ်လက္ခဏာကိုဖေါ်ပြဘို့ဘဲ ဖြစ်ပါတယ်။ ရွေးချယ်ထားတဲ့ အုပ်စုကို ဖယ်ထုတ်လိုက်ပါတယ်။သောဒုံမြို့ကနေ ဖယ်ထုတ်လိုက်ပါတယ်။ ဒီအကြောင်းအရာကို မေ့မသွားပါနဲ့။ ခင်ဗျားတို့ဘာဘဲလုပ်လုပ် ဒီအကြောင်းအရာကို မမေ့ပျောက်ပါနဲ့။ ဆွဲထုတ်ခြင်းခံရတဲ့ လူတစ်စုဘဲဖြစ်ပါတယ်။ အဲဒါ သောဒုံမြို့မှာ

မဟုတ်ပါဘူး။

ကောင်းကင်တမန်(၂)ပါးက သောဒုံမြို့ကိုဆင်းသွားပါတယ်။ အဲဒီကို ရောက် တဲ့အခါမှာ သူတို့ လောတကိုတွေ့ပါတယ်။ သူတို့ သူ့ကိုတွေ့တဲ့အခါမှာ နောက်ဆုတ်နေ တဲ့အခြေအနေနဲ့ တွေ့ရပါတယ်။ နောက်ဆုတ်နေတဲ့ အခြေအနေမှာလိင်တူဆက်ဆံတာ တွေ ကွဲပြားတာတွေ၊ ပြောင်းပြန်ဖြစ်နေတာတွေဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ဒီပုံပြင်ကို ကြည့်ပါ။ ဒါပေမဲ့လည်း အာဗြဟံနဲ့အတူ ရှိနေတဲ့သူဖြစ်ပါတယ်။ သူကတော့အီလိုဟင်း ဘဲ ဖြစ်ပါတယ်။

သူတို့က အဲဒီမှာ သွားပြီးတော့နှုတ်ကပတ်တော်ကို ဟောပြောပါတယ်။ နှုတ်က ပတ်တော် ဟောပြောတဲ့အခါမှာ သူတို့မျက်စိကွယ်သွားပါတယ်။ ဒီနေ့လည်း ဒီလိုဘဲ ဖြစ်နေပါတယ်။

အဲဒီအုပ်စုနဲ့အတူ ရှိနေတဲ့သူတစ်ယောက်ကတော့ ဆွဲထုတ်ခြင်း ခံရပါတယ်။ အာဗြဟံရှေ့မှာ အံ့ဘွယ်နိမိတ်လက္ခဏာလုပ်ရပါတယ်။ သူဘယ်သူလဲဆိုတာ ပြဘို့ဘဲ ဖြစ်ပါတယ်။ အာဗြဟံနဲ့အတူ ရှိပါတယ်။

သူကမေးပါတယ်။ စာရာဘာကြောင့် ရီသလဲ¿ ကလေးနဲ့ပတ်သက်လို့ဘဲ ဖြစ်ပါ တယ်။ စာရာရှေ့ထွက်လာပြီးတော့သူမမရီဘူးလို့ လိမ်ပြောပါတယ်။ ဒါမေ့ဲလည်း နင်ရီ တယ်။ အခုချက်ချင်းဘဲ သူမကိုသတ်လိုက်နိုင်ပါတယ်။ သူမဟာ အာဗြဟံရဲ့နံရိုးမဟုတ် ဘူးဆိုရင် အပြစ်ပေးနိုင်ပါတယ်။

ဘုရားသခင်က ကျွန်တော်တို့ကို ခရစ်တော်ရဲ့တစ်စိတ်တစ်ဒေသမဖြစ်ဘူး ဆိုရင် ကျွန်တော်တို့ကို ဘုရားသခင်က သတ်ပြစ်နိုင်ပါတယ်။ သခင်ခရစ်တော်ရဲ့ဂရုဏာ တော်က ကျွန်တော်တို့ကို ထိမ်းသိမ်းထားပါတယ်။ ကျွန်တော်တို့သံသယဖြစ်တာတွေ ပြောင်းပြန်ဖြစ်တာတွေ၊ နှုတ်ကပတ်တော်နဲ့ ပတ်သက်လို့တမျိုးတမည်ဖြစ်နေတာတွေ အားလုံးကို ခရစ်တော်က ထိန်းသိမ်းပေးထားပါတယ်။

74 ၇၄။ ဘာဖြစ်သလဲဆိုတာကို သတိပြုပါ။သခင်ယေရှု အခုအခါမှာ လှည့်ကြည့်လိုက် ပြီးတော့ ဘာပြောသလဲဆိုတော့ လောတရဲ့နေ့ရက်ကာလမှာကဲ့သို့ နောက်ဆုံးသောနေ့ ရက်ကာလမှာ လူသား၊ ဘုရားသားတော်ကြွလာတဲ့အခါမှာ မိမိကိုယ်ကို ဆဖေါ်ပြမယ်လို့ဆိုထားပါတယ်။ လူသားလို့ အမြဲတမ်း သမ္မာကျမ်းစာက ရေးထားပါတယ်။ အဲဒါက ပရောဖက်ဘဲဖြစ်ပါတယ်။ သူဟာ သားရဲ့အမည်နာမ(၃)မျိုးနဲ့ ကြွလာပါတယ်။ လူသား၊ ဘုရားသား၊ဒါဝိဒ်ရဲ့သား ဖြစ်ပါတယ်။ နောက်ပြီးတော့ သူ့ရဲ့နံမယ်ကို သူမြွတ်ဆိုပါတယ်။ လူသားလို့ခေါ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ ပရောဖက်ကဲ့သို့သော အလုပ်ကို လုပ်ခဲ့လို့ဘဲဖြစ်ပါတယ်။ နောက်ဆုံးသောနေ့ရက်ကာလမှာ နောဧရဲ့ ခေတ်ကာလက ကဲ့သို့ဖြစ်ပြီး လူသားဟာမိမိကိုယ်ကိုမိမိ ဖေါ်ပြမယ်လို့ ဆိုထားပါတယ်။

75 ၇၅။ အခုကျွန်တော်တို့ စဉ်းစားကြပါစို့။ တစ်မိနစ်လောက် ခန့်ဘဲ စဉ်းစားကြမှာ ဖြစ်ပါတယ်။ကမ္ဘာလောကကြီးပေါ်မှာ ဘယ်တော့မှ သတင်းစကား ပို့ဆောင်သူ မရှိခဲ့ပါ ဘူး။ ရှင်မီ၊စင်ကီ၊ မူဒီ၊ ဖင်နီ၊ စကာလ်ဗင် စသည်တို့ တကမ္ဘာလုံးကို ပတ်သွားတဲ့ သတင်းစကားပို့ဆောင်တဲ့သူတွေ ဖြစ်ပြီးတော့ စံနည်းနာနေတဲ့ အသင်းတော်တွေကို သတင်းစကားပို့ဆောင်ပါတယ်။ ဒါပေမဲ့လည်း နိုင်ငံတကာ သတင်းစကားနဲ့ သွားတဲ့သူ ကျွန်တော်တို့မှာရှိပါတယ်။

ဒီနေ့အထိ ရှိပါသလား ? သူ့ရဲ့နံမယ်ကတော့ ဘယ်တော့မှအဆုံးမရှိတဲ့ ဟန်နံဘဲရှိပါတယ်။ စကားလုံး(၆)လုံးရှိပါတယ်။ B r a m h a m (၇)လုံး ဖြစ်ပါတယ်။(၆)လုံးမဟုတ်ပါဘူး။ (၇)လုံးဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်နေ့ သောအခါမှာဟန်မ်လို့ခေါ်တဲ့ အက္ခရာ(၆)လုံးပါတဲ့ နံမယ်ကို တွေ့ပါတယ်။ (၆)ဆိုတာကတော့လောကရဲ့နံမယ်ဖြစ်ပါတယ်။ ဖန်ဆင်းတဲ့နေ့ရက်ကာလ နံပါတ်ဘဲ ဖြစ်ပါတယ်။ ဘယ်အချိန်မှာကမ္ဘာလောကကြီးက လူတစ်ယောက်ကို ရရှိထားပါသလဲ¿ ကော့စ်စမော့ မှာ သူသွားပြီးတော့တရားဟောပါတယ်။ ကမ္ဘာလောကကြီးထဲမှာ ဟောနေခြင်းဖြစ်ပါ တယ်။ လူတွေကိုလည်းခေါ်ထုတ်ပြီး ဟောပြောပါတယ်။ နောင်တရကြပါ။ နောင်တရ ကြပါ။ ပျောက်ဆုံးခြင်းရှိမယ်။ဒါမှမဟုတ်လည်း ထွက်လာကြပါ။ ဒီခေတ်ကာလအထိဘဲ ဖြစ်ပါတယ်။ ဂရေဟမ်မ်လို့ခေါ်ပါတယ်။သူဘာလုပ်သလဲ¿ သူက နှုတ်ကပတ်တော်ကို ဟောပြောပါတယ်။အပြင်ဘက်မှာ ရှိနေတဲ့သူတွေကတော့ မျက်စိကွယ်နေပြီးတော့ နေကြတယ်။ အဲဒီလူတွေကိုသူကခေါ်ပြီးတော့ ထွက်လာပါ။ ဘုရားသခင်ရဲ့သတင်းစကားပို့ဆောင်သူထံမှ ရောက်လာပါတယ်လို့ဆိုပါတယ်။ သခင်ယေရှုကလည်း လူသားက မိမိကိုယ်ကိုဖေါ်ပြရမဲ့အချိန်နီးလာလို့ရှိရင် အဲလိုဖြစ်လာလိမ့်မယ်လို့ ဆိုပါ တယ်။ အဲဒါဘယ်ရောက်နေလဲ¿ လောကရဲ့ အသင်းတော်များရဲ့အပြင်ဘက်မှာဖြစ်ပါ တယ်။ သူက သူတို့ကို အဲဒီအတွက် မုန်းတီးကြပါတယ်။

76 ၇၆။ ဒါပေမဲ့လည်း အုပ်စုတစ်စုရှိပါတယ်။အဲဒါကတော့ ဝိညာဉ်ရေးရာ အုပ်စုဘဲ ဖြစ်ပါတယ်။ ယာကုပ် အုပ်စုဖြစ်ပါတယ်။ ဧသောအုပ်စုမဟုတ်ပါဘူး။ ယာကုပ်အုပ်စုက သားကို ရှာဖွေနေပါတယ်။ ဗာဘုလုန်မရှိပါဘူး။ သူတို့သတင်းစကား ပို့ဆောင်သူကို လက်ခံရရှိပါတယ်။ နားလည်ပါသလား¿ ပရိတ်သတ်ကလည်း အာမင်လို့ဆိုပါတယ်။ ဗရမ်ဟမ် B r a m h a m သူတို့ လက်ခံရရှိတဲ့သတင်းစကား ပို့ဆောင်သူဘဲ ဖြစ်ပါ တယ်။ အဲဒီ သတင်းစကားပို့ဆောင်သူကတော့ အရမ်းကိုကြီးမြတ်ပါတယ်။ တစ်ကယ်ကို ထူးခြားတဲ့အရာ သူကပြုလုပ်ပါတယ်။ နေ့ရက်ကာလအဆုံးရောက်ပြီဆိုတာကလည်း သူက ပြသပါတယ်။ စာရာရဲ့စိတ်နှလုံးထဲမှာရှိတဲ့အတွေးတွေကိုလည်း သူက ဖေါ်ပြပါ တယ်။

သခင်ယေရှု ဘုရားသားတော်ကတော့ လူဇာတိနဲ့ပြုလုပ်ထားပါတယ်။ ဘုရား သခင်ရဲ့ ဝိညာဉ်တော်ကို ဖေါ်ပြပါတယ်။ ဘုရားသခင်ဝိညာဉ်တော်ပြန်လာပြီးတော့ ဒီရွေးချယ်ထားတဲ့ အုပ်စုလေးကို အဲဒီ နောက်ဆုံးသောအချိန်မှာရွေးချယ်မယ်လို့ ဆိုတားပါတယ်။ သူ့ကိုသူလည်း ဖေါ်ပြမှာ ဖြစ်ပါတယ်။ အလားတူအမှုအကျင့်စရိုက် အားဖြင့် ဖေါ်ပြမှာ ဖြစ်ပါတယ်။ ဗိုက်နာတယ်။ မွေးဖွားခါနီးလို့ဗိုက်နာခြင်း ဖြစ်ပါတယ်။ အိုညီကိုတို့ ကျေးဇူးပြု၍ နားလည်ကြပါ။ ကြိုးစားကြပါ။အပြင်းအထန် ကြိုးစားကြပါ။ သင်တို့ရဲ့ စိတ်နှလုံးတွေကို (၁)မိနစ်လောက်ခန့်ဖွင့်ထားပေးပါ။ ခရစ်တော်ကိုကြည့်ပါ။ ဘုရားသခင်က အခု ဒီနေရာမှာရှိပါတယ်။ အဲဒီဘုရားသခင်ဘဲ ဖြစ်ပါတယ်။

ကိုယ်တော် ရှင်က ဒီဂတိတော်တွေကို ပေးပါတယ်။ သူတို့ကိုကိုယ်တော်ရှင်က ဂတိတော်တွေ ပေးမယ်ဆိုရင် သူတစ်ကယ်ဘဲ အဲဒီ ဂတိတော်တွေအတိုင်းလုပ်နိုင်မဲ့သူ ဖြစ်ပါတယ်။

အခု ကျွန်တော်တို့ ခေါင်းငုံ့ပြီးတော့ခေတ္တဆုတောင်းကြပါစို့။ ခင်ဗျားတို့ကို ကျွန်တော် စဉ်းစားစေချင်ပါတယ်။နိမ့်နိမ့်ချချနဲ့ဘဲ စဉ်းစားစေချင်ပါတယ်။

77 ၇၇။ အဖဘုရားသခင် ကိုယ်တော်ရှင်လက်ထဲမှာဘဲ ယခု ရှိနေပါတယ်။ ကျွန်တော် လုပ်နိုင်သမျှအားလုံး ကျွန်တော်လုပ်ခဲ့ပြီးပါပြီ။ ကျွန်တော် ဆုတောင်းပါတယ်လို့ လူတွေ နားလည်နိုင်အောင်ကိုယ်တော်ရှင် မစတော်မူပါ။ မျိုးစေ့ကို စိုက်ပျိုးလိုက်ပါပြီ။ ရေ လောင်းပြီးပါပြီ။ ဝိညာဉ်တော်ကို အဲဒီ မျိုးစေ့ပေါ်မှာ လောင်းလိုက်ပါတယ် ကိုယ်တော်၊ ကိုယ်တော်ရှင်ဘုန်းတော်ထင်ရှားစေဘို့အတွက် မျိုးစေ့ကို ကိုယ်တော် ရေလောင်းတော် မူပါ။ ကျွန်တော်အမှား ပြုလုပ်မိမယ်ဆိုရင် ကျွန်တော် အမှားပြုလုပ်မယ်လို့ မဆိုလိုပါ ဘူး။ ကျွန်တော်ဆုတောင်းပါတယ်ကိုယ်တော်၊ ကိုယ်တော်ရှင် အနက်အဓိပ္ပါယ်ဖွင့်ဆို ဘို့ဘဲ ဖြစ်ပါတယ်။သူတို့ရဲ့ စိတ်နှလုံးထဲကို တိုက်ရိုက်အနက်အဓိပ္ပါယ် ဖွင့်ဆိုဘို့ဘဲ ဖြစ်ပါတယ်။ဒါမှ သူတို့ တွေ့မြင်ပြီး နားလည်နိုင်မှာ ဖြစ်ပါတယ်။ မစတော်မူပါကိုယ် တော်၊ သခင်ယေရှုနာမ၌ ကျွန်တော်တို့ ဆုတောင်းပါတယ်။ အာမင်။

ဘုရားသခင် ကောင်းချီးပေးပါစေ။သင်တို့ကို ကျွန်ုပ်ချစ်ပါတယ်။ ဒီဘုရား သခင်က ဒီနှုတ်ကပတ်တော်ကို ဟောပြောပါတယ်။ ဒီဘုရားသခင်က ဒီနှုတ်ကပတ်တော် အတွက် တာဝန်ရှိပါတယ်။ ကျွန်တော် အဲဒါကိုပြောတဲ့အတွက် ကျွန်တော့်မှာ တာဝန်ရှိ ပါတယ်။ ကိုယ်တော်ရှင်က အဲဒီ နှုတ်ကပတ်တော်ကိုအသက်ရှင်စေမှာ ဖြစ်ပါတယ်။ အဲဒီဘုရားသခင်ကလည်း အခု ဒီနေရာမှာ ရှိနေပါတယ်။

အခု ဘယ်နှစ်ယောက် အကူအညီလိုတာ ရှိသလဲ? ခင်ဗျားတို့လက်တွေကို ထောင်ပါ။နောက်ဆုံးသောနေ့ရက်ကာလများမှာ ကိုယ်တော်ရှင် အဲလိုအမှုပြုမယ်လို့ သတိပေးခဲ့သလား¿ အခု ခင်ဗျားတို့ ကျွန်တော့်ကို ကြည့်ပါ။ ပေတရုနဲ့ယောဟန်ကဲ့သို့ ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ကို ကြည့်ပါ။ သူက သူတို့ကိုပြောပြပါတယ်။ ဒီအတိုင်းဘဲ ကြည့်ပါ။ ပတ်လည်လှည့်ပြီး လျှောက်သွားမနေပါနဲ့။ကျွန်တော့် စိတ်နှလုံးထဲမှာရှိတဲ့ စိတ်နှလုံးအကြွင်းမဲ့ ကျွန်တော်ကြိုးစားနေပါတယ်။ ခင်ဗျားတို့ လေးလေးစားစား ရှိကြပါ။ ခင်ဗျားတို့ တစ်ယောက်စီ ဝိညာဉ်ကလှုပ်ရှားပါတယ်။ ခင်ဗျားတို့က ယူနစ်တခုစီရှိပါ တယ်။ ကျွန်တော်က လူတွေရဲ့ယုံကြည်ခြင်းကို ဖမ်းချုပ်ဘို့ ကြိုးစားပါတယ်။

အမျိုးသမီးလေးတစ်ယောက် ဖြတ်သွားပြီးတော့သူ့ရဲ့ဝတ်ရုံကို တို့ထိလိုက်ပါ တယ်။ နောက်ပြီး ထွက်သွားပြီး ထိုင်နေပါတယ်။ သခင်ယေရှုက သူမရဲ့အနာရောဂါတွေ ကို ပြောပြပါတယ်။ သူမက အနာရောဂါငြိမ်းသွားပါတယ်။

အခုအခါမှာ အဲဒါတစ်ဖန်ပြန်လည်ပြုလုပ်ဘို့အတွက် သူဂတိပေးပါတယ်။ လူသားက မိမိကိုယ်ကို ဖေါ်ပြမှာ ဖြစ်ပါတယ်။သောဒုံမြို့မှာ ဖေါ်ပြသကဲ့သို့ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီးရဲ့အခြေအနေကလည်းအဲလိုအခြေအနေမျိုးထဲ ရောက်နေပါတယ်။ အသင်းတော်ကလည်း အဲလိုအခြေအနေမျိုးရောက်နေပါတယ်။ ဘုရားသခင်က ဂတိ တည်တဲ့ဘုရားဖြစ်ပါသလား¿ သူ့မှာရှိတယ်။ ဒါမှမဟုတ် မရှိဘူးဆိုရင် ကျွန်တော်တို့မှာနိမိတ်လက္ခဏာရှိပါတယ်။ ခုန်မယ်၊ အခြားသောဘာသာစကားပြောတယ်။ ပရောဖက်ပြု မယ်။နိမိတ်လက္ခဏာတွေပြမယ်။ စသည်တို့ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ခဏနေပါ အုန်း။ နောက်ထပ်နိမိလက္ခဏာတစ်ခုရှိပါတယ်။ ကျွန်တော်တို့မှာ ဇာတိဆိုင်ရာ အတုအပတွေ ရှိပါတယ်။တစ်ကယ်အစစ်ကို တောက်ပနေအောင် ပြုလုပ်တဲ့အရာဘဲ ဖြစ်ပါတယ်။ ဒီ ဘိုးဂက်စ်ဒေါ်လာကဘယ်လို ဘိုးဂက်စ်ဒေါ်လာဘဲ ဖြစ်ဖြစ်တစ်ကယ့် ဒေါ်လာအစစ်ကို တောက်ပအောင် ပြုလုပ်နိုင်ပါတယ်။

78 ၇၈။ အခု ကျွန်တော်တို့ ဆုတောင်းကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ယုံကြည်ပါ တယ်။ ခင်ဗျားတို့ အဲလိုလုပ်ဘို့အတွက်ကျွန်တော် စိမ်ခေါ်ပါတယ်။ ခင်ဗျားတို့ကြည့်ပါ။ နောက်ပြီး ကျွန်တော် ခင်ဗျားတို့ကိုပြောထားတဲ့အရာ ခင်ဗျားတို့ အဲဒါကို ယုံကြည်ပါ။ ဘယ်နှစ်ယောက် ဒီဟာအမှန်တရားဖြစ်တယ်ဆိုတာ ယုံကြည်ပါသလဲ¿ ပရိတ်သတ်က လည်း အာမင်လို့ ဆိုပါတယ်။ခင်ဗျားက ဘယ်သူလဲဆိုတာ ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ။ ဘယ်နေရာမှာ ရှိလဲဆိုတာလည်းဂရုစိုက်ပါ။

လူတိုင်း ဒီထဲမှာ ရှိပါတယ်။ ကျွန်တော်သိသလောက်ဆိုရင် လုံးဝ လူစိမ်းတွေ ဖြစ်ပြီးတော့ ဘီလ်ဒေ့ရှ်ကလွဲရင် ကျွန်တော်တို့မသိတဲ့လူတွေ ဖြစ်ပါတယ်။ သူ့ဇနီးသည် အဲဒီမှာ ထိုင်နေပါတယ်။ ကျွန်တော်သိရသလောက်ဆိုရင် သူက ဂျာမဏီက တရား ဟောဆရာလေးတစ်ယောက် ဖြစ်ပါတယ်။ အဲဒိညီအကိုနဲ့အတူလူ(၂)ယောက် (၃) ယောက်လည်း အဲဒီမှာ ထိုင်နေတာကို တွေ့ရပါတယ်။

တစ်စုံတစ်ယောက်သောသူ ဒီပရိတ်သတ်ထဲမှာရှိပါတယ်။ ဟိုးနောက်ဖက်မှာ ရှိပါတယ်။ ခင်ဗျားတို့ကို ကျွန်တော် စိမ်ခေါ်ပါတယ်။ ယုံကြည်ပါတယ်။ ကျွန်တော် ခင်ဗျားတို့ကို ပြောတဲ့အရာကတော့ အမှန်တရားဘဲ ဖြစ်ပါတယ်။

ဘုရားသခင်ရဲ့ ကောင်းကင်တမန်ဆင်းသက်လာတဲ့အခါမှာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀)တုန်းက အဲဒီ မြစ်ကမ်းနံဘေးကဆင်းသက်လာတဲ့အခါမှာ ဘယ်လို ကောက်ချက်ချသလဲ¿ ကျွန်တော် ဘယ်လိုသိသလဲ¿

ကျွန်တော့်ရဲ့ နှစ်ခြင်းသင်းအုပ်ဆရာကကျွန်တော့်ကို အသင်းတော်ထဲကနေ မောင်းထုတ်လိုက်ပါတယ်။ မင်းအိမ်မက်ဆိုးတွေမက်နေတယ်ဘီလီလို့ သူက ပြောပါ တယ်။

ကျွန်တော်ကလည်း အိမ်မက်ဆိုးမဟုတ်ပါဘူး။ဒေါက်တာဒေးဗစ်၊ အဲဒါက တော့ ခင်ဗျားစိတ်ထဲက ခံစားရတဲ့အတိုင်း ခင်ဗျားပြော တာပါ။ကျွန်တော့်ရဲ့မိဿဟာယ ကဒ်ကို ခင်ဗျားက ဘယ်လိုဘဲလုပ်လုပ် လုပ်နိုင်ပါတယ်။

ကျွန်တော် သိတဲ့အရာကတော့တစ်စုံတစ်ယောက်သောသူ တစ်နေရာရာမှာ အဲဒါကို ယုံကြည်မှာ ဖြစ်ပါတယ်။ ဘုရားသခင်ကသတင်းစကား ပို့ဆောင်သူကို ပို့ ဆောင်ပြီးတော့ တစ်ချို့လူတွေလည်း ဝန်ခံကြမှာဖြစ်ပါတယ်။

ကျွန်တော် သွားပြီးတော့ဖျားနာတဲ့သူတွေအတွက် သွားပြီးတော့ ဆုတောင်း တဲ့အခါမှာ အရမ်းဘဲ ကောင်းပါတယ်။ဒါပေမဲ့လည်း နှုတ်ကပတ်တော်ရဲ့ အမှန်တရားကို ကျွန်တော် ပြောတဲ့အခါမှာ ကွာခြားမှုရှိပါတယ်။ ခင်ဗျား သိသင့်ပါတယ်။ သတင်းစကား တိုင်းကလည်း အဲလိုဘဲ ဖြစ်ခဲ့ပါတယ်။

79 ၇၉။ သခင်ယေရှုက နှစ်သက်ဖွယ် ကိုယ်တော်ဖြစ်ပါတယ်။ သူအသင်းတော်ထဲကို သွားတဲ့အခါမှာ သူ လူတွေကို အနာရောဂါငြိမ်းစေဘို့အတွက် ဖြစ်ပါတယ်။ အခြားအရာ အားလုံးကိုလည်း လုပ်ပါတယ်။ ဒါပေမဲ့တစ်နေ့သောအခါမှာ သူထိုင်နေပြီးတော့ ဘာပြောလဲဆိုတော့ ငါ့ခမည်းတော်နဲ့ငါကတလုံးတဝတည်း ဖြစ်တယ်လို့ ပြောပါတယ်။ အဲလို ပြောတဲ့အခါမှာလူသားရဲ့အသားကိုစားပြီးတော့ သူ့အသွေးကိုသောက်တာ သူ့အသက်က သင်တို့အထဲမှာ ရှိမယ်လို့ဆိုပါတယ်။ သူဘာမှ မရှင်းရပါဘူး။ သူ့နားမှာ ဘယ်သူ ရပ်တည်မလဲဆိုတာကို မြင်ချင်ပါတယ်။

ခင်ဗျားတို့ ဘယ်လိုထင်ပါသလဲ¿ လူအုပ်စုကြီးထဲမှာ ဆရာဝန်တွေလည်း ရှိတယ်။ သူတို့ကဘာပြောမလဲဆိုတော့ ဒီလူကတော့ သွေးစုပ်ဖုတ်ကောင်ဘဲ ဖြစ်မယ်။ သူ့အသားကိုစားပြီးသူ့အသွေးကို သောက်မယ်ဆိုပြီး ပြောတယ်ဆိုတော့ သူက သွေးစုပ် ဖုတ်ကောင်ဘဲ ဖြစ်မယ်။သူအဲဒီအကြောင်းနဲ့ ပတ်သက်လို့ ရှင်းမပြဘူး။ ဘယ်တော့မှ လည်း ရှင်းမပြဘူး။

ဒါပေမဲ့လည်း နှုတ်ကပတ်တော်က ရှိနေဆဲဘဲဖြစ်ပါတယ်။ အဲဒီတမန်တော် တွေအတွက် ဖြစ်နေပါတယ်။ သူတို့ ဂရုမစိုက်ပါဘူး။ သူတို့နားလည်းမလည်ပါဘူး။ ဒါပေမဲ့လို့ ဘယ်လိုဘဲဖြစ်ဖြစ် ယုံကြည်ပါတယ်။ သူတို့ သိပါတယ်။သူတို့ဟာ ဘုရား သခင်ရဲ့အလုပ်ကို တွေ့ခဲ့ပြီး ဖြစ်ပါတယ်။ သူတို့ သိခဲ့ပါတယ်။ သူတို့ဘာပြောလဲဆိုတော့ ငါ့ကို ကြေနပ်စေတဲ့ သူတွေက သူတို့ဘဲလို့ ပြောပါတယ်။

80 ၈၀။ အခု ဒီလူတွေ ရှိပါတယ်။မိန်းမတွေလည်း အဲဒီမှာ ထိုင်နေပါတယ်။ သူတို့ လက်တွေကို မြှောက်ထားကြပါတယ်။ကျွန်တော့်ကိုတော့ အစွန်းရောက်နေတယ်လို့ ခင်ဗျားတို့ ပြောဆိုကြမှာ ခေါ်ဆိုကြမှာဖြစ်ပါတယ်။ ပြောနိုင်ပါတယ်။ ခင်ဗျားတို့ ဆန္ဒရှိ ရင်ပြောပါ။ ဒါပေမဲ့လည်းအဲဒီမီးတိုင် ဣသရေလတွေကို တောထဲမှာ လမ်းပြပို့ဆောင် တဲ့မီးတိုင်ကအဲဒီမိန်းမအပေါ်မှာ ရှိနေပါတယ်။

သခင်ယေရှု မိန့်တော်မူတဲ့အတိုင်းဘဲကမ္ဘာလောကကြီးက ငါ့ကိုတွေ့တော့မှာ မဟုတ်တော့ဘူး။ ဒါပေမဲ့လည်း ငါ့ကိုမင်းတို့တွေ့ကြမယ်။ ငါဟာ ဘုရားသခင်ထံ လာပြီး တော့ ဘုရားသခင်ထံကို ပြန်သွားမှာဘဲဖြစ်တယ်လို့ ပြောပါတယ်။ သူသေပြီး သချႋုင်းဂူထဲကိုရောက်ပြီးနောက်ပိုင်းမှာ သူယုဒလူတွေကို ပြောခဲ့ခြင်း ဖြစ်ပါတယ်။

ကိုယ်တော်ရှင်က ကျောက်ဖြစ်ပါတယ်။တောထဲမှာရှိတဲ့ကျောက် ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က မီးတိုင်ဖြစ်ပါတယ်။ ငါသည်ငါဖြစ်၏ဆိုတဲ့အတိုင်းဘဲ ငါသည် ငါဖြစ်၏ဆိုတာ ဘယ်သူဖြစ်ပါသလဲ? အဲဒီမီးတိုင်က တောက်ပနေတဲ့ခြုံပုတ်ဖြစ်ပါတယ်။ အဲဒါမှန်ပါသလား ?ပရိတ်သတ်ကလည်း အာမင်လို့ဆိုပါတယ်။ သူက အသွေးအသား အားဖြင့် ဖြစ်ပြီးတော့ကျွန်ုပ်တို့အလယ်မှာ ရှိတော်မူပါတယ်။ ငါ ဘုရားသခင်ထံက လာပြီးတော့ ဘုရားသခင်ထံကိုပြန်သွားမှာ ဖြစ်ပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ပုံ သဏ္ဍာန်နဲ့ ပြန်သွားခြင်းဖြစ်ပါတယ်။

အခု ကိုယ်တော်ရှင်ဟာ ကျွန်ုပ်တို့နဲ့အတူရှိနေပါတယ်။ သိပ္ပံနည်းကျ သက်သေ ပြထားနိုင်တဲ့ပုံကိုလည်း တွေ့မြင်ရပါတယ်။ဒီသိပ္ပံနည်းကျ သက်သေပြထားတဲ့ ပုံတွေ ထက် ပိုကြီးတာ ဘာရှိအုန်းမလဲ? ကိုယ်တော်ရှင်က သူ့ကိုယ်ကို သက်သေပြပါတယ်။ ငါဟာ လူသားဖြစ်ပြီးတော့ ဒီနေ့ရက်ကာလမှာ ငါ့ကိုယ်ငါ ဖေါ်ပြမယ်လို့ ဆိုပါတယ်။အခု ကိုယ်တော်ရှင် ဒီမှာရှိပါ တယ်။ ကျွန်ုပ်က အဲဒါကို ကြည့်နေပါတယ်။

သင်က ပြောမယ်။ သင်တွေ့သလား¿ ယောဟန်လည်းတွေ့တယ်။ ဒါပေမဲ့ လည်း ကျန်တဲ့လူတွေကတော့မတွေ့ဘူးလို့ ဆိုပါတယ်။

81 ၈၁။ ကြည့်ပါ။ သက်သေပြဘို့အတွက် ကြည့်ပါ။ဒီအမျိုးသမီးဟာ ကျွန်တော့်အ တွက်ဆိုရင် သူစိမ်းတစ်ယောက်ဘဲ ဖြစ်ပါတယ်။ သူမကို တခါမှမမြင်ဘူးပါဘူး။ မတွေ့ခဲ့ ဘူးပါဘူး။ ဒါပေမဲ့လည်း သူမရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုမှာ ချို့ယွင်းချက်တွေ ရှိပါတယ်။ အဲဒီအတွက် သူမ ဆုတောင်းပါတယ်။ဟုတ်ပါသလား အမျိုးသမီး၊ ခင်ဗျားက ခွဲစိတ်ကုသမှု လုပ်ပါတယ်။ ခင်ဗျား ခင်ပွန်းကတော့ခင်ဗျားအနားမှာ ထိုင်နေပါတယ်။ ခင်ဗျားတို့ ဒီမြို့ကတော့ မဟုတ်ပါဘူး။ ခင်ဗျားတို့ကကယ်လီဖိုးနီးယားက လာတာပါ။ ခင်ဗျားနံမယ်ကတော့ ရိုးလင်းဖြစ်ပါတယ်။ ခင်ဗျားမှာအစာအိမ်ရောဂါ ရှိပါတယ်။ ခင်ဗျားမှာ အစာအိမ်ရောဂါ ရှိတယ်မဟုတ်လား? အခုအားလုံး ပျောက်သွားပါပြီ။ ခင်ဗျားရဲ့ခြေထောက်လည်း ပျောက်သွားပါပြီ။

အခု ဟိုးအနောက်မှာ ထိုင်နေတဲ့လူတစ်ယောက်ရှိပါတယ်။ သူက အသားမဲ လူတစ်ယောက် ဖြစ်ပါတယ်။ သူ့မျက်စိမှာရောဂါရှိပါတယ်။ သူ့အလုပ်ကို သူလုပ်ပါ တယ်။ သူတစ်ခုခုကို လုပ်ပါတယ်။ကားနဲ့ပတ်သက်လို့ သူကားတွေကို ရေဆေးပါတယ်။ ကားဆေးမှုတ်ပါတယ်။ အဲဒီတော့သူ့မျက်စိတွေက ပိုပိုပြီးတော့ ဆိုးလာပါတယ်။ ခင်ဗျား အခု ယုံကြည်သလား? ယုံကြည်တယ် မဟုတ်ပါလား? ခင်ဗျားအတွက် အင်မတန်ထူး ခြားတဲ့တစ်ကယ့် အဖြစ်အပျက် ဖြစ်ပျက်လာမှာ ဖြစ်ပါတယ်။ ခင်ဗျားရဲ့ နံမည်ကတော့ ဖရက်ဖြစ်ပါတယ်။ ခင်ဗျားရဲ့ မိသားစုနံမည်ကတော့ ကောန်ဖြစ်ပါတယ်။ ခင်ဗျားအခုယုံကြည်ပြီလား? ခင်ဗျားရဲ့မျက်လုံးတွေရောဂါအခက်အခဲတွေ ဘာမှ ရှိတော့မှာ မဟုတ်ပါဘူး။ ဒီလူကို ကျွန်တော့်ရဲ့အသက်တာမှာတခါမှ မတွေ့ရှိခဲ့ဘူးပါဘူး။

82 ၈၂။ ဟိုးအနောက်မှာ ထိုင်နေတဲ့သူကတော့သူက ဒီမြို့က မဟုတ်ပါဘူး။ ကယ်လီ ဖိုနီးယားကဘဲ ဖြစ်ပါတယ်။ သူ့မှာ ကျောနာနေပါတယ်။မစ္စတာ အိုးဝင်းဖြစ်ပါတယ်။ ဟုတ်တယ်မဟုတ်လား ?သခင်ယေရှုက ခင်ဗျားကို အနာရောဂါ ငြိမ်းစေပါပြီ။ ကျွန်တော့်ဘဝမှာ သူ့ကို တခါမှမတွေ့ခဲ့ဘူးပါဘူး။ သူ့အကြောင်းလည်း ဘာမှ မသိပါ ဘူး။ ကျွန်တော်ကတော့အလင်းတန်းသွားတဲ့နေရာကို အနောက်ကနေ လိုက်နေခြင်း သက်သက်ဘဲ ဖြစ်ပါတယ်။

ခင်ဗျားတို့ ယုံကြည်နိုင်မယ်ဆိုရင် ယုံကြည်တဲ့သူတွေအတွက်တော့မဖြစ်နိုင် တာ ဘာတစ်ခုမှ မရှိပါဘူး။

လူကလေးတစ်ယောက် ထိုင်နေတာကိုတွေ့ရပါတယ်။ သူဟာ ဟာနီယယ်ရော ဂါရှိပါတယ်။ သူဟာ မီးခိုးရောင် ဝတ်စုံကိုဝတ်ပြီးတော့မျက်မှန်လည်း တပ်ထားပါတယ်။ ဖရက်ခ် ဘုရားသခင် သင့်ကို အနာရောဂါ ငြိမ်းစေမယ်ဆိုတာသင်ယုံကြည်ပါသလား? သင်လက်ခံသလား? ကျွန်တော့်ဘဝမှာ သူ့ကို တစ်ခါမှမတွေ့မြင်ခဲ့ဘူးပါဘူး။

မစ္စစ်ဟိုးလ်ဒင်ကလည်း သူ့နောက်မှာထိုင်နေပါတယ်။ သူလည်း မျက်စိရောဂါ ဖြစ်နေပါတယ်။ ဒီအမျိုးသမီးကိုလည်း ကျွန်တော်မသိပါဘူး။ ကျွန်တော် တခါမှ မမြင် ဘူးပါဘူး။ ဒါပေမဲ့လည်း မှန်ပါတယ်။ ခင်ဗျားတို့ ယုံကြည်နိုင်မယ်ဆိုရင်ဖြစ်နိုင်ပါတယ်။

ညီမ ဘာကြောင့် ငိုနေပါသလဲ? ခင်ဗျားက တစ်ကယ်ကို စိတ်ကျရောဂါ ဖြစ်နေပါတယ်။ နှလုံးရောဂါလည်း ရှိတယ်။ လေပွန်ရောဂါလည်း ရှိပါတယ်။ ဘုရားသခင် သင့်ကိုအနာရောဂါငြိမ်းစေမယ်။ ပြန်ကောင်းစေမယ်ဆိုတာ သင်ယုံကြည်ပါသလား? ဟိုးထိုင်ခုံအဆုံးမှာ ထိုင်နေပါတယ်။ခင်ဗျားယုံကြည်မယ်ဆိုရင် စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်မယ်ဆိုရင် သခင်ယေရှုကခင်ဗျားကို အနာရောဂါ ငြိမ်းစေမှာ ဖြစ်ပါတယ်။ အဲဒီ စိတ်လှုပ်ရှားမှုတွေအားလုံးထွက်သွားမှာ ဖြစ်ပါတယ်။ ခင်ဗျားဟာ ခင်ဗျားရဲ့မှန်ကန် တဲ့အခြေအနေ ပုံမှန်ကိုခင်ဗျားပြန်လည်ရရှိမှာ ဖြစ်ပါတယ်။ တချို့က ခင်ဗျားကို လိမ်ညာလှည့်ဖျားနေပါတယ်။ခင်ဗျား အဲဒါကို လက်ခံသလား¿ ခင်ဗျားရဲ့လက်ကို မြှောက်ပါ။ကျမလက်ခံမယ်လို့ ပြောပါ။ ဒါဆိုအနာရောဂါတွေအားလုံး ပြီးဆုံးသွားမှာ ဖြစ်ပါတယ်။

83 ၈၃။ ဘာဖြစ်ပါသလဲ? ဒီအသင်းတော်က မီးဖွားခါနီး အရမ်းကိုဗိုက်နာနေပါတယ်။ ကိုယ်တော်ရှင်ရှေ့တော်မှောက်မှာ သင့်ကိုယ်သင် ဆုံးဖြတ်ချက်တခုရွေးချယ်မှုတစ်ခု လုပ်မှာလား? ခင်ဗျားတို့ကို ကျွန်တော် နှုတ်ကပတ်တော်ကို ပြပါတယ်။ကိုယ်တော်ရှင် ဘာလုပ်မလဲဆိုတာကိုလည်း ပြပါတယ်။

ဒီအဆောက်အဦကို လိုက်ပြီးတော့ သေသေချာချာသွားလာရင် တွေ့ရှိတယ်။ ပြောဆိုတယ်။ ဘာဘဲဖြစ်ဖြစ် သူတို့ကို တွေ့တယ်ဆိုရင်သူတို့အကြောင်း ဘာကိုဘဲဖြစ် ဖြစ် သိတယ်ဆိုရင် ခင်ဗျား သာမန်လူတစ်ယောက်အနေနဲ့အဲလိုလုပ်နိုင်မလား? လုံးဝမဖြစ်နိုင်တဲ့အရာဘဲဖြစ်ပါတယ်။

ဒါပေမဲ့လည်း အဲဒါဘာလဲ? လူသားဘဲ ဖြစ်ပါတယ်။ လူရဲ့သား ဖြစ်ပါတယ်။ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်က သံလျှက်အသွားနှစ်ဖက် ထက်မြက်တဲ့သံလျှက်ဖြစ်ပြီး တော့စိတ်ဝိညာဉ်တွေကို ပိုင်းခြားနားလည်ပြီးတော့ စိတ်နှလုံး လို့ဝှက်ချက်တွေကိုသိရှိနားလည်ပါတယ်။ ကျွန်တော် ဒီကမ္ဘာလောကကြီးထဲမှာ လူသားဖြစ်ပြီးတော့ လူဇာတိခံလာတဲ့အခါမှာ ဒီဘုရားသားတော်အထဲမှာ ဒီဘုရားသားတော်ကဘဲ ကျွန်တော့်ကို ဖော်ပြပါတယ်။ဒီစံနစ်ထဲကနေ သူက သတို့သမီးကို လာပြီးခေါ်မယ်ဆိုပါတယ်။ အဲဒီစံ နစ်ထဲကနေ ထွက်လာပါ။သီးသန့်နေပါလို့ ဘုရားသခင် ပြောပါတယ်။ သူတို့ရဲ့ မသန့်ရှင်း တဲ့အရာတွေကိုမတို့ထိပါနဲ့။ အဲဒါဆိုရင် ဘုရားသခင်က သင့်ကို လက်ခံမှာပါလို့ဆိုပါ တယ်။

ဘုရားသခင်ကို သင့်ရဲ့အသက်တာတစ်ခုလုံးအပ်နှံဘို့အတါက် အဆင်သင့်ဖြစ် ပြီလား?အဆင်သင့်ဖြစ်ပြီဆိုရင် ခင်ဗျားတို့ မတ်တပ်ရပ်ပါ။ ဘုရားသခင် ကျေးဇူးတော်အားဖြင့် အခုချက်ချင်း ကျွန်တော် လက်ခံပြီးတော့ ကျွန်တော့်လက်ထဲမှာ ရှိတဲ့အရာတွေအားလုံး ကိုယ်တော်ရှင်ကို ပေးအပ်ပါတယ်ဆိုပြီး ပြောပါ။

84 ၈၄။ ဟာလေလုယာ၊ ဘုရားသခင်ကိုချီးမြှောက်ကြပါတယ်။ ဘုရားသခင်ကို ယုံ ကြည်ပါသလား? ပရိတ်သတ်ကလည်း အာမင်လို့ ပြောပါတယ်။ အယ်ဒီတာမှတ်ချက်။ အခုခင်ဗျားတို့ လက်တွေကို မြှောက်ပြီးတော့ ကျွန်တော်နဲ့အတူ ဆုတောင်းပါ။

ခင်ဗျားတို့ မှားယွင်းထားတာတွေကိုဝန်ချတောင်းပန်ပါ။ မွေးဖွားခါနီး အလွန် နာကျဉ်ပါတယ်။ သေဘို့လည်း ခက်ခဲပါတယ်။ ဒါပေမဲ့လည်း အခုအချိန်မှာဘဲ သေလိုက် ပါ။ မယုံကြည်ခြင်းကနေ ထွက်ပြီးတော့အဲဒီမယုံကြည်တဲ့အရာတွေကို အသေထားလိုက် ပါ။ အဲဒီထဲကနေ ထွက်လာပါ။ ဒါဟာဘုရားသခင်နှုတ်ကပတ်တော် ကိုယ်တော်တိုင် ဖော်ပြထားတာ ဖြစ်ပါတယ်။ သခင်ယေရှုဒီလောကကြီးပေါ်သို့ ရောက်လာကကဲ့သို့ဘဲ ဖြစ်ပါတယ်။ သခင်ယေရှု သင်တို့အလယ်မှာ ယခုရောက်ရှိနေပါတယ်။ သက်သေရှိ ပါတယ်။

အာဗြဟံက သားကို ချက်ချင်းရရှိပါတယ်။ဂတိတော်နဲ့ ယှဉ်တဲ့သားကို ရရှိတယ်။

သခင်ယေရှု တစ်ဖန်ပြန်လာမှာ ဖြစ်ပါတယ်။အဲဒါ သူ့ဝိညာဉ် ဖြစ်ပါတယ်။ သူဟာ ကမ္ဘာလောကကြီးနဲ့ အရမ်းနီးကပ်ပါတယ်။ အရမ်းနီးကပ်လာပြီးတော့ လာနေပါ တယ်။ သူက သင့်ကို လက်ခံဘို့ အဆင်သင့်ဖြစ်ပါတယ်။သင်ကလည်း ကိုယ်တော်ရှင်ကို လက်ခံဘို့ အဆင်သင့်ဖြစ်မယ်ဆိုရင် သူက လက်ခံမှာဖြစ်ပါတယ်။ အခုအခါမှာ လက် တွေကိုမြှောက်ပြီးတော့ ကျွန်တော်နဲ့အတူ ဆုတောင်းကြပါ။

85 ၈၅။ ကိုယ်တော်ရှင် ဘုရားသခင်၊ယဇ်ပုရောဟိတ်တွေအားလုံး တရားဟောပလ္လင် ကို ကိုင်ထားကြပါ။ လူတွေအားလုံးအော်ဟစ်ပြီးတော့ ဘုရားသခင်ရဲ့မီးတိုင်၊ ဘုရား သခင်ရဲ့ မိုးတိမ်တိုင်၊ဒီလူတွေကြားထဲကို ရွှေ့လျားပြီးတော့ သူတို့နဲ့အတူ ငိုကြွေးပြီးတော့ကိုယ်တော်ရှင်ကို ရှိတော်မူတယ်၊ အခုကိုယ်တော်ရှင် ရှိတော်မူတယ်ဆိုတာ သိစေဘို့အသက်ရှင်တော် မူတဲ့ဘုရားသခင် ကြီးမြတ်တဲ့ဘုရားသခင် သူတို့နဲ့အတူ ရှိနေတယ်ဆို တာမစတော်မူပါ။ သိအောင်မစတော်မူပါကိုယ်တော်၊ သူတို့ကို လက်ခံပါ။ ကျွန်တော်သူတို့တစ်ယောက်စီအတွက် ဆုတောင်းပေးပါတယ်။ သခင်ယေရှုနာမ၌ ဆုတောင်းပါ တယ်။

လူတစ်ယောက်စီကိုသန့်ရှင်းသောဝိညာဉ်တော်နဲ့ ပြည့်ဝစေပြီး သန့်ရှင်းသော ဝိညာဉ်တော် ရှိတဲ့လူတွေကိုကိုယ်တော်ရှင် ဘုရား ဒီနိုးကြားရေးစည်းဝေး ဒီစည်းဝေးပြီး သွားတာနဲ့အင်မတန်ကြီးမြတ်တဲ့တန်ခိုး၊ ဝိညာဉ်တော် တန်ခိုးကို သွန်းလောင်း တော်မူ ပါ။ အနာရောဂါဖြစ်နေတဲ့သူတွေကို အနာရောဂါ ငြိမ်းစေတော်မူပါ။ မျက်စိမမြင်တဲ့သူတွေကိုလည်း မျက်စိမြင်စေပါ။ ခြေလက်မသန်တဲ့သူတွေကိုလည်း လမ်းလျှောက်စေ ပါ။အသက်ရှင်တော်မူတဲ့ ဘုရားသခင်က ဖော်ပြတဲ့အခါမှာ လူတွေရဲ့ရှေ့ကို မြင်လာနိုင်

ဘို့မစတော်မူပါ။ ဒီနေ့လည်ခင်းမှာ ဖြစ်ပျက်ခဲ့သလိုဘဲ လူတွေ ဒါကို လက်ခံနိုင်ဘို့မစတော်မူပါ။ သခင်ယေရှုနာမဖြင့် ဆုတောင်းပါတယ်။

ခင်ဗျားတို့လက်တွေကိုမြှောက်ထားပြီးတော့ ကိုယ်တော်ရှင်ကို ချီးမွမ်းပါ။ ခင်ဗျားတို့ တောင်းတဲ့အရာတွေကိုရရှိပြီးတော့ လက်ခံကြပါ။

www.messagehub.info

ဒေသနာ ဝေငှသူ

**ဝီလီယမ်မာရီယမ် ဗရမ်ဟမ်**

'... နေ့ရက်များ၏ ကြွေးကြော်သံ ... ' (ဗျာဒိတ် ၁၀:၇)